# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ နယုန်လပြည့်ကျော် (၆) ရက် ၊ ကြာသပတေးနေ့ ၊ (27-6-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၅၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကျင်းပ

# မန္တလေး၊ ရန်ကုန်၊ တောင်ကြီးမြို့တို့တွင် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းနှင့် ဓာတုပစ္စည်းများဖျက်ဆီး



နေပြည်တော် ဇွန် ၂၆

၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို နေပြည်တော်ကောင်စီနယ်မြေ၊တိုင်းဒေသကြီး၊ပြည်နယ်များတွင် ကျင်းပပြီး တောင်ကြီးမြို့၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုမှ မြို့နယ် ၂၄ မြို့နယ်တို့၌ တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများ ဖျက်ဆီးခြင်း အစီအစဉ်များကို ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာညွှန်ကြားချက်များနှင့်အညီ တစ်ပြိုင်တည်း ကျင်းပ၍ အထိမ်းအမှတ်နေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့ကြသည်။

(၃၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၌ **စာမျက်နှာ ၁၆ ကော်လံ ၁** ☞

ကချင်ပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများက တရုတ်နိုင်ငံသို့ ယခုဘဏ္ဍာနှစ် ဧပြီနှင့် မေလအတွင်း တစ်သျှူးငှက်ပျော တန်ချိန် ၁၅၀၀၀၀ ကျော်တင်ပို့ထား *စာမျက်နှာ - ၃*

မန္တလေးမြို့ရှိ နန်းရှေ့ဈေး၊ ညောင်ပင်ဈေး စသည့် ဈေးများတွင် ဆိုးဆေးပါဝင်သည့် စားသောက်ကုန်များ ဖြန့်ဖြူးရောင်းချမှုမရှိစေရေး စစ်ဆေးမည် *စာမျက်နှာ - ၂*




ရတနာပုံ
၂၀၂၄ ခုနှစ် ဇွန် ၂၇ ရက်

အယ်ဒီတာ့အာဘော်

# မြန်မာ့ဂီတနှင့် နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်ကိုမြှင့်တင်

ဇွန် ၂၇ ရက်သည် မြန်မာ့ဂီတနေ့ဖြစ်သည်။ ၂၀၁၃ ခုနှစ်က စတင်သတ်မှတ်ခဲ့သော မြန်မာ့ဂီတနေ့သည် ယခုနှစ်တွင် ၁၁ နှစ်သာရှိသေးသော်လည်း နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် ဂီတစွမ်းပကားများမှာ သမိုင်းကြောင်းရှည်ကြာခဲ့ပြီဖြစ်သည်။

မြန်မာ့ဂီတနေ့ကို သတ်မှတ်ရွေးချယ်ရာ၌ ၁၉၃၆ ခုနှစ် ဇွန် ၂၇ ရက်က မြန်မာနိုင်ငံ မြင်းခြံမြို့တွင် ကျင်းပပြုလုပ်ခဲ့သော ဒုတိယမြောက် တို့ဗမာအစည်းအရုံးညီလာခံတွင် ဒို့ဗမာသီချင်းကို အမျိုးသားသီချင်းအဖြစ်သတ်မှတ်သောနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၃ ခုနှစ် ဇွန် ၄ ရက် ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးတွင် ဇွန် ၂၇ ရက်ကို မြန်မာ့ဂီတနေ့အဖြစ် အတည်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)နှင့် နိုင်ငံတစ်ဝန်းရှိ မြို့နယ်ဂီတအစည်းအရုံးများ၏ ဦးဆောင်မှုဖြင့် မြန်မာ့ဂီတနေ့ရောက်တိုင်း ဂီတပညာရှင်များ၊ ဂီတကို ဝါသနာပါသူများက ဂီတဖျော်ဖြေပွဲများ၊ ဂီတနှင့်ပတ်သက်သည့်ဟောပြောပွဲအခမ်းအနားများ ကျင်းပကြသည်။

ဂီတဆိုသည်မှာ လူတို့၏ခံစားချက်အရပ်ရပ်တို့ကို လူတို့၏အသံ၊ လူတို့ပြုလုပ်ဖန်တီးသောပစ္စည်းကိရိယာများမှ ထွက်ပေါ်လာသောအသံတို့ဖြင့် အနိမ့်အမြင့်၊ အတက်အကျ၊ အတိုးအကျယ်၊ အဆွဲအငင်စသော အနုပညာနည်းစနစ်များအရ သီကုံးစပ်ဆိုထားသည့် နရီစည်းဝါးညီညွတ်မှန်ကန်စွာ ရွေ့လျားနေသောအသံအဖွဲ့အစည်းကို ခေါ်ခြင်းဖြစ်သည်။

ထို့ပြင် ဂီတဆိုသည်မှာ အသံရှည်ဖြင့် ရွတ်ဆိုခြင်း၊ သီဆိုခြင်း၊ သီဆိုတီးမှုတ်ခြင်း၊ သီချင်းစသည်တို့ပင်ဖြစ်သည်။ ဂီတသည် လူတို့၏ သာမှု၊ နာမှုနှင့် ကိုးကွယ်မှု၊ ပသမှုစသည်တို့တွင် မပါမပြီးပါဝင်လေ့ရှိသည့်အရာတစ်ခုဖြစ်သည်။ ဂီတသည် လူသားတို့ကို နှစ်သက်ဖွယ်သောခံစားမှုရသကို ပေးစွမ်းနိုင်ပြီး လူတို့၏စိတ်အာရုံကို လှုံ့ဆော်နှိုးဆွရာတွင်လည်း အင်အားကြီးမားစွာအထောက်အကူပြုနိုင်သည်။ ကမ္ဘာပေါ်ရှိ လူသားတိုင်းသည် မိမိတို့မှီတင်းနေထိုင်ရာဒေသအသီးသီး၏ ရေ၊ မြေ၊ တော၊ တောင်၊ သဘာဝများအပေါ် အခြေတည်၍ မိမိနှစ်သက်ရာဂီတများကို ဖန်တီးခဲ့ကြပြီး ပတ်ဝန်းကျင်ကို သာယာလှပစေရန်၊ ငြိမ်းချမ်းစေရန် ဆောင်ကြဉ်းခဲ့ကြသည်။ ထို့ကြောင့် ဂီတသည် လူသားအားလုံးကို အကျိုးပြုနေသော သိမ်မွေ့နက်နဲသည့်အနုပညာဖန်တီးမှုဖြစ်သည်ဟု ဆိုနိုင်ပေသည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေဖြင့် ကိုယ်ပိုင်အမျိုးသားရိုးရာယဉ်ကျေးမှုဓလေ့စရိုက်၊ ထုံးတမ်းစဉ်လာများသည် ဘိုးဘေးတို့ပေးခဲ့သော လက်ဆောင်များပင်ဖြစ်သည်။ ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းသည် ဂုဏ်ယူဝင့်ကြွားဖွယ်ရာဖြစ်သော အမျိုးသားရေးဂုဏ်ဒြပ်တစ်ခုကို ပိုင်ဆိုင်ဆဲဖြစ်ကြောင်း ပြသနိုင်ခြင်းပင်ဖြစ်သည်။ ခေတ်သမိုင်းအဆက်ဆက်က ဘိုးဘေးများ၏ စွန့်လွှတ်စွန့်စားအားထုတ်မှုကြောင့် ယနေ့မြန်မာနိုင်ငံတော်အဖြစ် ထည်ထည်ဝါဝါရပ်တည်နေနိုင်ခြင်းဖြစ်သကဲ့သို့ ယခင်ကတည်းကရှိခဲ့သော မြန်မာ့ဂီတကို မပျောက်ပျက်အောင် ထိန်းသိမ်းရမည်မှာ နိုင်ငံသားအားလုံး၏တာဝန်ပင်ဖြစ်သည်။

သို့ဖြစ်ရာ တိုးတက်နေသောယနေ့ခေတ်တွင် မြန်မာ့ဂီတကို ခေတ်နှင့်အညီရင်ပေါင်တန်းနိုင်ရေး ကြိုးစားရာ၌ အရိုးကို အရွက်မဖုံးစေဘဲ မြန်မာ့ရိုးရာယဉ်ကျေးမှုအမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ထို့ပြင် မြန်မာတို့၏ ဂီတ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို အစဉ်ဆန်းသစ်ခေတ်မီနေအောင် ဂီတအနုပညာသမားများနှင့်အတူ နိုင်ငံသူ၊ နိုင်ငံသားအားလုံး ဝိုင်းဝန်းပါဝင်ကာ နိုင်ငံ၏ဂုဏ်၊ လူမျိုး၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၃/၂၀၂၄)အစည်းအဝေးသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်



**မန္တလေး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ(၃/၂၀၂၄)အစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ဇွန် ၂၅ ရက် မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးတွင် အတည်ပြုမိန့်လျှောက်ထားလာသော လုပ်ငန်းနှစ်ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်တင်ပြလာသောလုပ်ငန်း တစ်ခု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားပြောင်းတင်ပြလာသော လုပ်ငန်းတစ်ခု တင်ပြလာသည်ကိုတွေ့ရှိရကြောင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှုအတည်ပြုမိန့်များ မြန်ဆန်သွက်လက်စွာ စိစစ်ခွင့်ပြုချထားပေးလျက်ရှိပြီး လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလျှောက်ထားလာသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ကြုံတွေ့နေရသည့်အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦးက တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မျိုးကျော်**

# ပြည်ပကဝယ်ယူမှုများပြား၍ မန္တလေးဈေးကွက်တွင် ပဲနီပြား အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇွန် ၂၆**

ပြည်ပက ဝယ်ယူမှုများပြား၍ မန္တလေးဈေးကွက်တွင် ပဲနီပြား အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲနီပြားကို ပြည်ပနိုင်ငံများက ဝယ်ယူမှုများရှိသည့်အပြင် ပြည်တွင်း၌ပါ ကုန်သည်များဝယ်ယူမှုများပြားနေခြင်းကြောင့် ဇွန်လတတိယပတ်မှစ၍ ပဲနီပြားများ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးဈေးကွက်ထဲမှာ ပဲနီပြားကအရောင်းအဝယ်ကောင်းတဲ့ အမျိုးအစားထဲမှာပါတယ်။ လက်ရှိမှာတော့ ပြည်ပကကော၊ ပြည်တွင်းကပါ ပဲနီပြားတွေ ဝယ်ယူမှုအားကောင်းနေတာကြောင့် အရောင်းအဝယ်ပြန်ပြီးကောင်းမွန်လာပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ပဲနီပြား ဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"မန္တလေး ဈေးကွက်ထဲမှာ ပဲနီပြားတွေ ပြန်ပြီးအဝယ်လိုက်လာတယ်။ ပဲအမျိုးအစားထဲမှာတော့ အရောင်းအဝယ် အကောင်းဆုံးအမျိုးအစားတော့ မဟုတ်ပေမဲ့ အဝယ်ပြန်လိုက်လာတာကြောင့် အရောင်းအဝယ်ပြန်ပြီး သွက်လာတာဖြစ်ပါတယ်"ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးမြို့ရှိ နန်းရှေ့ဈေး၊ ညောင်ပင်ဈေး စသည့်ဈေးများတွင် ဆိုးဆေးပါဝင်သည့်စားသောက်ကုန်များဖြန့်ဖြူးရောင်းချမှုမရှိစေရေး စစ်ဆေးမည်

**မန္တလေး ဇွန် ၂၆**

မန္တလေးမြို့ရှိ နန်းရှေ့ဈေး၊ ညောင်ပင်ဈေး စသည့်ဈေးများတွင် ဆိုးဆေးပါဝင်သည့်စားသောက်ကုန်များ ဖြန့်ဖြူးရောင်းချမှုမရှိစေရေး လာမည့်ဇူလိုင်လအတွင်း စစ်ဆေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်က ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် ယခုလက်ရှိ အစားအသောက်နှင့်ဆေးဝါးများကို ဖြန့်ဖြူးရောင်းချပေးနေသည့် ဈေးပေါင်း ၄၀ ကျော်ရှိကြောင်း၊ အဆိုပါဈေးများထဲတွင် နန်းရှေ့ဈေး၊ ညောင်ပင်ဈေး၊ ယာယီမင်္ဂလာဈေး၊ တံခွန်တိုင်ဈေး စသည့်ဈေးများပါဝင်ပြီး ဆိုးဆေးပါဝင်သည့်အစားအသောက်များရောင်းချမှုမရှိစေရေးအတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးမြို့ဈေးတွေဖြစ်တဲ့ နန်းရှေ့ဈေး၊ ညောင်ပင်ဈေး၊ ယာယီမင်္ဂလာဈေး၊ တံခွန်တိုင်ဈေး စတဲ့ဈေးတွေမှာ မှုစ်၊ ငါးပိ၊ ငါးခြောက်၊ ငရုတ်သီးမှုန့် စတဲ့ စားသောက်ကုန်တွေမှာ ခွင့်ပြုချက်မရှိတဲ့ ဆိုးဆေးတွေအသုံးပြုတာကို လာမဲ့ ဇူလိုင်လထဲမှာ ပူးပေါင်းအဖွဲ့တွေနဲ့ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမှာပါ။ တကယ်လို့ ဒီလိုဆိုးဆေးပါဝင်တဲ့ စားသောက်ကုန်တွေ တွေ့ရှိခဲ့ရင်လဲ သိမ်းဆည်းပြီး ဖျက်ဆီးတာတွေ လုပ်ဆောင်သွားမှာပါ"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်က ပြောပြသည်။

အလားတူ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် နန်းရှေ့ဈေး၊ ညောင်ပင်ဈေး၊ ယာယီမင်္ဂလာဈေး၊ တံခွန်တိုင်ဈေး စသည့်ဈေးများတွင် ဆိုးဆေးပါဝင်သည့် စားသောက်ကုန်များဖြန့်ဖြူးရောင်းချမှု မရှိစေရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာနအပါအဝင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန စသည့် ပူးပေါင်းအဖွဲ့များဖြင့် လာမည့်ဇူလိုင်လအတွင်း စစ်ဆေးကြပ်မတ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးမြို့မှာရှိတဲ့ နန်းရှေ့ဈေး၊ ညောင်ပင်ဈေး၊ ယာယီမင်္ဂလာဈေးနဲ့ တံခွန်တိုင်ဈေး စတဲ့မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးတွေမှာ ဆိုးဆေးပါဝင်တဲ့ အစားအသောက်တွေအပြင် စားသုံးရန်မသင့်တဲ့ စားသောက်ကုန်တွေကို စစ်ဆေးကြပ်မတ်မှုတွေ လုပ်ဆောင်သွားမှာပါ"ဟု ဦးသက်နိုင်က ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပျော်ဘွယ်မြို့နယ် မင်းလှသာစည်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပျော်ဘွယ် ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်မည့် အုန်းပင်ကျေးရွာအုပ်စု မင်းလှသာစည်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မင်းလှသာစည်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာမှ ရွေးချယ်ထားသော လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ လမ်း ၄၀၊ ၈၃ လမ်း-၈၄ လမ်းကြားနေ ဦးမောင်မောင် မိသားစုက ဒေါ်တင်ရီအား ရည်စူး၍ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၇၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၁၇၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် အစေ့ထုတ်ပြောင်း ၃၅၇၉ ဧကနှင့် ဖူးစားပြောင်း ၃၆၅၃ ဧက စုစုပေါင်း ၇၂၃၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ အစေ့ထုတ်ပြောင်း ၉၅၂ ဧကနှင့် ဖူးစားပြောင်း ၇၅၃ ဧကစုစုပေါင်း ၁၇၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာမှာ ကျောက်မြောင်းမြို့နယ်ခွဲအတွင်း အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၇၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့နဲ့ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးနေပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၅၀၀၀၀၀ ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူး ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၅၀၀၀၀၀ ကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။ (၂၀၆)

# လှိုင်းဘွဲ့မြို့နယ် အလယ်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ ဇွန် ၂၆**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အလယ်ရွာကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၈၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၈၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# ကချင်ပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများက တရုတ်နိုင်ငံသို့ ယခုဘဏ္ဍာနှစ် ဧပြီနှင့်မေလအတွင်း တစ်သျှူးငှက်ပျော တန်ချိန် ၁၅၀၀၀၀ ကျော်တင်ပို့ထား

**မြစ်ကြီးနား ဇွန် ၂၆**

ကချင်ပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများက တရုတ်နိုင်ငံသို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီနှင့် မေလအတွင်း တစ်သျှူးငှက်ပျော တန်ချိန် ၁၅၀၀၀၀ ကျော်တင်ပို့ထားကြောင်း ကချင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်လွင်ဦးက ပြောပြ၍ သိရသည်။

ကချင်ပြည်နယ်အတွင်း စိုက်ပျိုးထုတ်လုပ်သည့်တစ်သျှူးငှက်ပျောများကို ကချင်ပြည်နယ်ရှိ လွယ်ဂျယ်နှင့် ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိပြီး ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျော တန်ချိန် ၄၉၀၀၀၀ ကျော်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

"ကချင်ပြည်နယ် ကံပိုင်တည်နဲ့ လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းတွေကနေ တရုတ်နိုင်ငံကို တစ်သျှူးငှက်ပျောတင်ပို့နိုင်မှုကတော့ အခုဘဏ္ဍာနှစ် ဧပြီလမှာဆိုရင် ပို့ကုန်ယာဉ် ၄၇၆၆ စီးနဲ့ တန်ချိန် ၁၂၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ မေလမှာတော့ ပို့ကုန်ယာဉ် ၁၂၂၆ စီးနဲ့ တန်ချိန် ၃၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ အခုအချိန်ကတော့ တစ်သျှူးငှက်ပျောပင်တွေကို အပင်ပြုစုနေရချိန်ဖြစ်တဲ့အတွက် တင်ပို့မှုနည်းပါတယ်။ လှိုင်လှိုင်ပေါ်ချိန်ကတော့ နိုဝင်ဘာလကနေ မတ်လထိဖြစ်ပါတယ်။ အဲဒီကာလမှာ အဓိကတင်ပို့တာဖြစ်ပါတယ်။ ကချင်ပြည်နယ်အတွင်းမှာ တစ်သျှူးငှက်ပျောစိုက်ပျိုးမှုကတော့ မြစ်ကြီးနား၊ ဝိုင်းမော်နဲ့ ဗန်းမော်တစ်ဝိုက်ဖြစ်ပါတယ်"ဟု ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်လွင်ဦးက ပြောပြသည်။

ကချင်ပြည်နယ်အတွင်း တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတင်ပို့ရန် မှတ်ပုံတင်ထားပြီးဖြစ်သည့် ကုမ္ပဏီ ၃၂ ခု၏ စိုက်ဧက ၅၀၀၀၀ ကျော်မှထွက်ရှိသော တစ်သျှူးငှက်ပျောများကို အဓိကတင်ပို့နေခြင်းဖြစ်ပြီး တစ်သျှူးငှက်ပျောမှာ ပြည်တွင်းစားသုံးမှုမရှိဘဲ ပြည်ပသို့တင်ပို့ရန် သီးသန့်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ASH



# စာဆိုဦးနိုး၏ ဘဝကြေးမုံ၊ စာကြေးမုံ (၃)

ဗိုလ်ရှိတ်(ရတနာပူရ)

**မြန်မာစာညွန့်ပေါင်းကျမ်းတွင် မှားယွင်းမှု**

မြန်မာစာညွန့်ပေါင်းကျမ်းမှာ စုစုပေါင်း ခုနစ်တွဲရှိသည်။ ထိုကျမ်းကြီး ခုနစ်ကျမ်းတွင် အတွဲတစ်မှ လေးထိသည် ကိုလိုနီခေတ်တွင် မြန်မာပညာရှိကြီး ဦးကျော်ထွန်းက စုစည်းပြုစုခဲ့ခြင်းဖြစ်သည်။ အတွဲငါးမှခုနစ်ထိ သုံးတွဲကို မျက်မှောက်ခေတ်ကာလတွင် စုစည်းပြုစုခဲ့ခြင်းဖြစ်သည်။ မြန်မာစာညွန့်ပေါင်းကျမ်း ဒုတိယတွဲတွင် ဦးနိုး၏ရှင်မာလဲပျို့ကို ကောက်နုတ်ဖော်ပြထားသည်။ ပျို့ပိုဒ်ရေ လေးနှင့်ငါးကိုကောက်နုတ်ဖော်ပြထားသည်။ ကောက်နုတ်ဖော်ပြရာတွင် စာခေါင်းကို "အမရပူရပထမမြို့တည်နန်းတည် မင်းတရားလက်ထက် သက္ကရာဇ် ၁၁၆၆ ခုနှစ်ပြီး ကုလားလူမျိုး မောင်နိုးရေးသည့် ရှင်မာလဲပျို့မှကောက်နုတ်ချက်" ဟူ၍ဖော်ပြထားသည်။ ရှင်မာလဲပျို့စာဆိုဦးနိုးကို ကုလားလူမျိုးဟုဖော်ပြထားသည်မှာ ချွတ်ချော်မှားယွင်းနေသည်။ အမှန်က ဦးနိုးသည် ဗုဒ္ဓဘာသာဝင်တစ်ဦးသာဖြစ်သည်။ ရဟန်းဒကာ၊ ဘုရားဒကာ၊ မဟာဗောဓိဒကာတစ်ဦးဖြစ်သည်။ ကုလားလူမျိုး လုံးဝမဟုတ်ပါ။ မြန်မာစာညွန့်ပေါင်းကျမ်းပြုစုသူသည် ကုလားလူမျိုးဟု မည်သည့်အထောက်အထားဖြင့်ဆိုသည်ကို မသိရပါ။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ မြန်မာစာပေပညာရှင်များလည်း ငြင်းဆိုဖော်ပြခဲ့ဖူးသည်။

ဆရာလှသမိန် တည်းဖြတ်ထုတ်ဝေသော ဝေဿန္တရာပျို့နိဒါန်း၌ "မြန်မာစာညွန့်ပေါင်းကျမ်းပါ ကုလားလူမျိုး ဦးနိုးဟူသောစကားမှာ ဆင်ကြန်လက်ာရေး ဆရာဝန်ကြီး ဦးနဲ(ကုလားလူမျိုးဟုမှတ်သားရသည်)နှင့် မှားယွင်းမှတ်သားမိလေသလောဟု တွေးတောစရာရှိပေသည်"ဟု ရေးသားထားသည်။ ဆရာလှသမိန်အဆိုအရ ဦးနိုးနှင့်ဦးနဲကို လွဲမှားခဲ့ခြင်း၊ ရောထွေးခဲ့ခြင်းဖြစ်သည်ဟု ဆိုလိုချင်ဟန်ရှိသည်။

ဆရာကြီးဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)ရေးသားခဲ့သော "ပျို့စာဆိုဦးနိုး"ဟူသော ဆောင်းပါးတွင် ထိုအကြောင်းကို "မြန်မာစာညွန့်ပေါင်းကျမ်း၌ပြဆိုသော ကုလားလူမျိုးမောင်နိုးဟူ၍ ရေးသားချက် အထောက်အထားများကိုကား မတွေ့ရချေ။ ကုလားလူမျိုးမောင်နိုးကား တစ်ဦးဖြစ်ပေလိမ့်မည်"ဟူ၍ သုံးသပ်တင်ပြထားသည်။ ဆရာကြီးများ၏အလိုအရ ရှင်မာလဲပျို့ကိုရေးသူမှာ ကုလားလူမျိုးမဟုတ်ကြောင်း သိသာသည်။ ဦးနိုးကိုယ်တိုင်ရေးခဲ့သည့်ပျို့များတွင် ရဟန်းဒကာ၊ ဘုရားဒကာဖြစ်ကြောင်း ရေးသားထားသည်။ ထို့ပြင် အမရပူရမြို့၌နေထိုင်စဉ် ဝါတွင်း၊ ဝါပကာလများတွင် ဥပုသ်သီတင်းစောင့်တည်နေထိုင်ကြောင်း ပျို့များ၌ရေးဖွဲ့ထားသည်။ ထို့ကြောင့် မြန်မာစာညွန့်ပေါင်းကျမ်း၌ ဖော်ပြထားသလို ဦးနိုးသည် ကုလားလူမျိုးလုံးဝမဟုတ်ဘဲ အင်းဝဇာတိ၊ မြန်မာလူမျိုးဗုဒ္ဓဘာသာဝင်တစ်ဦးသာဖြစ်ကြောင်း ယတိပြတ်မှတ်သားနိုင်သည်။

**မုံရွေးရွာ၌ ပျို့ခြောက်စောင်ရေးဖွဲ့**

ဦးနိုးသည် မုံရွေးရွာ၌ ဘုရားဒကာ၊ ရဟန်းဒကာအဖြစ်နေထိုင်စဉ် ပျို့ခြောက်စောင်တိတိရေးဖွဲ့ခဲ့သည်။ တချို့မှတ်တမ်းများတွင် ဦးနိုးသည် မုံရွေးရွာ၌နေထိုင်စဉ် ပျို့ငါးစောင်ရေးဖွဲ့ခဲ့သည်ဟု မှတ်တမ်းတင်ထားသည်ကိုတွေ့ရသည်။ ထိုကဲ့သို့ ငါးစောင်ဟု မှတ်တမ်းတင်ကြခြင်းမှာ ရှင်မာလဲပျို့နိဂုံးလာ အောက်ပါစာပိုဒ်ကိုကိုးကား၍ ဆိုကြခြင်းဖြစ်သည်။

"ချင်းတွင်းနံဘေး၊ ရွာမုံရွေးသို့
ငယ်သေးသည်ကို၊ လုလင်ပျိုက
ပျော်လိုတုန်မြောက်၊ ထိုသို့ရောက်ထွေ
ထိုတွင်နေက၊ မကွေမကွာ
ယရာဝသ၊ အိမ်ထောင်ကျ၍
နှစ်လရှည်ကြာ၊ နေစဉ်ခါတွင်
ဝေဿန္တရာ၊ ပျို့လင်္ကာနှင့်
မဟာဇနက၊ နာမတစ်သီး
ဘုရားကြီးသမိုင်း၊ မထိုင်းပညာ
ကိန္နရာချောင်းခြား၊ မှတ်သားစရာ
မာတာပိတ၊ သင်္ဂဟဟု
ထွန်းပဂုဏ်ရောင်၊ စာငါးစောင်ကို" ဟူ၍

ရေးဖွဲ့ထားသည်။

ဆိုလိုရင်းမှာ ဝေဿန္တရာပျို့၊ မဟာဇနကပျို့၊ ဘုရားကြီးသမိုင်းပျို့၊ ကိန္နရာချောင်းခြားပျို့၊ မာတာပိတသင်္ဂဟပျို့တို့ကို မုံရွေးရွာတွင်နေထိုင်စဉ် ရေးသားခဲ့ကြောင်း ရေးသားထားခြင်းဖြစ်သည်။ သို့သော်လည်း ပဋ္ဌာစာရီပျို့ကို မုံရွေးရွာ၌နေထိုင်စဉ် ရေးသားခဲ့သည်ဟု ယူဆစရာရှိသည်။ ပဋ္ဌာစာရီပျို့နိဂုံးပိုဒ်ရေ တစ်၌-

"ဝေဿန္တရာ၊ ပျို့လင်္ကာနှင့်
မဟာဇနက၊ မည်ရတစ်သီး
ဘုရားကြီးသမိုင်း၊ မထိုင်းပညာ
ကိန္နရာချောင်းခြား၊ မှတ်သားစရာ
မာတာပိတ၊ သင်္ဂဟဟု
ထန်းပညာဏ်ရောင်၊ စာငါးစောင်ကို" ဟူ၍

ရေးဖွဲ့ထားသည်။ ပဋ္ဌာစာရီပျို့ပါ ထည့်တွက်ပါက စာခြောက်စောင်ဖြစ်သည်။ ထို့ကြောင့် ဦးနိုးသည် မုံရွေးကြေးမုံ၌နေစဉ် စာခြောက်စောင်ကိုရေးဖွဲ့ခဲ့သည်ဟု ဆိုနိုင်သည်။

**မုံရွေးမှ အမရပူရသို့**

ဦးနိုးသည် မုံရွေးရွာတွင်နေထိုင်ရာမှ အမရပူရမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ အမရပူရမြို့သို့ရောက်သောအခါတွင် ပထမဆုံးအမရပူရမြို့ အနောက်ပြင် မှန်တန်းရပ်၌နေထိုင်သည်။ ထို့နောက်တွင် ရှင်ပင်ရွှေဂူကြီးဘုရား၏တောင်ဘက် ပန်းထိမ်တန်းရပ်ကွက်တွင် ပြောင်းရွှေ့နေထိုင်သည်။ ထိုသို့ အမရပူရမြို့သို့ နေထိုင်စဉ် ဝါတွင်း၊ ဝါပကာလများတွင် ဥပုသ်နေ့တိုင်း ဥပုသ်သီတင်းစောင့်တည်နေထိုင်သည်။ ထိုကဲ့သို့ အမရပူရမြို့တွင် နေထိုင်သည့်အကြောင်းကို ရှင်မာလဲပျို့နိဂုံးပိုဒ်ရေ တစ်၌-

"မုံရွေးကလျှင်၊ ပြောင်းကြွတခါ
မဟာအမရ၊ ပြည်ပူရ၌
ခေါ်ထတုံချင်၊ အနောက်ပြင်တွင်
မည်ပင်ပညပ်၊ မှန်တန်းရပ်ကွက်
မြဲမှတ်ပျော်ရွှင်၊ နေခါတွင်တည့်
ရှင်ပင်ဂူကြီး၊ သုံးလူထီး၏
ထံနီးမကွာ၊ ဒက္ခိဏာဟု
မည်သာတွင်မှန်း၊ ပန်းထိမ်တန်းတွင်
နေပျော်ရွှင်၍၊ လျှချင်မကင်း
ဝါတွင်းဝါပ၊ စောင့်သီလနှင့်
ပုညအားထုတ်၊ ဥပုသ်သည်စု"ဟူ၍ ရေးဖွဲ့ထားပါသည်။

ဦးနိုးသည် အမရပူရမြို့၌နေထိုင်ရာတွင် မှန်တန်း၊ ပန်းထိမ်တန်း၌ နေထိုင်ခဲ့သော်လည်း တချို့မှတ်တမ်းများ၌ ပိန်းတန်းဟူ၍ရေးထားသည်။ ဆရာကြီး ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏ "ပျို့စာဆိုဦးနိုး" ဟူသောဆောင်းပါးတွင် "ဦးနိုးသည် မုံရွေးမှ တစ်ဖန် အမရပူရမြို့ အနောက်ပြင် ပိန်းတန်းရပ်သို့ ရွှေ့ပြောင်းနေထိုင်သည်။ ထိုစဉ်အခါ ပိန်းတန်းရပ်နှင့်ကပ်လျက် ရှင်ပင်ဂူကြီးဘုရားတွင် ဦးနိုးသည် ဝါတွင်း၊ ဝါပ၌ ဥပုသ်သီတင်းစောင့်ကာ နေလေ့ရှိသည်"ဟူ၍ ရေးထားသည်။ ပိန်းတန်းဆိုသည်မှာ မှားယွင်းနေသည်။ ဦးနိုးကိုယ်တိုင်က ရှင်မာလဲပျို့၌ ပန်းထိမ်တန်းဟု အတိအလင်းဆိုထားသည်။ ထို့ကြောင့် ပန်းထိမ်တန်းသာ ဦးနိုးနေထိုင်ရာအရပ်ဟု သိနိုင်သည်။

အမရပူရမြို့ ပန်းထိမ်တန်းအရပ်တွင်နေထိုင်စဉ် ဥပုသ်စောင့်ဖော်များဖြစ်သည့် ကျောင်းဒကာမ ဒေါ်ဦး ဦးဆောင်သည့် အမျိုးသမီး ၂၉ ဦးက ရှင်မာလဲပျို့ကို ရေးသားရန် တောင်းပန်သည်။ ရှေးကရှိပြီး ရှင်မာလဲပျို့သည် စာသွားစာလာမကောင်းသလို ကာရန်လည်း မညီမညွတ်ရှိသည်။ သာယာမှုလည်းမရှိပေ။ ထို့ကြောင့် ရှင်မာလဲပျို့ကိုရေးသားရန် တောင်းပန်ကြခြင်းဖြစ်သည်။ ထိုအကြောင်းကို ဦးနိုးက ရှင်မာလဲပျို့နိဂုံးပိုဒ်ရေ တစ်၌-

"ဥပုသ်သည်စု၊ များအထုတွင်
ဆော်စုစီရင်၊ ခေါင်းလျှင်တည်မှူ
အကြီးပြု၍၊ တွင်မှုသညာ
ကျောင်းဒကာမ၊ ဒေါ်ဝေါ်ကြသည်
နာမတထူး၊ ရှင်မယ်ဦးလျှင်
ခေါင်းတည်ချင်မှ၊ ထိုမှတဆန်း
စောင်းတန်းအမ၊ ဒေါ်ကြဝေါဟာ
မယ်အိမ်သာက၊ မျက်နှာကြည်လင်
ပြုံးရွှင်ရွှင်နှင့်၊ သန့်စင်ပေတုံ
အမယ်စုံနှင့်၊ မယ်ပုံ မယ်ညို
ရှေးချိုရပ်တွင်၊ နေချင်တုံငြား
စကားဖိုမ၊ ဟူသမျှကို
ကြွင်းရာမထင်၊ ကုန်စင်နှစ်နော
ထိုးဘောက်ပြောသည်၊ သဘောကောင်းဘိ
အမယ်အိက၊ တကွတသီး
အမယ်ကြီးနှင့်၊ အနီးတူသာ
မယ်အူချာဟု၊ သည်းလျာသက်မျှ
ရှင်မယ်အောင်က၊ တကွမယ်နိုး
မည်ျိုးပညာ၊ လင်္ကာချိုမြ
တတ်တတ်လှသည်၊ နားဝပြောချေ
ရွှေဥသြလျှင်၊ တွန်သောသွင်သို့
ကြင်သူဆံထိုး၊ ရှင်မယ်ပိုးက
လုံးရပ်စသည်၊ တင့်လှပြိုင်ပြိုင်
ပွတ်ချောတိုင်နှင့်၊ နှိုင်းပြိုင်တူပြီ
မယ်သာကြီးက၊ မယ်တုတ်စသည်
တကွမယ်အိမ်၊ နှစ်ကျိပ်ကိုးယောက်
ဝမ်းမြောက်တူကွ၊ တိုင်ပင်ကြ၍
ရှေးကလင်္ကာ၊ မာလဲစာလျှင်
အကွာရာမညီ၊ စာစီမပှန်
ကာရန်မသွား၊ နားမနာသာ
ရှိခြင်းရာကြောင့်၊ လင်္ကာတသီး
နားမညီးအောင်၊ ဘုရားကြီးဒါယကာ
စီကုံးပါဟု၊ ခြင်းရာကြောင်းလျှား
တောင်းပန်ကြားသည်"ဟူ၍ ရေးဖွဲ့ထားသည်။

**ဘဝနိဂုံး**

ဦးနိုးသည် မင်းခယောက်ျား မင်းမှုထမ်းတစ်ဦး မဟုတ်ပေ။ သာမန်ပြည်သူတစ်ဦးသာဖြစ်သည်။ အင်းဝ၌မွေးဖွားသည်။ ၁၆ နှစ်သားအရွယ်တွင် မုံရွေးကြေးမုံရွာသို့ သွားရောက်နေထိုင်သည်။ မုံရွေးကြေးမုံရွာ၌ အိမ်ထောင်ကျသည်။ နောက် အမရပူရမြို့သို့ ပြောင်း၍နေထိုင်သည်။ မုံရွေးရွာမှ အမရပူရသို့ပြောင်းသောနှစ်ကို တိတိကျကျမသိရပါ။ သို့သော်လည်း ရှင်မာလဲပျို့ကို အမရပူရရောက်မှရေးသည်ဟု ဆိုသောကြောင့် ရှင်မာလဲပျို့မရေးမီရောက်သည်ဟု ခန့်မှန်းရသည်။ ရှင်မာလဲပျို့သည် ၁၁၆၆ ခုနှစ်တွင် ရေးပြီးသည်။ ထို့ကြောင့် ဦးနိုးသည် ၁၁၆၆ ခုနှစ် မတိုင်မီ အမရပူရမြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်ဟု ခန့်မှန်းနိုင်သည်။

ဦးနိုးသည် မင်းမှုထမ်းစာဆိုမဟုတ်ခြင်းကြောင့် အခြားစာဆိုများကဲ့သို့ ထင်ပေါ်ကျော်ကြားခြင်းမရှိပါ။ ချီးကျူးစရာကောင်းသည်မှာ သာမန်အရပ်သားတစ်ဦးက ပျို့ကြီး ရှစ်စောင်ရေးသွားခြင်းပင်ဖြစ်သည်။ ဦးနိုးကွယ်လွန်ခဲ့သောနှစ်ကို တိတိကျကျမသိရသေးပါ။ ဝိဓူရပျို့ကို ၁၁၆၉ ခုနှစ်တွင် ရေးသားပြုစုခဲ့သည်ဟု ဆိုသောကြောင့် ၁၁၆၉ ခုနှစ်နောက်ပိုင်းမှ ကွယ်လွန်ခဲ့သည်ဟုခန့်မှန်းရသည်။ ဦးနိုးသည် ၁၁၀၆ ခုနှစ်တွင် မွေးသည်ဟုခန့်မှန်းရသောကြောင့် ဝိဓူရပျို့ရေးပြီးချိန်တွင် အသက်အရွယ်မှာ ၆၃ နှစ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် ဦးနိုးသည် ၁၁၆၉ ခုနှစ်နောက်ပိုင်း ဘိုးတော်ဗဒုံမင်းလက်ထက်၌ပင် ကွယ်လွန်ခဲ့သည်ဟု ယူဆရသည်။

**ဦးနိုးပြုစုခဲ့သောစာပေများ**

ဦးနိုးသည် အခြားစာဆိုများကဲ့သို့ စာမျိုးစုံရေးသားပြုစုခဲ့သော စာဆိုတော်တစ်ဦးမဟုတ်ပေ။ ဦးနိုး၏ စာပေလက်ရာအဖြစ် ပျို့များကိုသာတွေ့ရသည်။ ရတု၊ ရကန် စသည့်စာပေမျိုးရေးသားခဲ့သည်ကို မတွေ့ရပေ။ ထိုသို့မတွေ့ရခြင်းမှာ ဦးနိုးကိုယ်တိုင်က မရေးသားခဲ့၍ မတွေ့သလော သို့မဟုတ် ရေးသားခဲ့သော်လည်း ပျက်စီးပျောက်ကွယ်၍မတွေ့ရသလော အတတ်မပြောနိုင်ပါ။ ဦးနိုးရေးခဲ့သောပျို့များတွင်လည်း အခြားရတု၊ ရကန်များရေးသားခဲ့ကြောင်း အမှတ်အသားမတွေ့ရသဖြင့် ဦးနိုးသည် ပျို့စာပေတစ်မျိုးတည်းသာ ပြုစုခဲ့သည်ဟု ယူဆရသည်။

မိုင်းခိုင်းမင်းကြီးဦးယမ်ပြုစုခဲ့သော ပိဋကသုံးပုံစာတမ်းတွင် ဦးနိုးပြုစုခဲ့သော စာပေစာရင်းကို ဝေဿန္တရာပျို့၊ မဟာဇနကပျို့၊ ဘုရားကြီးသမိုင်းပျို့၊ ပဋ္ဌာစာရီပျို့၊ ရှင်မာလဲပျို့ ငါးစောင်သာပြဆိုထားသည်။ ပုဂံဝန်ထောက်မင်းဦးတင်၏ ကဗျာဗန္ဓသာရကျမ်း၌ ဝေဿန္တရာပျို့၊ မဟာဇနကပျို့၊ ပဋ္ဌာစာရီပျို့၊ ရှင်မာလဲပျို့ဟူ၍ လေးစောင်သာ မှတ်တမ်းတင်ထားသည်။ ထိုမှတ်တမ်းများအပြင် ဦးနိုး၏စာပေများကို ထပ်မံရှာဖွေရာတွင် ဦးနိုးရေးခဲ့သောပျို့ရှစ်စောင်ထိ တွေ့ရသည်။ ဦးနိုး၏ပျို့စာရင်းကို မုံရွေးကြေးမုံတွင်ရှိသော ဦးနိုးကောင်းမှုစေတီအတွင်းနံရံတွင်လည်း တွေ့ရသည်။ တွေ့ရသမျှ ပျို့ရှစ်စောင်မှာ ဝေဿန္တရာပျို့၊ မဟာဇနကပျို့၊ ဘုရားကြီးသမိုင်းပျို့၊ ကိန္နရာချောင်းခြားပျို့၊ မာတာပိတသင်္ဂဟပျို့၊ ပဋ္ဌာစာရီပျို့၊ ရှင်မာလဲပျို့၊ ဝိဓူရပျို့တို့ဖြစ်သည်။

ထိုပျို့ရှစ်စောင်တွင် ဝိဓူရပျို့သည် ယခုတိုင်ရှာဖွေမတွေ့သေးပေ။ ပျောက်ဆုံးနေဆဲဖြစ်သည်။ ဝေဿန္တရာပျို့နှင့် ရှင်မာလဲပျို့သာ ပုံနှိပ်မှုဖြင့်ထွက်ရှိခဲ့ပြီး အခြားပျို့များမှာ ပေမူ၊ လက်ရေးမူဖြင့်သာ တိမ်မြုပ်နေသည်။

❖ ဦးနိုးသည် မင်းမှုထမ်းစာဆိုမဟုတ်ခြင်းကြောင့် အခြားစာဆိုများကဲ့သို့ ထင်ပေါ်ကျော်ကြားခြင်းမရှိပါ။ ချီးကျူးစရာကောင်းသည်မှာ သာမန်အရပ်သားတစ်ဦးက ပျို့ကြီးရှစ်စောင်ရေးသွားခြင်းပင်ဖြစ်သည်။ ဦးနိုးကွယ်လွန်ခဲ့သောနှစ်ကို တိတိကျကျမသိရသေးပါ။ ဝိဓူရပျို့ကို ၁၁၆၉ ခုနှစ်တွင် ရေးသားပြုစုခဲ့သည်ဟုဆိုသောကြောင့် ၁၁၆၉ ခုနှစ်နောက်ပိုင်းမှ ကွယ်လွန်ခဲ့သည်ဟုခန့်မှန်းရသည်။ ဦးနိုးသည် ၁၁၀၆ ခုနှစ်တွင် မွေးသည်ဟုခန့်မှန်းရသောကြောင့် ဝိဓူရပျို့ရေးပြီးချိန်တွင် အသက်အရွယ်မှာ ၆၃ နှစ်သို့ရောက်ရှိနေပြီဖြစ်သည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ် ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ပုသိမ်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၁၃၆၀၁ ဧက နုတ်သိမ်းပြီးစီး



**ပုသိမ် ဇွန် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မြေပဲ ၁၃၆၀၁ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက မြေပဲ ၁၃၆၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သောမြေပဲများကို ယခုနှစ် မတ်လ ဒုတိယပတ်ကစတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် မြေပဲဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး မြေပဲတစ်ဧကလျှင် ၅၈ ဒသမ ၃၁ တင်းထွက်ရှိကြောင်း သိရသည်။

"ပုသိမ်ခရိုင်အနေနဲ့ နွေသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၁၃၆၀၁ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေကို နုတ်သိမ်းခဲ့တာ လက်ရှိမှာ ဧကအားလုံး နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နုတ်သိမ်းပြီးဖြစ်တဲ့မြေပဲတွေက အထွက်နှုန်းကောင်းသလို အရည်အသွေးလဲ ကောင်းတာကို တွေ့ရပါတယ်။ အခုနုတ်သိမ်းခဲ့တဲ့ မြေပဲတွေအပါအဝင် နွေသီးနှံတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ မြေပဲအပါအဝင် ဆီထွက်သီးနှံတွေအားလုံး အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ မြေပဲအပါအဝင် သီးနှံများ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးမည့်သီးနှံများ ပိုးမွှားရောဂါကင်းရှင်းစေရေး၊ အရည်အသွေးနှင့်အထွက်နှုန်း ကောင်းစေရေးစသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပွင့်ဖြူမြို့နယ် ဖိုးပေါက်စုကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပွင့်ဖြူ ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ရွေးလှေ့ကျေးရွာအုပ်စု ဖိုးပေါက်စုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၅ ရက် နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်ရွေးချယ်မှု သတ်မှတ်ချက်များ၊ စီမံကိန်းကော်မတီဝင်များ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးအတွက် စီမံကိန်းလုပ်ငန်း ဖော်ဆောင်နိုင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပွင့်ဖြူမြို့နယ် ဖိုးပေါက်စုကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ကိုအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## သစ်ပင်စိုက်ကြမယ်

- နွေအပူ ပူရှိန်ဘဝ
ခံစားရ တို့မြန်မာ၊
သစ်ပင်တွေ စိုက်ပျိုးရေး
တွေးတောစို့ဗျာ၊
နွေဥတု ကုန်သောအခါ
စီစဉ်ပါ မိုးကာလ၊
ကြီးလွယ်မြန် အရိပ်ကောင်းအောင်
စုပေါင်းပြုကြ။

- တန်ဖိုးဝင် သစ်ပင်များ
တို့ကြိုးစား စိုက်ကြမယ်၊
နွေရာသီ ပူရှိန်ပြင်းသမို့
ဖြေရှင်းဖို့ရယ်၊
သစ်ပင်တို့ ရှိမှကွယ်
အေးမြဖွယ် ဖြစ်၏၊
သစ်ပင်ကို ခုတ်လှဲမပြု
ရှေးရှုသင့်ဘိ။

- သစ်ပင်ကို ချစ်မြတ်နိုး
ရာသီမဆိုး အပူမဝင်၊
သစ်ပင်တွေ မရှိကင်းတော့
ပူပြင်းဖြစ်အင်၊
သတိပြု မြန်ပြည်တစ်ခွင်
ကြိုးပမ်းလျှင် ခဏ၊
တောမြို့မကျန် စိုစိုစိမ်းရန်
ထိန်းသိမ်းမည်ဗျာ့။ ။

**မောင်မျိုးချစ်(အညာမြေ)**

# မုဒုံမြို့နယ် ဖဲကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မုဒုံ ဇွန် ၂၆**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နိုင်းပြိုင်ကျေးရွာအုပ်စု ဖဲကူးကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင် ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖဲကူးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁၁ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၂၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၁၇ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို ငွေကျပ် ၅၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

## နိုင်ငံတကာ သတင်းများ

# ရုရှားနှင့်အမေရိကန်ကာကွယ်ရေးဝန်ကြီးများ ဖုန်းခေါ်ဆိုဆွေးနွေးမှုပြုလုပ်

**မော်စကို ဇွန် ၂၆**

အမေရိကန် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်နှင့် ရုရှားကာကွယ်ရေးဝန်ကြီး အန်ဒရီဘီလိုဆော့ဗ်တို့သည် ဇွန် ၂၅ ရက်တွင် ဖုန်းခေါ်ဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ရုရှားနှင့်အမေရိကန်ကာကွယ်ရေးဝန်ကြီးတို့သည် ယူကရိန်းစစ်ပွဲစတင်ခဲ့ပြီးနောက်ပိုင်း ရှားပါးသည့် ထိတွေ့ဆက်ဆံမှုအဖြစ် ဇွန် ၂၅ ရက်တွင် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် ယနေ့ ဖုန်းခေါ်ဆိုဆွေးနွေးပွဲသည် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်နှင့် ယခုနှစ်မေလအတွင်း ဆာဂေးရှိုဂူးနေရာ၌ အစားထိုးဝင်ရောက်ခဲ့သော ရုရှားကာကွယ်ရေးဝန်ကြီးဘီလိုဆော့ဗ်တို့၏ ပထမဆုံးဆွေးနွေးပွဲလည်းဖြစ်သည်။

အဆိုပါဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် အမေရိကန်နိုင်ငံက ယူကရိန်းအတွက် လက်နက်များထောက်ပံ့ပေးနေမှု၏ အန္တရာယ်များနှင့်ပတ်သက်၍ အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်ကို ရုရှားကာကွယ်ရေးဝန်ကြီးက သတိပေးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

၂၀၂၂ ခုနှစ်တွင် စတင်ခဲ့သည့် ယူကရိန်းစစ်ရေးပဋိပက္ခကြောင့် ရုရှားနှင့်အမေရိကန်နိုင်ငံကြားဆက်ဆံရေးမှာ ၁၉၆၂ ခုနှစ် ကျူးဘားဒုံးကျည် အရေးအခင်းနောက်ပိုင်းတွင် အဆိုးရွားဆုံးအဆင့်သို့ ရောက်ခဲ့ရသည်။

ယနေ့ဖုန်းခေါ်ဆို ဆွေးနွေးမှုပြုလုပ်ရေးအတွက် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်က ဦးစွာအဆိုပြုခဲ့ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ဘရာဇီးနိုင်ငံသားကို အင်တာပိုလ်အကြီးအကဲသစ်အဖြစ် အင်တာပိုလ်အလုပ်အမှုဆောင်ကော်မတီ ရွေးချယ်

**လိုင်ယွန် ဇွန် ၂၆**

နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပိုလ်)အလုပ်အမှုဆောင်အဖွဲ့သည် ဇွန် ၂၅ ရက်တွင် အင်တာပိုလ်အကြီးအကဲသစ်အဖြစ် ဘရာဇီးနိုင်ငံသား ဗယ်လ်ဒီဇီအာကွိဇာကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

အင်တာပိုလ်အဖွဲ့သည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံမှ ရဲတပ်ဖွဲ့ထိပ်တန်းခေါင်းဆောင် တစ်ဦးကို အင်တာပိုလ် အတွင်းရေးမှူးချုပ်အဖြစ် ပထမဆုံးအကြိမ် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အသက်၄၃နှစ်အရွယ် ဘရာဇီးနိုင်ငံသားအာကွိဇာကိုအင်တာပိုလ်အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင် ၁၀ ဦးအနက် ရှစ်ဦးတို့က အင်တာပိုလ်အကြီးအကဲသစ်အဖြစ် ထောက်ခံမဲပေးခဲ့ပြီး နှစ်ဦးက ကန့်ကွက်မဲပေးခဲ့သည်။

အာကွိဇာသည် ဘရာဇီး ဖက်ဒရယ်ရဲတပ်ဖွဲ့၏ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးဌာန အကြီးအကဲတာဝန် ရယူထားသူဖြစ်သည်။

အာကွိဇာအား အင်တာပိုလ်အကြီးအကဲသစ်အဖြစ်အင်တာပိုလ်အလုပ်အမှုဆောင် ကော်မတီက ရွေးချယ်ထားမှုကို ယခုနှစ်နိုဝင်ဘာလတွင် စကော့တလန်နိုင်ငံ ဂလပ်စဂိုးမြို့၌ကျင်းပမည့် အင်တာပိုလ်အထွေထွေညီလာခံက အတည်ပြုပေးရမည်ဖြစ်သည်။

အာကွိဇာသည် အင်တာပိုလ်အတွင်းရေးမှူးချုပ်ရာထူးကို ၂၀၂၅ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ထိ တာဝန်ထမ်းဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**



# မြောက်ကိုရီးယားနှင့်တိုက်ရိုက်ရထားပြေးဆွဲမှုကို လာမည့်ဇူလိုင်လတွင်ပြန်လည်စတင်ရန် ရုရှားနိုင်ငံစီစဉ်



**မော်စကို ဇွန် ၂၆**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကပ်ဘေးကြောင့် ရပ်ဆိုင်းထားခဲ့ရသည့် မြောက်ကိုရီးယားနှင့်ရုရှားအကြား တိုက်ရိုက်ရထားပြေးဆွဲမှုများကို လာမည့်ဇူလိုင်လတွင် ပြန်လည်စတင်ရန် ရုရှားနိုင်ငံက စီစဉ်ထားကြောင်း ရုရှားပြည်တွင်းမီဒီယာများက ဇွန် ၂၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားမီဒီယာများ၏ အဆိုအရ ရုရှားအစိုးရအနေဖြင့် ဗလာဒီဗော့စတော့မြို့နှင့် မြောက်ကိုရီးယားနိုင်ငံ ရာဆွန်ဆိပ်ကမ်းမြို့တို့ကြား ရထားပြေးဆွဲမှုများကို ပြန်လည်စတင်ရန် စီစဉ်ထားသည်။

လာမည့် ဇူလိုင်လမှစ၍ ဗလာဒီဗော့စတော့နှင့် ရာဆွန်တို့ကြား ရထားပြေးဆွဲမှုများကို ပြန်လည်စတင်မည်ဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

ရုရှားနိုင်ငံသည် ယူကရိန်းစစ်ပွဲစတင်ခဲ့ပြီးနောက်ပိုင်း ရုရှားနိုင်ငံသည်အာရှနိုင်ငံများ၊ အာဖရိကနိုင်ငံများနှင့် စီးပွားရေးဆက်ဆံမှု၊ လုံခြုံရေးဆက်ဆံမှုများမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

ရုရှားသမ္မတပူတင် ကိုယ်တိုင်သည် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း မြောက်ကိုရီးယားနိုင်ငံသို့ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် သွားရောက်ခဲ့ပြီး မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း ရုရှားနှင့် မြောက်ကိုရီးယားတို့သည် နှစ်နိုင်ငံ အပြန်အလှန်ကာကွယ်ရေး သဘောတူညီချက်ကို ရယူခဲ့ကြကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# မြောက်ကိုရီးယားနိုင်ငံက စမ်းသပ်ပစ်လွှတ်ခဲ့သည့် အသံထက်မြန်နှုန်းလွန်ဒုံးကျည် လေထုအတွင်းပေါက်ကွဲခဲ့

**ဆိုးလ် ဇွန် ၂၆**

မြောက်ကိုရီးယားနိုင်ငံက ယနေ့တွင် စမ်းသပ်ပစ်လွှတ်ခဲ့သော အသံထက်မြန်နှုန်းလွန် ဒုံးကျည်တစ်စင်းသည် လေထုအတွင်းမှာပင် ပေါက်ကွဲပျက်စီးခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် အဆိုပါ အသံထက်မြန်နှုန်းလွန်ဒုံးကျည်ကို ပြုံယမ်းမြို့အနီး တစ်နေရာမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ယင်းဒုံးကျည်သည် ပျံသန်းနေစဉ် လေထုအတွင်းမှာပင် ပေါက်ကွဲပျက်စီးခဲ့ကြောင်း တောင်ကိုရီးယားစစ်ဘက်သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။



ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ ၎င်းမြောက်ကိုရီးယားဒုံးကျည်သည် အမြင့် ကီလိုမီတာ ၁၀၀ ခန့်ထိ တက်ရောက်၍ ကီလိုမီတာ ၂၀၀ အကွာအဝေးထိ ပျံသန်းခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံ၏ယနေ့ ဒုံးကျည်စမ်းသပ်မှုကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များကို ချိုးဖောက်မှုအဖြစ် တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့က ရှုတ်ချထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ယခုနှစ် မေ ၃၀ရက်တွင် နောက်ဆုံးတစ်ကြိမ် ဒုံးကျည်စမ်းသပ်မှုကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# လွှတ်တော်ဥက္ကဋ္ဌသစ်အဖြစ် ဘီဂျေပီအမတ်တစ်ဦးကို အိန္ဒိယအောက်လွှတ်တော် မဲခွဲရွေးချယ်

**ဒေလီ ဇွန် ၂၆**

ဝန်ကြီးချုပ်မိုဒီ၏ ဘရာတီယာဂျနေတာပါတီ(ဘီဂျေပီ)လွှတ်တော်အမတ်တစ်ဦးကို အိန္ဒိယအောက်လွှတ်တော်က ယနေ့တွင် အောက်လွှတ်တော်ဥက္ကဋ္ဌသစ်အဖြစ်ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

ဘီဂျေပီပါတီလွှတ်တော်အမတ် အမ်ဘာလားသည် အဓိကပြိုင်ဘက် ကွန်ဂရက်ပါတီလွှတ်တော်အမတ် ကေဆူရက်ရှ်ကို ကျော်ဖြတ်၍ အောက်လွှတ်တော် ဥက္ကဋ္ဌသစ်အဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရခြင်းဖြစ်သည်။

အမ်ဘာလားသည် ပြီးခဲ့သည့် လွှတ်တော် သက်တမ်းတွင်လည်း အိန္ဒိယ အောက်လွှတ်တော်ဥက္ကဋ္ဌရာထူးကို ရယူဖူးသူဖြစ်သည်။ ၎င်းကို အောက်လွှတ်တော်ဥက္ကဋ္ဌအဖြစ် ထပ်မံရွေးချယ်နိုင်ခဲ့မှုကြောင့် အိန္ဒိယဝန်ကြီးချုပ်မိုဒီအနေဖြင့် ဝန်ကြီးချုပ်ရာထူး စတင်ရယူခဲ့ပြီးနောက်ပိုင်း ပထမဆုံးနိုင်ငံရေးစိန်ခေါ်မှုကိုကျော်ဖြတ်နိုင်ခဲ့သည်။

ဘရာတီယာ ဂျနေတာပါတီသည် ယခုနှစ်အိန္ဒိယရွေးကောက်ပွဲတွင် အနိုင်ရခဲ့သော်လည်း အမတ်နေရာအများစုဖြင့် ရပ်တည်နိုင်စွမ်းဆုံးရှုံးခဲ့ရသည်။

သို့ဖြစ်ရာ ဘရာတီယာဂျနေတာပါတီအနေဖြင့် အခြားမိတ်ဖက် ပါတီများနှင့်ပူးပေါင်း၍ ညွန့်ပေါင်းအစိုးရဖွဲ့စည်းခဲ့ရကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## 2011 UL 21 ရောမဂြိုဟ်သိမ်ကြီးတစ်စင်း ဇွန် ၂၇ ရက်မှစ၍ ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှတစ်ဆင့် ဖြတ်ကျော်ပျံသန်းမည်



**ဝါရှင်တန် ဇွန် ၂၆**

**2011 UL 21** အမည်ရှိ ရောမဂြိုဟ်သိမ်ကြီးတစ်စင်းသည် ဇွန် ၂၇ ရက်မှစ၍ ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှတစ်ဆင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း ဇွန် ၂၅ ရက် သတင်းများအရ သိရသည်။

အရွယ်အစားအားဖြင့် ၈၀ရက် တောင်မျှရှိသော **2011 UL 21** ဂြိုဟ်သိမ်သည် ဇွန် ၂၇ ရက်တွင် ၁၂၅ နှစ်တာကာလအတွင်း အနီးဆုံးမှတ်မှတစ်ဆင့် ကမ္ဘာကိုဖြတ်ကျော်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေး အေဂျင်စီ (နာဆာ)မှ တာဝန်ရှိသူများက ပြောကြားသည်။

ဇွန် ၂၇ ရက်တွင် **2011 UL 21** ဂြိုဟ်သိမ်သည် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း လေးသန်းအကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ကမ္ဘာကိုဖြတ်ကျော်ပျံသန်းနေစဉ် ဇွန် ၂၈ ရက်နှင့် ၂၉ရက်တွင် ၎င်းဂြိုဟ်သိမ်၏ အလင်းအားမှာ အမြင့်ဆုံးအဆင့်ထိ ရောက်လာမည်ဖြစ်ရာ ရေဒီယိုတယ်လီစကုပ်များအကူအညီဖြင့် မြင်တွေ့နိုင်မည်ဖြစ်သည်။

**2011 UL 21** ဂြိုဟ်သိမ်သည် ရက်ပေါင်း ၁၁၃၀ လျှင် တစ်ပတ်ကျ နေကို လှည့်ပတ်နေကြောင်း၊ ၎င်းဂြိုဟ်သိမ်သည် ၂၀၈၉ ခုနှစ်တွင် ကမ္ဘာဂြိုဟ်ကို အနီးဆုံးမှတ်မှတစ်ဆင့် ထပ်မံဖြတ်သန်းဦးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## ဆေးမင်ကြောင်ထိုးနှံမှုကြောင့် လင်ဖိုးမားခေါ် သွေးကင်ဆာရောဂါ ဖြစ်ပွားနိုင်ခြေမြင့်မားလာနိုင်

**စတော့ဟုမ်း ဇွန် ၂၆**

ဆေးမင်ကြောင်ထိုးနှံမှုကြောင့် လင်ဖိုးမား(**Lymphoma**) ခေါ် ရှားပါးသည့် သွေးကင်ဆာရောဂါ တစ်မျိုးဖြစ်ပွားနိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိကြောင်း ဇွန် ၂၅ ရက် သတင်းများအရ သိရသည်။

ဆွီဒင်နိုင်ငံ လန်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ ဆေးမင်ကြောင် ထိုးနှံထားသူများတွင် လင်ဖိုးမားသွေးကင်ဆာရောဂါဖြစ်နိုင်ခြေ ၂၁ ရာခိုင်နှုန်းထိ မြင့်တက်နေတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဆေးမင်ကြောင်ထိုးနှံမှုကြောင့် ကင်ဆာရောဂါ၏ရှေ့ပြေးဖြစ်သည့် ရောင်ရမ်းမှုပြဿနာပေါ်လာတတ်ကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

ဆွီဒင်သုတေသနပညာရှင်များသည် အသက် ၂၀ နှင့် ၆၀ ကြားရှိသည့် လင်ဖိုးမားကင်ဆာရောဂါလူနာများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ဆေးမင်ကြောင် ထိုးနှံထားသူများသည် ထိုးနှံခြင်းမရှိသူများနှင့် နှိုင်းယှဉ်ပါက လင်ဖိုးမားကင်ဆာရောဂါဖြစ်နိုင်ခြေ ၂၁ ရာခိုင်နှုန်းပိုမြင့်မားသည်ကို တွေ့ရကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

ယခင် နိုင်ငံတကာသုတေသနပညာရှင်များပြုလုပ်ခဲ့သည့် လေ့လာချက်စစ်တမ်းများ၏ အဆိုအရ ဆေးမင်ကြောင် ဆေးများသည် အရေပြားမှတစ်ဆင့် **Lymph-nodes** ခေါ် ပြွန်ရည်အိတ်များထံ ကူးပြောင်း ရောက်ရှိသွားနိုင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## နိုအာ၏ GOES-U ဂြိုဟ်တုကို Space-X ကုမ္ပဏီက အောင်မြင်စွာလွှတ်တင်ပေးခဲ့

**ဝါရှင်တန် ဇွန် ၂၆**

အမေရိကန်အမျိုးသားသမုဒ္ဒရာနှင့် လေထုလွှာလေ့လာရေးအေဂျင်စီ(နိုအာ)၏ **GOES-U** ဂြိုဟ်တုကို **Space-X** ကုမ္ပဏီက ယနေ့တွင် အောင်မြင်စွာလွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

**GOES-U** ဂြိုဟ်တုကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်ဟဲဗီးဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၄ ဒသမ ၅ နာရီအကြာတွင် ဖယ်လ်ကွန်ဟဲဗီးဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် **GOES - U** ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် မိုင် ၂၂၀၀၀ ကျော်အကွာ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



**GOES-U** ဂြိုဟ်တုသည် နိုအာ၏ **GOES-R** ဂြိုဟ်တုအုပ်စု၏ နောက်ဆုံးဂြိုဟ်တု ဖြစ်ကြောင်း နိုအာတာဝန်ရှိသူများက ပြောကြားထားသည်။

နိုအာအဖွဲ့သည် ၎င်း၏ **GOES** ဂြိုဟ်တုများကို ယခင်က အက်တလပ်စ်-၅ ဒုံးပျံများဖြင့်လွှတ်တင်ခဲ့သော်လည်း **GOES-U** ဂြိုဟ်တုကိုမူ ပထမဆုံးအကြိမ်အဖြစ် **Space-X** ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံကို အသုံးပြုခဲ့ခြင်းဖြစ်သည်။

**GOES-U** အာကာသရာသီဥတုလေ့လာရေးဂြိုဟ်တု မစ်ရှင်သည် ဖယ်လ်ကွန်ဟဲဗီးဒုံးပျံများ၏ ၁၀ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ကာလရှည်အထီးကျန်မှုပြဿနာကြောင့် သက်ကြီးပိုင်းများ လေဖြတ်နိုင်ခြေမြင့်မားလာနိုင်

**နယူးယောက် ဇွန် ၂၆**

ကာလရှည်အထီးကျန်မှုပြဿနာကြောင့် သက်ကြီးပိုင်းများတွင် လေဖြတ်နိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဇွန် ၂၅ ရက်တွင် ပြောကြားခဲ့သည်။

ကာလရှည်အထီးကျန်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့် အသက် ၅၀ နှင့်အထက်ရှိသူများသည် အဆိုပါပြဿနာမရှိသူများနှင့် နှိုင်းယှဉ်ပါက လေဖြတ်နိုင်ခြေ ၅၆ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း သိရသည်။

သို့ရာတွင် အခိုက်အတန့်မျှသာ အထီးကျန်မှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသော သက်ကြီးပိုင်းများတွင်မူ ထိုမျှလောက်ထိ လေဖြတ်နိုင်ခြေ မြင့်မားမှုမရှိသည်ကို တွေ့ရကြောင်း အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အထီးကျန်မှုပြဿနာကို သက်ကြီးပိုင်းများ လေဖြတ်နိုင်မှု၏ ရောဂါနောက်ခံအကြောင်းတရားတစ်ရပ်အဖြစ် သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၁၂၁၆၁ ဦးကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ယခင်က ပြုလုပ်ခဲ့သည့် သုတေသနစာတမ်းများတွင်မူ အထီးကျန်မှုပြဿနာသည် နှလုံးသွေးကြောဆိုင်ရာရောဂါများနှင့် ဆက်စပ်နေသည်ဟု တင်ပြထားခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## လကမ္ဘာကျောက်သားနမူနာများပြန်လည်သယ်ဆောင်လာသော ချန်အာ-၆ လဆင်းယာဉ် တရုတ်နိုင်ငံအတွင်း မွန်ဂိုလီးယားဒေသသို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့

**ပေကျင်း ဇွန် ၂၆**

လကမ္ဘာ ကျောက်သားနမူနာများ ပြန်လည်သယ်ဆောင်လာသော ချန်အာ-၆ လဆင်းယာဉ်သည် ဇွန် ၂၅ ရက်က တရုတ်နိုင်ငံအတွင်း မွန်ဂိုလီးယားဒေသသို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

ချန်အာ-၆ လဆင်းယာဉ်သည် လကမ္ဘာအခြားဘက်ခြမ်း ဆောက်သ်ပိုးလ်အိုက်ကန် ဥက္ကာချိုင့်ဝှမ်းလွင်ပြင်မှ ရယူထားသော ကျောက်သားနမူနာများကို နှစ်ကီလိုဂရမ်ထိ ပြန်လည်သယ်ဆောင်လာကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ချန်အာ-၆ လဆင်းယာဉ်ဖြင့် ရယူခဲ့သော အထက်ပါ လကမ္ဘာကျောက်သားနမူနာများသည် နေအဖွဲ့အစည်း၏ သမိုင်းဦးကာလကို လေ့လာရာတွင် အထောက်အကူပြုနိုင်ကြောင်း နိုင်ငံတကာသိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

အချင်းအားဖြင့် မိုင် ၁၆၀၀ ထိရှိသည့် ဆောက်သ်ပိုးလ်အိုက်ကန် ဥက္ကာချိုင့်ဝှမ်းသည် လွန်ခဲ့သည့်နှစ်ပေါင်း ၄ ဒသမ ၂၆ ဘီလီယံခန့်ကပင် စတင်ပေါ်ထွက်လာဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ယုံကြည်ထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ချန်အာ-၆ လဆင်းယာဉ်ကို ယခုနှစ် မေ ၃ ရက်က လောင်းမတ်ချ်-၅ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ချန်အာ-၆ လဆင်းယာဉ်သည် ဇွန် ၂ ရက်တွင် ဆောက်သ်ပိုးလ်အိုက်ကန် ဥက္ကာချိုင့်ဝမ်းသို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# ကိုမိုအသင်းက တိုက်စစ်မှူး ဘယ်လော့တီကို ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်

**ရောမ ဇွန် ၂၆**

ယခုနှစ်မှ စီးရီးအေပြိုင်ပွဲသို့ တက်ရောက်လာခဲ့သည့် နည်းပြ ဖာဘရီဂတ်စ်၏ ကိုမိုကအသင်းက ရိုးမားအသင်း တိုက်စစ်မှူး ဘယ်လော့တီကို ပြောင်းရွှေ့ကြေး ယူရိုငါးသန်းဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အသက် ၃၀ ရှိ တိုက်စစ်မှူး ဘယ်လော့တီသည် လာမည့် ၂၀၂၅ ခုနှစ်မှ စာချုပ်ကုန်ဆုံးမည် ဖြစ်သော်လည်း ရိုးမားအသင်းတွင် ပုံမှန်ပွဲကစားခွင့် မရခဲ့သောကြောင့် နည်းပြဖာဘရီဂတ်စ်၏ ကမ်းလှမ်းမှုကိုလက်ခံခဲ့ပြီး နှစ်ဖက်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် အပိုဆုကြေး အပါအဝင် ယူရိုငါးသန်းဖြင့် ကိုမိုအသင်းက ခေါ်ယူနိုင်ခဲ့သည်။

သို့သော် ကစားသမားနှင့် ပတ်သက်၍ ပြောင်းရွှေ့ကြေး အသေးစိတ် အချက်အလက်များကို ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ဘယ်လော့တီသည် တိုရီနို အသင်းတွင် အဓိကကစားသမား တစ်ဦးအဖြစ် ခုနစ်နှစ်ကြာ ကစားခဲ့ပြီးနောက် ၂၀၂၂ ခုနှစ်တွင် ရိုးမားအသင်းသို့ပြောင်းရွှေ့ခဲ့ရာ ပြိုင်ပွဲစုံ ၆၈ ပွဲတွင် သွင်းဂိုး ၁၀ ဂိုးသာ သွင်းယူနိုင်ခဲ့သဖြင့် ရိုးမားအသင်းက ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလက ဖီအိုရင်တီးနားအသင်းသို့ အငှားစာချုပ်ဖြင့် စေလွှတ်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် နည်းပြအီတာလီယာနို၏ ဖီအိုရင်တီးနားအသင်းတွင်လည်း ပြိုင်ပွဲစုံ ၂၄ ပွဲတွင် သွင်းဂိုး လေးဂိုးနှင့် ဂိုးဖန်တီးမှုတစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့ပြီး ဘောလုံးရာသီကုန်ဆုံးချိန်တွင် ရိုးမားအသင်းနှင့် ပြန်လည် ပူးပေါင်းခဲ့သော်လည်း အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီး နည်းပြဖာဘရီဂတ်စ်၏ ကိုမိုအသင်းကို ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**



# ကိုပါအမေရိကဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အာဂျင်တီးနားအသင်း တက်ရောက်



**ဗျူနိုစ်အေးရိစ် ဇွန် ၂၆**

လက်ရှိချန်ပီယံ အာဂျင်တီးနားအသင်းသည် ကိုပါအမေရိကဖလား အုပ်စု(A) ဒုတိယပွဲစဉ်တွင် ချီလီအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက် ကွာတားဖိုင်နယ်အဆင့်သို့ အစောဆုံးတက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အာဂျင်တီးနားအသင်းတိုက်စစ်ပိုင်းကို မက်ဆီ ဦးဆောင်လာခဲ့ပြီး ပွဲစကတည်းက ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများနှင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပထမပိုင်းတွင် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဒုတိယပိုင်း ပွဲကစားချိန် ၈၈ မိနစ်အရောက်တွင် တိုက်စစ်မှူး မာတီနက်ဇ်က အာဂျင်တီးနား အသင်းအတွက် အနိုင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ချီလီအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနား အသင်းသည် အုပ်စု(A) အဖွင့်ပွဲစဉ်တွင် ကနေဒါအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ယခုပွဲစဉ်တွင် ချီလီအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း နှစ်ပွဲဆက်အနိုင်ရခဲ့သဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ အစောဆုံးတက်ရောက်နိုင်ခဲ့ပြီး ချန်ပီယံဆုကိုကာကွယ်နိုင်ရန် အခွင့်အရေးများပိုင်ဆိုင်ခဲ့သည်။

အုပ်စု(A) နှစ်ပွဲကစားအပြီးတွင် အာဂျင်တီးနားအသင်းက ရမှတ်ခြောက်မှတ်ဖြင့် အဆင့်(၁)၊ ကနေဒါအသင်းက ရမှတ်သုံးမှတ်ဖြင့် အဆင့်(၂)၊ ချီလီအသင်းက ရမှတ်တစ်မှတ်ဖြင့် အဆင့်(၃)၊ ပီရူးအသင်းက ရမှတ်တစ်မှတ်ဖြင့် အဆင့်(၄)တွင် ရပ်တည်နေသော်လည်း နောက်ဆုံးပွဲစဉ်တွင် ချီလီအသင်းနှင့် ကနေဒါအသင်းတို့ ပွဲစဉ်မှ အနိုင်ရသည့်အသင်း တစ်သင်းက ရှုံးထွက်အဆင့်တက်ရောက်ရန် သေချာလျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# တိုက်စစ်မှူး ဒီဇစ်ကို ကို ဖီနာဘာချီအသင်းမှ ထွက်ခွာခွင့်ပြုမည်ဟု နည်းပြမော်ရင်ဟိုပြောကြား

**အင်ကာရာ ဇွန် ၂၆**

မကြာသေးမီက ဖီနာဘာချီအသင်းကို နည်းပြတာဝန်ရယူခဲ့သည့် နည်းပြမော်ရင်ဟိုက ခရိအေးရှားကလပ် ဟိုက်ဒူစပရစ်အသင်းသို့ အသင်းပြောင်းရွှေ့ရန် ကြိုးပမ်းနေသည့် တိုက်စစ်မှူး ဒီဇစ်ကိုကို ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဒီဇစ်ကိုသည် ဖီနာဘာချီအသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးထားသော်လည်း နည်းပြမော်ရင်ဟို ရောက်ရှိလာချိန်တွင် ၎င်း၏အနာဂတ် မရေမရာမှုများရှိလာသောကြောင့် နည်းပြဂတ်တူဆိုတာဝန်ယူနေသည့် ခရိအေးရှားကလပ် ဟိုက်ဒူစပရစ်အသင်း၏ နှစ်နှစ်စာချုပ်ဖြင့် ကမ်းလှမ်းမှုကို လက်ခံ၍ အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဒီဇစ်ကို၏ အပြောင်းအရွှေ့သည် နည်းပြမော်ရင်ဟိုပေါ်တွင် မူတည်နေသော်လည်း နည်းပြမော်ရင်ဟိုက ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သောကြောင့် မကြာမီ အပြောင်းအရွှေ့ ဖြစ်မြောက်ဖွယ်ရှိသည်။

ဒီဇစ်ကိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက အင်တာမီလန်အသင်းမှ ဖီနာဘာချီအသင်းသို့ ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၆ ပွဲတွင် သွင်းဂိုး ၂၅ ဂိုးထိသွင်းယူ၍ ဂိုးဖန်တီးမှု လေးကြိမ်ပြုလုပ် ခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအား အမှတ်ပေးဇယား အဆင့်(၂)သို့ပို့ဆောင်၍ လာမည့်နှစ် ဘောလုံးရာသီ ချန်ပီယံလိဂ်ခြေစစ်ပွဲ ကစားခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကို အူဆက်ခ်စွန့်လွှတ်

**ကိယက်ဗ် ဇွန် ၂၆**

ကမ္ဘာ့ ဟဲဗီးဝိတ်တန်း၏ ပြိုင်ဘက်ကင်း ချန်ပီယံဖြစ်သူ ယူကရိန်းလက်ဝှေ့သမား အူဆက်ခ်သည် IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်အား စွန့်လွှတ်ကြောင်း ယနေ့တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

အူဆက်ခ်သည် IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကာကွယ်ပွဲစဉ်အား ထိုးသတ်သွားရမည့် အချိန်ကာလရောက်ရှိနေပြီဖြစ်သော်လည်း ဗြိတိန်လက်ဝှေ့သမား တိုင်ဆန်ဖျူရီနှင့် မကျေပွဲစဉ်ထိုးသတ်သွားမည်ဖြစ်သည့်အတွက်ကြောင့် IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုအား ကာကွယ်ထိုးသတ်သွားမည် မဟုတ်ဘဲ စည်းမျဉ်းစည်းကမ်းအရ IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်အား စွန့်လွှတ်ခဲ့ရခြင်းလည်းဖြစ်သည်။

IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်အတွက် ဗြိတိန်လက်ဝှေ့သမားများ ဖြစ်ကြသည့် အန်တိုနီဂျိုရှာနှင့် ဒူဘွိုက်စ်တို့က စက်တင်ဘာ ၂၁ ရက်တွင် ထိုးသတ်ယှဉ်ပြိုင်သွားကြမည် ဖြစ်ကြောင်း IBF အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

အူဆက်ခ်က IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်အား လက်လွှတ်ခဲ့ပြီးနောက် ကမ္ဘာ့ဟဲဗီးဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံဆုကိုပါ လက်လွှတ်ခဲ့ရသည်။

အူဆက်ခ်က "ဒူဘွိုက်စ်နဲ့ အန်တိုနီတို့ကို ပြောချင်တာက တော့ IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံဆုဟာ သူတို့အတွက် ဘယ်လောက် အရေးကြီးသလဲဆိုတာကို ကျွန်တော်နားလည်ပါတယ်။ IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ဟာ လာမဲ့ စက်တင်ဘာ ၂၁ ရက်အတွက် သူတို့နှစ်ယောက်ကို ကျွန်တော်ပေးတဲ့ လက်ဆောင်ပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။



အူဆက်ခ်သည် လက်ရှိမိသားစုနှင့်အတူ အနားယူလျက်ရှိနေပြီး တိုင်ဆန်ဖျူရီနှင့် ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် မကျေပွဲစဉ် ထိုးသတ်သွားမည်ဖြစ်ကာ မိသားစုအတွက် အချိန်ပေးပြီးပါက တိုင်ဆန်ဖျူရီနှင့် ထိုးသတ်သွားမည့် မကျေပွဲစဉ်အတွက် ပြင်ဆင်လေ့ကျင့်မှုများ စတင်ပြုလုပ်သွားတော့မည် ဖြစ်ကြောင်းလည်း အူဆက်ခ်က ပြောကြားခဲ့သည်။

ဒူဘွိုက်စ်နှင့် အန်တိုနီဂျိုရှာတို့ ထိုးသတ်သွားကြမည့် IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံပွဲစဉ်တွင် အနိုင်ရရှိလာသည့် လက်ဝှေ့သမား အနေဖြင့် တိုင်ဆန်ဖျူရီနှင့် အူဆက်ခ်တို့ပွဲစဉ်မှ အနိုင်ရရှိလာသည့် လက်ဝှေ့သမားအား စိန်ခေါ်ထိုးသတ်ခွင့် ရမည်လည်းဖြစ်သည်။

**Ref : RT**
**Trs : AZL**

## အားကစားသတင်းအတိုအထွာများ

- အင်္ဂလန်လိဂ်ဖလားအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ချန်ပီယံရှစ်အဖွင့်ပွဲစဉ်တွင် ပရီးမီးယားလိဂ်မှတန်းဆင်းသွားသည့် ဘန်လေအသင်းနှင့် လူတန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံနေကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက လာမည့်အပြောင်းအရွှေ့ကာလတွင် လိုက်ပ်ဇစ်ကစားသမား အိုလ်မိုကိုခေါ်ယူရန် ထပ်မံကြိုးပမ်းလျက်ရှိသည်။
- ဂျူဗင်တပ်အသင်းနည်းပြသစ် မော့တာ၏ စီမံကိန်းတွင်ပါဝင်ခြင်းမရှိကြောင်း ကွင်းလယ်ကစားသမား မက်ကင်နီက ထုတ်ဖော်ပြောကြားခဲ့သည်။
- ဝက်စ်ဟမ်းအသင်းက ရှက်ဖီး(U)အသင်းမှ ဂိုးသမား ဖိုဒါရင်ဟမ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ပြီး နှစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

**ML**

# Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား




**ရန်ကုန် ဇွန် ၂၆**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်ပြီး MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီတွင် Shadows FC အသင်းနှင့် 7 Brothers FC အသင်းတို့ကစားခဲ့ရာ 7 Brothers FC အသင်းက ငါးဂိုး တစ်ဂိုးဖြင့် လည်းကောင်း၊ နံနက် ၉ နာရီခွဲတွင် Junior FC အသင်းနှင့် 42 Youth Club အသင်းတို့ ကစားခဲ့ရာ Junior FC အသင်းက ခုနစ်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ပြီး နံနက် ၁၁ နာရီတွင် FCT Youth အသင်းနှင့် RE United အသင်းတို့ ကစားခဲ့ရာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အလားတူ မွန်းလွဲ ၁၂ နာရီခွဲတွင် Team Leo FC အသင်းနှင့် MST University အသင်းတို့ ကစားခဲ့ရာ MST University အသင်းက ရှစ်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် Team Tiger အသင်းနှင့် Jullniss FC အသင်းတို့ ကစားခဲ့ရာ Jullniss FC အသင်းက ငါးဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် Gold Dream FC အသင်းနှင့် SGF Youth အသင်းတို့ကစားခဲ့ရာ Gold Dream FC အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**

# ပဲရစ်အိုလံပစ်အားကစားပွဲတော်တွင် အသင်းမှူ ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်မဟုတ်

**တိုကျို ဇွန် ၂၆**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့သော ၂၀၂၀ ပြည့်နှစ် တိုကျိုအိုလံပစ်ပြိုင်ပွဲ၏ မီတာ ၈၀၀ အမျိုးသမီး အပြေးပြိုင်ပွဲတွင် အမေရိကန် ကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သော အသင်းမှူသည် အမေရိကန်အသင်းအတွက် ရွှေတံဆိပ်ဆုအား ဆွတ်ခူးခဲ့ပြီး ယခုနှစ် ပဲရစ်အိုလံပစ် အားကစားပွဲတော်တွင် ရွှေတံဆိပ်ဆုကို ကာကွယ်နိုင်ရန် ပစ်မှတ်ထားခဲ့သော်လည်း ဇွန် ၂၅ ရက်က အမေရိကန် ကိုယ်စားပြုအနေဖြင့် အိုလံပစ်ဝင်ခွင့်အတွက် အရည်အချင်းစစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အရည်အချင်းစစ်ပွဲမအောင်မြင်၍ အမေရိကန်ကိုယ်စားပြုအနေဖြင့် ယှဉ်ပြိုင်ခွင့်ရတော့မည်မဟုတ်ကြောင်း အသင်းမှူက ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

2023 World Championships အားကစားပွဲတော်တွင်လည်း အမေရိကန် အသင်းအတွက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရယူပေးနိုင်ခဲ့သော အသင်းမှူသည် ယခုနှစ်အတွင်းကျင်းပသော ပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသလို ဒဏ်ရာပြဿနာကြောင့် ကာလရှည် အနားယူခဲ့ရသည်။

အမေရိကန် ကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည့် အရည်အချင်းစစ် ပြိုင်ပွဲတွင် နီယာအာကင်၊ အယ်လီဇီလ်ဆင်၊ ဂျူလီယက်ဘီတို့က ပထမ၊ ဒုတိယ၊ တတိယနေရာတို့တွင် အသီးသီး ပန်းဝင်နိုင်ခဲ့သည့် အတွက်ကြောင့် ၎င်းတို့သုံးဦးက ပဲရစ်အိုလံပစ် အားကစားပွဲတော်တွင် အမေရိကန် အသင်းအား ကိုယ်စားပြုကာ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

အမေရိကန် အသင်းအတွက် အောင်မြင်မှုများစွာ ရယူပေးထားသော အသင်းမှူသည် တံကောက်ကြောဒဏ်ရာကြောင့် ပြိုင်ပွဲနှစ်ရပ်ဖြင့် လွဲချော်ခဲ့ရသူလည်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# Eastbourne International ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူ တက်ရောက်

**အီစ်ဘုန်း ဇွန် ၂၆**

ဗြိတိန် အီစ်ဘုန်းမြို့တွင် ကျင်းပနေသည့် Eastbourne International တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဗြိတိန်တင်းနစ်မယ် အမ်မာရာဒူကာနူနှင့် အမေရိကန်တင်းနစ်မယ် စလီဖင်တို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ အမ်မာရာဒူကာနူက (၆-၄၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။



အမ်မာရာဒူကာနူသည် ဒဏ်ရာပြဿနာကြောင့် French Open တင်းနစ်ပြိုင်ပွဲဖြင့် လွဲချော်ခဲ့ရပြီး ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်မှုပြုလုပ်သည့်အနေဖြင့် Eastbourne International တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေခြင်းလည်းဖြစ်သည်။

၂၀၂၁ ခုနှစ်တွင် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် တင်းနစ်လောကတွင် နေရာတစ်ခုရလာသည့် အမ်မာရာဒူကာနူသည် ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲနောက်ပိုင်း အောင်မြင်မှုရရှိရန်လည်း ရုန်းကန်နေရသူဖြစ်သည်။

စလီဖင်သည်လည်း ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုရှင်တစ်ဦးဖြစ်ပြီး အမေရိကန်၏ အကောင်းဆုံး တင်းနစ်မယ်စာရင်းဝင်တစ်ဦးဖြစ်သည်။

အမ်မာရာဒူကာနူသည် ဒဏ်ရာကြောင့် ပုံစံကောင်းရရှိရန် အခက်တွေ့နေချိန် စလီဖင်အားအနိုင်ရရှိခဲ့ခြင်းမှာ ဝင်ဘယ်ဒန်အတွက် အားရကျေနပ်စရာ ကောင်းသည့် ပြင်ဆင်မှုတစ်ရပ် ဖြစ်ကြောင်းလည်း ပြောကြားသွားခဲ့သည်။

အမ်မာရာဒူကာနူက “ယခုနှစ်အတွင်းမှာ ခက်ခဲတဲ့အချိန်ကာလတွေနဲ့ရင်ဆိုင်ခဲ့ရတယ်။ ဒါကြောင့် အချိန်ယူပြီးတော့ ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့တယ်။ ဒီနှစ်အစောပိုင်း ဒဏ်ရာပြဿနာတွေကြောင့်ပဲ ပုံစံကောင်းရဖို့ ရုန်းကန်နေတာဖြစ်ပါတယ်။ အခုဒီပြိုင်ပွဲမှာ ခက်ခဲတဲ့ပြိုင်ဘက်ကို အနိုင်ကစားနိုင် ခဲ့တာဟာ အပေါင်းလက္ခဏာဆောင်တဲ့ အခြေအနေဖြစ်ပါတယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# မန်ယူအသင်းက နည်းပြတန်ဟတ်နှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် နီးစပ်နေဟုဆို

**မန်ချက်စတာ ဇွန် ၂၆**

မန်ယူအသင်းက အသင်းနှင့် အနာဂတ်မရေရာ ဖြစ်နေသည့် နည်းပြတန်ဟတ်နှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက် နီးစပ်လျက်ရှိနေပြီး မကြာမီ အပြီးသတ်လက်မှတ်ရေးထိုးရန်အတွက် စီစဉ်ထားကြောင်းသိရသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက စံချိန်တင်ရလဒ်ဆိုးများနှင့် ကြုံတွေ့ခဲ့ရပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရသည့်အပြင် ပရီးမီးယားလိဂ် ပြိုင်ပွဲတွင်လည်း ရာသီပြီးဆုံးချိန်တွင် ရမှတ် ၆၀ မှတ်ဖြင့် အဆင့်(၈) နေရာတွင်သာ ရပ်တည်နိုင်ခဲ့ကာ ဥရောပပြိုင်ပွဲများဝင်ခွင့်နှင့် လွဲချော်ခဲ့ပြီးနောက် နည်းပြတန်ဟတ်အနေဖြင့် ရာထူးမှ ထုတ်ပယ်ခံရရန် နီးစပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ မန်ယူအသင်း အားကစားဆိုင်ရာ ကိစ္စရပ်များကို ဦးဆောင်လုပ်ကိုင်ခွင့် ရရှိထားသည့် ပူးတွဲအသင်းပိုင်ရှင် ရက်ကလစ်ဖ်က အသင်းကို ကြီးကြီးမားမား အပြောင်းအလဲလုပ်ဆောင်ရန် ကြိုးပမ်းခဲ့ပြီး နည်းပြတန်ဟတ်ကိုလည်း စာချုပ်ဖျက်သိမ်းပြီး ရာထူးမှ ထုတ်ပယ်ရန်အတွက် ပြင်ဆင်ခဲ့သည်။

သို့သော် ရက်ကလစ်ဖ်က နည်းပြတန်ဟတ်နှင့် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် နည်းပြတန်ဟတ်ကို စာချုပ်သက်တမ်းကုန်ဆုံးချိန်ထိ ဆက်လက်တာဝန်ပေးအပ်ရန် ဆုံးဖြတ်ခဲ့သည့်အပြင် ယခုအခါ နောက်ထပ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက်ပါ ကြိုးပမ်းခဲ့ရာမှ အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : STA**




# ဘာစီလိုနာအသင်းက နစ်ကိုးဝီလီယံကိုခေါ်ယူရန် ပြောင်းရွှေ့ကြေး ယူရို ၆၅ သန်းအပြင် အင်တီဂိုမာတီနက်ဇ်ကို အလိုက်ပေးကမ်းလှမ်း

**မက်ဒရစ် ဇွန် ၂၆**

ဘာစီလိုနာ အသင်းက ဘီလ်ဘာအိုအသင်းမှ နစ်ကိုးဝီလီယံကိုခေါ်ယူရန်အတွက် ပြောင်းရွှေ့ကြေး ယူရို ၆၅ သန်းအပြင် အသင်းမှ ခံစစ်ကစားသမား အင်တီဂိုမာတီနက်ဇ်ကိုပါ အလိုက်ပေးပြီး ဒုတိယအကြိမ် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ နစ်ကိုးဝီလီယံသည် ဘီလ်ဘာအိုအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ ပြိုင်ပွဲစုံ ၃၉ ပွဲထိ ပါဝင်ကစားခဲ့ကာ ရှစ်ဂိုးသွင်းယူ၍ ၁၉ ကြိမ်ထိ ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့ပြီးနောက် ဥရောပထိပ်တန်း အသင်းကြီးများက အပြိုင်ကမ်းလှမ်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဘာစီလိုနာ အသင်းသည် နစ်ကိုးဝီလီယံကို ခေါ်ယူရန်အတွက် ပထမအကြိမ် ကမ်းလှမ်းမှုအဖြစ် ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ကို နှစ်ကြိမ်ခွဲပေးချေပြီး ကမ်းလှမ်းခဲ့သော်လည်း ဘီလ်ဘာအိုအသင်းက ပယ်ချခဲ့သည်။

လက်ရှိတွင် နစ်ကိုးဝီလီယံကို ပရီးမီးယားလိဂ် ထိပ်တန်းကလပ်အသင်းကြီးများဖြစ်သည့် အာဆင်နယ်အသင်း၊ ချဲလ်ဆီးအသင်း၊ လီဗာပူးအသင်းတို့ကလည်း ခေါ်ယူရန် စောင့်ကြည့်နေသည့်အတွက် ဘာစီလိုနာအသင်းက လက်ဦးမှုရယူနိုင်ရန် ဒုတိယအကြိမ် ကမ်းလှမ်းမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် နစ်ကိုးဝီလီယံ၏ စာချုပ်ဖျက်သိမ်းကြေးမှာ ယူရို ၅၈ သန်းဖြစ်ပြီး ဘာစီလိုနာအသင်းက ယူရို ၆၅ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ပြောင်းရွှေ့ကြေးကို တစ်ပုံတည်း ပေးချေမည်မဟုတ်ဘဲ နှစ်ကြိမ်ခွဲပြီး ကမ်းလှမ်းထားသည့်အတွက် ဘီလ်ဘာအိုအသင်းက ထပ်မံပယ်ချဖွယ်ရှိနေပြီး စာချုပ်ဖျက်သိမ်းကြေး ယူရို ၅၈ သန်းကို တစ်လုံးတစ်ခဲတည်း ပေးချေမည့်အသင်းကိုသာ ရောင်းချသွားဖွယ်ရှိနေကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# AUKUS ၏ နည်းပညာပူးပေါင်းဆောင်ရွက်ရေးမဏ္ဍိုင်အတွက် အမေရိကန် ပြန်လည်သုံးသပ်မှု


AUKUS သည် အင်ဒို-ပစိဖိတ်ဒေသအတွင်း အရေးကြီးသည့် မိတ်ဖွဲ့တစ်ခုဖြစ်လာပြီး ဩစတြေးလျရေတပ်ကို နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတပ်ဆင်ပေးရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့သော်လည်း ဤအဖွဲ့တွင် နည်းပညာပူးပေါင်းဆောင်ရွက်ရေးထိ ချဲ့ထွင်လာခဲ့ရာ Pillar-2 ခေါ် မဏ္ဍိုင်-၂ သည် ဤအဖွဲ့အတွင်း ဆန်းသစ်သည့်နည်းပညာများ ဖော်ဆောင်ရေးအစီအစဉ်ကို လုပ်ဆောင်ခဲ့သည်။ ယခုအခါ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် ၎င်းအစီအစဉ်အရ ဩစတြေးလျနှင့် ဗြိတိန်ရှိ ကာကွယ်ရေးကန်ထရိုက်တာများကို လိုင်စင်များမလိုအပ်ဘဲ အမေရိကန်စစ်ဘက်ဆိုင်ရာ နည်းပညာများ တင်သွင်းခွင့်ပြုမည့် ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာများအတွက် အဆိုပြုထားသော ပြောင်းလဲမှုများကို လူသိရှင်ကြားပြန်လည်သုံးသပ်မှုလုပ်ငန်းစဉ်ကို လုပ်ဆောင်ခဲ့သည်။

ဩစတြေးလျနှင့် ဗြိတိန်တို့သည် အပြည်ပြည်ဆိုင်ရာ လက်နက်စည်းမျဉ်းများအရ လိုင်စင်လိုအပ်ချက်များမှ ကင်းလွတ်ခွင့်ရှိသည့် တစ်ခုတည်းသော နိုင်ငံဖြစ်သော ကနေဒါနိုင်ငံနှင့် ပူးပေါင်းသွားမည်ဖြစ်သည်။ ၎င်းသည် အမေရိကန်၏ကာကွယ်ရေးနည်းပညာများ မသမာသူများလက်ဝယ်သို့ ကျရောက်နေခြင်းကို ရပ်တန့်ရန် ရည်ရွယ်သည့် အပြည်ပြည်ဆိုင်ရာ လက်နက်ကုန်သွယ်မှုစည်းမျဉ်းများ (International Traffic in Arms Regulations-ITAR)ဖြစ်သည်။ ဩစတြေးလျ၊ ဗြိတိန်နှင့် အမေရိကန်တို့ကြား AUKUS လုံခြုံရေးသဘောတူစာချုပ်၏ မဏ္ဍိုင်-၂ ဗဟိုဖြစ်သော ကင်းလွတ်ခွင့်များနှင့်ပတ်သက်၍ လူသိရှင်ကြားချပြပေးရန် နည်းလမ်းရှာဖွေလျက်ရှိသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ယခုနှစ် မေ ၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါပြောင်းလဲမှုသည် ဩစတြေးလျ၊ ဗြိတိန်နှင့် အမေရိကန်တို့ကြား လိုင်စင်မဲ့ကာကွယ်ရေးကုန်သွယ်မှုတွင် ဒေါ်လာဘီလီယံပေါင်းများစွာကို ပံ့ပိုးပေးမည့် လိုင်စင်ကင်းလွတ်ခွင့်ကို ဖန်တီးပေးပြီး AUKUS မိတ်ဖက်များကြားတွင် ပိုမိုနက်ရှိုင်းသော လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဆန်းသစ်တီထွင်မှုကို လုပ်ဆောင်ခွင့်ရရှိစေမည်ဖြစ်သည်။ နိုင်ငံသုံးနိုင်ငံစလုံးသည် ၎င်းတို့၏ပုဂ္ဂလိကကဏ္ဍများနှင့် သုတေသနအသိုက်အဝန်းများရှိ အသုံးပြုမည့်သူများ၊ ဤကင်းလွတ်ခွင့်များကို ကင်းလွတ်ခွင့် သေချာစေရေး အတူတကွလုပ်ဆောင်မည်ဖြစ်သည်။ ထိုသို့ဖြင့် AUKUS တိုးမြှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု၏ ပန်းတိုင်များကိုပံ့ပိုးကူညီရန် ကတိပြုကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

AUKUS မဏ္ဍိုင်-၂ သည် အမေရိက၊ ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အာရှရှိ မဟာမိတ်များအတွက် ကတိကဝတ်များတိုးမြှင့်လာသည်။ထို့ကြောင့် ၎င်း၏ ကာကွယ်ရေးစက်မှုလုပ်ငန်းအခြေစိုက်စခန်းသည် အမေရိကတွင် ထုတ်လုပ်မှုကျဆင်းနေချိန်၌ နိုင်ငံသုံးနိုင်ငံအနှံ့တွင် ကျယ်ပြန့်ပြီး ချောမွေ့သော ကာကွယ်ရေးစက်မှုလုပ်ငန်းကို ဖန်တီးရန် ရည်ရွယ်သည်။ သို့သော်လည်း နယူးယောက်ရှိ အောက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီမှ ဒီမိုကရက်တစ်လွှတ်တော်ကိုယ်စားလှယ် Gregory Meeks အပါအဝင် အမေရိကန်လွှတ်တော်အမတ်တချို့က ITAR အပြောင်းအလဲကို ဝေဖန်အပြစ်တင်ခဲ့ကြပြီး ဩစတြေးလျအနေဖြင့် တရုတ်တို့ရယူနိုင်ဖွယ်ရှိသည့် ကာကွယ်ရေးလျှို့ဝှက်ချက်များကို ကာကွယ်နိုင်မည်လားဟု မေးခွန်းထုတ်ခဲ့သည်။

ဩစတြေးလျနှင့်ဗြိတိန်ကုမ္ပဏီများသည် စိစစ်ပြီး လိုင်စင်လုပ်ငန်းစဉ်ကို ဖြတ်သန်းပြီးနောက် အမေရိကန်၏စစ်ဘက်ဆိုင်ရာ နည်းပညာကို လွတ်လပ်စွာ ရယူသုံးစွဲနိုင်ပြီဟု အဆိုပြုထားသည့် ITAR ကင်းလွတ်ခွင့်များနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို ၂၀၂၃ ခုနှစ်တွင် ဖော်ပြခဲ့သည်။ နိုင်ငံခြားကုမ္ပဏီများစွာအတွက် ဗျူရိုကရေစီနှင့် ဝန်ထုပ်ဝန်ပိုးရှိနေသောကြောင့် AUKUS နိုင်ငံ သုံးနိုင်ငံစလုံးတွင် ထုတ်လုပ်မှုဆန်းသစ်မှုကို လွယ်ကူချောမွေ့စေရန်အတွက် ကင်းလွတ်ခွင့်များ လိုအပ်လျက်ရှိသည်။ ကွန်ဂရက်လွှတ်တော်သည် ၂၀၂၃ ခုနှစ် ကာကွယ်ရေးအသုံးစရိတ်ခွင့်ပြုချက်ဥပဒေကြမ်းတွင် ဖြစ်နိုင်ခြေရှိသောကင်းလွတ်ခွင့်များကို နောက်ဆုံးတွင် အတည်ပြုခဲ့ကြောင်း သိရသည်။




### ITAR ကင်းလွတ်ခွင့်

ဩစတြေးလျနှင့် ဗြိတိန်ကုမ္ပဏီများက အမေရိကန်စစ်ဘက်နည်းပညာကို လွတ်လပ်စွာ ဝင်ရောက်ခွင့်ရှိနေပြီဟု အဆိုပြုထားသည့် ITAR ကင်းလွတ်ခွင့်များနှင့် ပတ်သက်၍ စိုးရိမ်ကြောင်း ပြီးခဲ့သည့်နှစ်တွင် နိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူများက ဖော်ပြခဲ့သည်။ အမေရိကန်ကွန်ဂရက်လွှတ်တော်သည် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ကာကွယ်ရေးအသုံးစရိတ်ခွင့်ပြုချက် ဥပဒေကြမ်းတွင် ဖြစ်နိုင်ခြေရှိသော ကင်းလွတ်ခွင့်များကို အတည်ပြုခဲ့ပြီး ဩစတြေးလျနိုင်ငံတွင် ကင်းလွတ်ခွင့်ရှိ၊ မရှိ အကဲဖြတ်ရန်အတွက် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်ကို အချိန်သတ်မှတ်ပေးခဲ့သည်။ ဗြိတိန်သည် အမေရိကန်၏စစ်ရေးလျှို့ဝှက်ချက်များကိုကာကွယ်ရန်အတွက် သင့်လျော်သောအကာအကွယ်များ ထားရှိခဲ့သည်။

သို့သော် ယခုနှစ် ဧပြီ ၁၉ ရက်တွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ထိုကဲ့သို့သော ဆုံးဖြတ်ချက်ကို မချမှတ်နိုင်သေးဘဲ မဟာမိတ်များကို ရက်ပေါင်း ၁၂၀ အတွင်း ထပ်မံအကဲဖြတ်မည်ဟု ပြောကြားခဲ့သည်။ ထိုအချိန်တွင် ကင်းလွတ်ခွင့်များ အပြီးသတ်နိုင်မည်ဟု ဆီးနိတ်လွှတ်တော်အမတ်က ပြောကြားခဲ့သည်။ အိုင်ဒါဟိုမှ ရီပတ်ဘလီကန်အမတ်တစ်ဦးဖြစ်ပြီး ၎င်း၏ပါတီ အထက်လွှတ်တော်နိုင်ငံခြားဆက်ဆံရေးကော်မတီ၏ အဆင့်သတ်မှတ်ရေးအဖွဲ့ဝင်ဖြစ်သူ ဂျင်ရိဒ်က အဆိုပါ ဆုံးဖြတ်ချက်သည် AUKUS မဟာမိတ်စာချုပ်ကို အားနည်းစေသည်ဟု ရှုတ်ချခဲ့သည်။

ဗြိတိန်နှင့် ဩစတြေးလျတွင် အမေရိကန်၏ပို့ကုန်ထိန်းချုပ်မှုစနစ်များမရှိသည့် သမ္မတဂျိုးဘိုင်ဒင်အစိုးရ၏ ဆုံးဖြတ်ချက်သည် လွန်စွာလမ်းလွဲနေပြီး AUKUS အကောင်အထည်ဖော်မှုကို ပိုမိုနှောင့်နှေးစေသည်ဟု ဂျင်ရိဒ်က ဧပြီ ၂၂ ရက် ထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။ ဤဆုံးဖြတ်ချက်က ဗြိတိန်နှင့် ဩစတြေးလျတို့နှင့် အမေရိကန်တို့၏ ကုန်သွယ်မှုသည် အနည်းဆုံးလာမည့်လေးလထိ တည်ဆဲ ITAR စည်းမျဉ်းများအောက်တွင် ဆက်လက်လည်ပတ်နေဦးမည်ဟု ၎င်းက ဆိုသည်။ AUKUS ၏ ကတိအတိုင်း ဆောင်ရွက်ရမည့်အချိန်ဖြစ်သည်။ ဆက်လက်လုပ်ဆောင်ရန် ပျက်ကွက်ခြင်းသည် တရုတ်နိုင်ငံနှင့် ယှဉ်ပြိုင်ခြင်းနှင့်ပတ်သက်၍ အုပ်ချုပ်ရေးယန္တရားတွင် အခြေခံအားဖြင့် လေးနက်မှုမရှိသည်ကို ပြသနိုင်မည်ဖြစ်သည်။

ဩစတြေးလျနှင့်ဗြိတိန်တို့သည် ကနေဒါနှင့်နယူးဇီလန်တို့နှင့်အတူ အမေရိကန်နိုင်ငံနှင့် Five Eyes ထောက်လှမ်းရေးသတင်းမျှဝေရေး မဟာမိတ်အဖွဲ့၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယုံကြည်ထားပြီးဖြစ်ကြောင်း ဂျင်ရိဒ်က ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်တွင် မှတ်ချက်ပြုခဲ့သည်။

### ကျယ်ပြန့်လာသည့်ကွန်ရက်

ကင်းလွတ်ခွင့်များကို ဝေဖန်သူများက Five Eyes သည် ယုံကြည်စိတ်ချရသော နိုင်ငံခြားအစိုးရများနှင့် စီစဉ်ပေးသည့် အစီအစဉ်ဖြစ်ပြီး ITAR တွင် အပြောင်းအလဲများသည် အမေရိကန်ကာကွယ်ရေးနည်းပညာကို ကာကွယ်ရန် တာဝန်ယူမည့် ပုဂ္ဂလိကကုမ္ပဏီများ၏လက်သို့ ရောက်သွားလိမ့်မည်ဟု ထောက်ပြကြသည်။

ဩစတြေးလျနှင့် ဗြိတိန်ကုမ္ပဏီများသည် အမေရိကမှ တင်ပို့ခြင်း၊ ပြန်လည်တင်ပို့ခြင်း၊ ပြန်လည်လွှဲပြောင်းခြင်း သို့မဟုတ် ယာယီကာကွယ်ရေးဆိုင်ရာ ဥပဒေများတင်သွင်းခြင်း မပြုမီတွင် နိုင်ငံခြားရေးဝန်ကြီးဌာနထံမှ ခွင့်ပြုချက်ရယူရန် မလိုအပ်တော့ကြောင်း အမေရိကန်ဗဟိုမှတ်ပုံတင်ဌာန (US Federal Register) တွင် ဖော်ပြထားသည်။ ၎င်းနှင့် ပတ်သက်သည့် အန္တရာယ်များကို လျော့ပါးစေရန်အတွက် အဆိုပြုထားသောကင်းလွတ်ခွင့်များက ဩစတြေးလျနှင့် ဗြိတိန်ရှိ အလွန်အမင်းအရေးကြီးသော အမေရိကန်နည်းပညာများကို အသုံးပြုခွင့်ရရှိသူများသည် အမေရိကန်နိုင်ငံရှိ "လျှို့ဝှက်ချက်" အဆင့်ခွင့်ပြုချက်ရရှိရေးဆိုင်ရာများကို ၎င်းတို့၏ နိုင်ငံများတွင် ညီမျှစွာလိုအပ်မည်ဟု ဆိုသည်။

ကင်းလွတ်ခွင့်များသည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်မည်မဟုတ်ပေ။ နိုင်ငံခြားရေးဝန်ကြီးဌာနသည် အဆိုပြုထားသောကင်းလွတ်ခွင့်အသစ်အရ လွှဲပြောင်းခြင်းအတွက် အကျုံးဝင်စာရင်းမှ ဖယ်ထုတ်ထားသော ကာကွယ်ရေးဆိုင်ရာ ဥပဒေအပိုဒ်များနှင့် ကာကွယ်ရေးဝန်ဆောင်မှုများစာရင်းကို Federal Register filing တွင် ဖော်ပြထားသည်။ မည်သို့ပင်ဆိုစေကာမူ ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ၏ ရည်မှန်းချက်များနှင့်ပတ်သက်၍ စိုးရိမ်မှုများကြားတွင် စစ်လက်နက်ပစ္စည်းထုတ်လုပ်မှုကို သိသိသာသာချဲ့ထွင်နိုင်သည့် ကင်းလွတ်ခွင့်များကို ကျော်ဖြတ်ရန် သမ္မတဂျိုးဘိုင်ဒင်အစိုးရက ရည်ရွယ်ချက်ထားပုံရသည်။

ယခုနှစ် ဖေဖော်ဝါရီလထိ သမ္မတဂျိုးဘိုင်ဒင်၏ အာရှဆိုင်ရာ ထိပ်တန်းအကြံပေးဖြစ်ခဲ့သည့် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ကာ့တ်ကမ်ဘဲလ်က မဏ္ဍိုင်-၂ သည် အမေရိကန်၏ ကာကွယ်ရေးစက်မှုလုပ်ငန်းကို နှောင့်ယှက်နေသော ကြီးမားသည့် ဆုတ်ယုတ်မှုများမှ အခြေခံအားဖြင့် ရှေ့သို့ လှမ်းခြင်းဖြစ်သည်ဟု ဧပြီလက ပြောကြားခဲ့သည်။ အချိန်ကြာလာပါက အမေရိကန်တာဝန်ရှိသူများက မဏ္ဍိုင်-၂ ကို မဟာမိတ်များ ပိုမိုပါဝင်ရန် ချဲ့ထွင်နိုင်သည်ဟု ဆိုသည်။ ပြီးခဲ့သော ဧပြီလတွင် တာဝန်ရှိသူများက ဂျပန်နိုင်ငံသည် ပထမဆုံးသောအပိုနိုင်ငံဖြစ်လာနိုင်သည်ဟု ပြောကြားခဲ့သော်လည်း ဩစတြေးလျနှင့် ဗြိတိန်တို့နှင့် ညှိနှိုင်းမှုအပြည့်အဝပြီးစီးသည်ထိ စောင့်ရမည်ဟု ဂျပန်နိုင်ငံက ပြောကြားခဲ့သည်။ တောင်ကိုရီးယားကလည်း ပူးပေါင်းရန် စိတ်ဝင်စားကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။

လက်ရှိတွင် မဏ္ဍိုင်-၂ အစီအစဉ်တွင် အကျုံးဝင်သည့် နယ်ရှစ်ခုကို အမေရိကန်နှင့် အဖွဲ့ဝင်တို့က ဖော်ပြထားသည်။ ၎င်းတို့အနက် ခြောက်ခုသည် နည်းပညာဆိုင်ရာနယ်ပယ်ဖြစ်ပြီး နှစ်ခုသည် လုပ်ဆောင်မှုနယ်ပယ်ဖြစ်သည်။ ၎င်းနည်းပညာနယ်ပယ်များမှာ ရေအောက်စွမ်းရည်များ၊ ကွမ်တန်နည်းပညာများ၊ မှတ်ဉာဏ်တုနှင့် အလိုအလျောက်လုပ်ဆောင်မှုစနစ်၊ အဆင့်မြင့်ဆိုက်ဘာ၊ ဟိုက်ပါဆောနစ်နှင့် ဟိုက်ပါဆောနစ်တန်ပြန်စွမ်းရည်များ၊ အီလက်ထရွန်နစ်စစ်ဆင်ရေး၊ ဆန်းသစ်တီထွင်မှုများနှင့် သတင်းအချက်အလက်မျှဝေရေးတို့ဖြစ်သည်။ ဤနယ်ပယ်များတွင် လုပ်ဆောင်ရမည့်လုပ်ငန်းအဖွဲ့များသည် သက်ဆိုင်ရာနိုင်ငံများ၏ ကျယ်ပြန့်သည့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာများနှင့် ဆက်နွယ်လျက်ရှိသည်။ ထို့ပြင် လွှတ်တော်များနှင့် ပါဝင်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍနှင့်လည်း အဓိကသက်ဆိုင်လျက်ရှိနေသည်။

AUKUS အဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ အမေရိကန်ကွန်ဂရက်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ AUKUS ဖွဲ့စည်းရေးဆိုင်ရာ လွှတ်တော်ကော်မတီကိုပင် ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်သည်။ ကွန်ဂရက်အနေဖြင့် AUKUS Pillar-2 နှင့်ပတ်သက်၍ သုတေသန၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စမ်းသပ်ရေးနှင့် အကဲဖြတ်ရေးအစီအစဉ်အပါအဝင် AUKUS လှုပ်ရှားမှုများအတွက် ရန်ပုံငွေကိုလည်း ခွင့်ပြုပေးခဲ့သည်။ ယခုအခါ မဏ္ဍိုင်-၂ လှုပ်ရှားမှုများတွင် ဂျပန်နိုင်ငံပါဝင်နိုင်ရေး စိစစ်မှုများကိုလည်း လုပ်ဆောင်လျက်ရှိသည်။

အချုပ်ဆိုရလျှင် အမေရိကန်က AUKUS မဏ္ဍိုင်-၂ ဖြစ်သည့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးကို သုံးသပ်လုပ်ဆောင်ခြင်းသည် နိုင်ငံအတွင်း လျော့ပါးလာနေသည့် ကာကွယ်ရေးစက်မှုလုပ်ငန်းကို အရှိန်အဟုန်ပြန်လည်မြှင့်တင်ရန် ရည်ရွယ်နေခြင်းဖြစ်သည်။ ဒေသတွင်း ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရာတွင် ထိုကဲ့သို့သော နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာသစ် ဖော်ဆောင်ခြင်းသည် အဓိကကျသည့် နည်းလမ်းတစ်ခုဖြစ်သောကြောင့် နည်းပညာသစ်များလည်း ပေါ်ပေါက်လာမည်ဖြစ်သည်။ ထို့ကြောင့် အမေရိကန်အနေဖြင့် ဤမဟာမိတ်အဖွဲ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အခြေအနေများကို မဖြစ်မနေ သုံးသပ်လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **US begins review process for key AUKUS Pillar, May, 2024**
- **AUKUS Pillar-2(Advanced Capabilities):Background and Issues for Congress, CRS Report, May, 2024**

**နေရှား(သုတေသန)**

# The Biggest Thai Music Singing in Myanmar ထိုင်းသီချင်းဆိုပြိုင်ပွဲ စက်တင်ဘာလတွင် ကျင်းပပြုလုပ်သွားမည်




**ရန်ကုန် ဇွန် ၂၆**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် The Biggest Thai Music Singing in Myanmar ထိုင်းသီချင်းဆိုပြိုင်ပွဲကို စက်တင်ဘာလတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါပြိုင်ပွဲတွင် အကဲဖြတ်အဖွဲ့ဝင်အဖြစ် ပါဝင်မည့် အဆိုတော် အုပ်စိုးခန့်က ပြောပြ၍ သိရသည်။

The Biggest Thai Music Singing in Myanmar ထိုင်းသီချင်းဆိုပြိုင်ပွဲကို ထိုင်းနိုင်ငံ၏ အကြီးဆုံး ဖျော်ဖြေရေးကုမ္ပဏီများဖြစ်သည့် GMM Grammy နှင့် GMMTV တို့က ပံ့ပိုးကူညီထားကြောင်း သိရသည်။

"The Biggest Thai Music Singing in Myanmar ထိုင်းသီချင်းဆိုပြိုင်ပွဲမှာ ပထမဆု Winner ရရှိသူကို အမေရိကန်ဒေါ်လာ ၃၅၀၀ နဲ့ ဆုတံဆိပ်ပေးအပ်ချီးမြှင့်သွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင်လိုသူတွေဟာ အသက် ၁၈ နှစ်နဲ့အထက်ရှိတဲ့ မြန်မာနိုင်ငံသားဖြစ်ရပါမယ်။ ပြိုင်ပွဲဝင်တွေဟာ GMM Group အောက်မှာ လိုင်စင်ရယူထားတဲ့ နှစ်သက်ရာ တေးသီချင်းတစ်ပုဒ်ကို ရွေးချယ်ပြီး မိမိအသံတစ်သံတည်းနဲ့သီဆိုပြီးတော့ မျက်နှာလဲ ကြည်လင်ပြတ်သားစွာပါတဲ့ ဗီဒီယိုဖိုင်ကို www. tpopstar.com ကို ဇူလိုင် ၃၁ ရက်ထိ ပေးပို့ရမှာဖြစ်ပါတယ်"ဟု အဆိုတော် အုပ်စိုးခန့်က ပြောပြသည်။

အဆိုပါပြိုင်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ ရန်ကုန်မြို့သို့လာရောက်ပြီး ပါဝင်သီဆိုယှဉ်ပြိုင်ရမည့်ပြိုင်ပွဲဝင်များအတွက် လမ်းစရိတ်နှင့် တည်းခိုစရိတ်များကို တာဝန်ယူပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် GMM Grammy နှင့် GMMTV အောက်ရှိ ထိုင်းအနုပညာရှင်များနှင့် မြန်မာအနုပညာရှင်များက အကဲဖြတ်ဒိုင်လူကြီးများနှင့် အထူးဧည့်သည်တော်များအဖြစ် တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ ASH

# ရန်ကင်းမြို့နယ် Sedona Hotel ၌ မင်္ဂလာပွဲခင်းသဘင်အနုပညာဖျော်ဖြေပွဲ ပြုလုပ်မည်

**ရန်ကုန် ဇွန် ၂၆**

မင်္ဂလာပွဲခင်းသဘင်အနုပညာဖျော်ဖြေပွဲကို ဇူလိုင် ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ Sedona Hotel တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ မင်္ဂလာပွဲခင်းသဘင်အနုပညာဖျော်ဖြေပွဲကို ဦးဆောင်စီစဉ်သည့် ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းက ပြောပြ၍ သိရသည်။

မင်္ဂလာပွဲခင်း သဘင်အနုပညာဖျော်ဖြေပွဲကို Golden Key Entertainment မှ စီစဉ်ခြင်းဖြစ်ပြီး ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်း၊ ဘွန်း၊ ဆန်းမင်းအောင်၊ သီဟလှိုင်၊ ဖူးချစ်တို့နှင့် အငြိမ့်မင်းသမီး ရွှေကြည်ချမ်းမြ၊ အေးသန္တာဗို၊ ချမ်းချမ်းမိုး၊ ဩဘာစန်းတို့က အက၊ အလှ၊ နှစ်ပါးခွင်များဖြင့် ဖျော်ဖြေကြမည်ဖြစ်ပြီး နှစ်ပါးခွင်တွင် လူရွှင်တော် ပေါက်ကျော်၊ ဖြိုးကျော်တို့က အားဖြည့်ဖျော်ဖြေပေးမည်ဖြစ်ကြောင်း သိရသည်။




"ဇာတ်ပွဲဆိုတာ ပွဲကြည့်သူနဲ့ ပွဲကသူတို့ အတူတူဆုံစည်းကြပြီး အတူတူ ရင်ခုန်ခံစားကြရတာကမှ တကယ့်အနှစ်သာရပါ။ ဖန်သားပြင်မှာ ကြည့်ရတယ်ဆိုပေမဲ့ ပွဲခင်းထဲ လူကိုယ်တိုင် သွားကြည့်ရတဲ့ အရသာကို သဘင်ပွဲချစ်သူတိုင်းသိပြီးသားမို့ ဒီစိတ်အာဟာရလိုအပ်ချက်ကို ဖြည့်စွက်ရအောင်လို့ မင်္ဂလာပွဲခင်းဆီ ပွဲကြည့်ကြွကြပါအုံး"ဟု ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းက ပြောပြသည်။

အဆိုပါ မင်္ဂလာပွဲခင်းသဘင်အနုပညာဖျော်ဖြေပွဲကို ဇူလိုင် ၆ ရက် ညနေ ၄ နာရီမှစတင်ကာ Sedona Hotel မင်းတုန်းခန်းမ၌ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ကြွရောက်လာကြသည့် သဘင်ချစ်သူများကို မုန့်၊ ကော်ဖီဖြင့်ဧည့်ခံမည်ဖြစ်ကြောင်း၊ ဖျော်ဖြေပွဲလက်မှတ်များကို ငွေကျပ် ၃၀၀၀၀ မှ ငွေကျပ် ၇၀၀၀၀ ထိ သတ်မှတ်ထားကြောင်း သိရသည်။ ASH

# နွားထိုးကြီးမြို့နယ် မိုးကန်(အရှေ့)ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**နွားထိုးကြီး ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုးကန်(အရှေ့)ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နွားထိုးကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသိန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)သည် ကျေးရွာလိုအပ်ချက်ကိုကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ရွေးချယ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းစနစ်ဖြင့် ဆောင်ရွက်ရသောစီမံကိန်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီရွေးချယ်မှုသတ်မှတ်ချက်များ၊ စီမံကိန်းရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များအကြောင်း ရှင်းလင်းပြောကြားပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

မိုးကန်(အရှေ့)ကျေးရွာအပါအဝင် ကျေးရွာသုံးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာ တစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့နှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသိန်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# Freaky Friday-2 ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်း စတင်နေ

**နယူးယောက် ဇွန် ၂၆**

Freaky Friday-2 ဇာတ်ကားသစ် ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ဒစ္စနီးကုမ္ပဏီက စတင်နေပြီဖြစ်ကြောင်း ဇွန် ၂၅ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် Freaky Friday(2003) ဇာတ်ကား၏ နောက်ဆက်တွဲဟာသဇာတ်ကားသစ်ဖြစ်သည်။

Freaky Friday-2 ဇာတ်ကားတွင် မင်းသမီး ဂျေမီလီကားတစ်နှင့် လင်ဆေးလိုဟန်တို့ ပြန်လည်ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

မင်းသမီး ဂျေမီလီကားတစ်နှင့် လင်ဆေးလိုဟန်တို့သည် Freaky Friday(2003) ဇာတ်ကားတွင် ပါဝင်ခဲ့ကြသည့် မူလသရုပ်ဆောင်များဖြစ်ကြသည်။

Freaky Friday-2 ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ နီရှာဂါနာထရာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ ဂျော်ဒန်ဗိုက်က ဝတ္ထုဇာတ်ညွှန်း ရေးသားပေးထားသည်။

Freaky Friday-2 ဇာတ်ကားကို ၂၀၂၅ ခုနှစ်အတွင်း ရုံတင်ပြသရန် ဒစ္စနီးကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# Mike and Nick and Nick and Alice ဇာတ်ကားတွင် ဂျိမ်းမာ့ဒန် ပါဝင်မည်

**နယူးယောက် ဇွန် ၂၆**

Mike and Nick and Nick and Alice ဟာသအက်ရှင်ဇာတ်ကား၌ မင်းသား ဂျိမ်းမာ့ဒန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၂၅ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် Mike and Nick and Nick and Alice ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

သို့ရာတွင် Mike and Nick and Nick and Alice ဇာတ်ကားသည် မြေအောက်ဒုစရိုက်လောကကို နောက်ခံထားရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာဘင်ဒေးဗစ်ဂရာဘင်စကီးက ကိုယ်တိုင် ဝတ္ထုဇာတ်ညွှန်း ရေးသား၍ ကိုယ်တိုင်တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Mike and Nick and Nick and Alice ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

အလားတူ အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကိုလည်း ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Myanmar to expand community-based tourism in Bagan and Nay Pyi Taw


An ancient temple in the Bagan ancient cultural region.

**Bagan June 26**

The Hotels and Tourism Ministry announced that Community-Based Tourism (CBT) will be implemented in model villages within the Bagan Ancient Cultural Region and the Nay Pyi Taw Council Area.

"Community-Based Tourism (CBT) is not a new concept. It has been practiced before. Although the implementation declined during the COVID-19 period, it will now be carried out in collaboration with the Ministry of Cooperatives and Rural Development. Currently, we are searching for model villages within the Bagan Ancient Cultural Region and the Nay Pyi Taw Council Area that are suitable for CBT development. As the current tourism season is coming to an end, we are identifying these villages now so that we can prepare for the next tourism season when tourists can visit," said U Zeyar Myint Aung, Deputy Director General of the Directorate of Hotels and Tourism.

Community-Based Tourism (CBT) will be implemented in model villages that have traditional cultures, handicrafts, weaving, and cottage industries, allowing domestic and international tourists to visit and learn about them. This is being carried out by the Hotels and Tourism Ministry in collaboration with the Ministry of Cooperatives and Rural Development. CBT has also been implemented in Shan State, Tanintharyi Region, and Mandalay Region previously.

ASH

# Butter bean marketable in Mandalay due to high demand at home and abroad

**Mandalay June 26**

High demand from abroad help rise trading of butter bean in Mandalay market, said U Set Maung Swe, secretary of Brokers, Merchants and Millers Maha Kahteindaw Association (Mandalay Commodity Centre).

Foreign trade partners offer demands to purchase butter bean from Myanmar, shaking prices of butter bean in Mandalay market.

The secretary said: "Butter bean is one of the marketable commodities in Mandalay market. Now, demands from China are high to purchase butter bean in Mandalay."

On 25 June, butter bean fetched K445,000 per three-basket bag in Mandalay market.

Butter bean is primarily grown in Magway, Sagaing, Mandalay, Yangon, Bago and Ayeyawady regions.

"Butter bean is in high trading in the domestic market. It is good potential for trading of butter bean in the future. It is expected to increase foreign trade partners to purchase larger volume of butter bean.

184


Samples of butter beans.

# Vendors under restriction not to sell goods around moats in Mandalay

**Mandalay June 26**

Officials supervise vendors not allowed sales around moats in Mandalay City, said U Ye Tun, Deputy Head of Revenue Department of Mandalay City Development Committee.

The walls of the royal Mandalay and moats attract local and foreign travellers in Mandalay. So, the MCDC does not allow any vendors to sell goods without permissions beside the moats along 26th, 12th, 80th and 66th streets in Mandalay. Those officials started supervision in the third week of June.

"We do not allow vendors along the moats, aimed at keeping along the moat neat and tidy. If not, the committee will punish them with fine," he explained.

As around the moats and royal city walls are attracting local and foreign travellers, it needs to clean the areas without waste. So, action will be taken against those selling goods without permission of MCDC.

Officials from the Revenue Department of MCDC and other authorities are checking sales of snacks and foodstuffs along the moats to take action with fine of K10,000 to K50,000 over offenders.

184

# 4 killed in wall collapse in India's Karnataka

**New Delhi June 26**

Four members of a family were killed after a compound wall collapsed on their house Wednesday in the southwestern state of Karnataka, officials said.

The wall collapsed in Ullal taluk of Dakshina Kannada district. According to local revenue department officials, the area has witnessed heavy rains over the past few days.

"This morning amid heavy downpour, four people of a family including two children were killed after compound wall of their neighbor fell on their house at Kuttar of Munnur village," an official said. "The deceased were identified as a couple in their 40s and their son and daughter."

Reports said the India Meteorological Department has issued an orange alert in the district till Thursday.

Deadly accidents due to failing infrastructure, either new or old, are common in India. Construction experts blame lax administration and corruption in India for flouting building rules that often result in using poor quality materials, inadequate supervision and poor safety standards for workers.

Xinhua

# China-Romania joint lab for agriculture cooperation unveils in Bucharest

**Bucharest June 26**

The China-Romania Joint Laboratory for Cooperation in Agriculture was officially inaugurated on Tuesday at the University of Agronomic Sciences and Veterinary Medicine (UASVM) in Bucharest, aiming to enhance collaborative research in agricultural science and technological innovation.

This joint initiative was built by the Institute of Environment and Sustainable Development in Agriculture under the Chinese Academy of Agricultural Sciences and the UASVM, with support from the Ministry of Science and Technology of China, the Chinese Embassy in Romania and the Romanian Ministry of Agriculture.

Wu Kongming, president of the Chinese Academy of Agricultural Sciences, hailed the laboratory's establishment as a significant milestone in China-Romania scientific cooperation, emphasizing its role in green agricultural development.

Elena Tatomir, general director of the Directorate General for Agricultural Policy at the Romanian Ministry of Agriculture and Rural Development highlighted the importance of this collaboration for the future of Romanian agriculture, particularly in greenhouse vegetable cultivation.

Xinhua


Elena Tatomir, general director of the Directorate General for Agricultural Policy at the Romanian Ministry of Agriculture and Rural Development, delivers a speech at the opening ceremony of the China-Romania Joint Laboratory for Cooperation in Agriculture in Bucharest, Romania, on June 25, 2024.

# Patheingyi Township releases 800,000 two-inch fingerlings to Ayeyawady Region


Fingerlings being released into the Ayeyawady River.

**Mandalay June 26**

A total of 800,000 fingerlings with two inches in length were released into Ayeyawady River on 24 June for sustainability of fish resources in the township, said U Tun Naung Win, assistant director of Thayetgon fishery camp of Patheingyi Township in Mandalay Region.

Thayetgon, Natyaygan and Yenatha fishing camps in Mandalay Region released 800,000 fingerlings into Ayeyawady River from Kywesun Port of Patheingyi Township. In this regard, 100,000 fingerlings of rohu, 300,000 fingerlings of Shwewah sturgeon and 400,000 swamp barb into the river in order to sustain fish resources in the natural water.s

The assistant director explained: "Thanks to releasing fingerlings, fish farming industry will boom in the region with creation of jobs for locals. Moreover, it aims to regeneration of fish for local consumption. Today, we released fingerlings into Ayeyawady River from Aungmyethazan District."

The fish releasing ceremony was attended by Aungmyethazan Township Administration Body U Aung Swe, Patheingyi Township Administration Body U Myint Oo and officials of Fisheries Department and staff. 185

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 7,786 acres of corn successfully planted in Tanse Township for 2024-2025 monsoon season

**Tanse June 26**

According to reports from the Agriculture Department of YeU District, 7,786 acres of seed corn and sweet corn have been planted in Tanse Township during this year's monsoon planting season.

For the 2024-2025 monsoon planting season, a total of 8,168 acres have been planned for seed corn (7,152 acres) and sweet corn (1,016 acres). Planting started in May of this year, and as of today, 5,865 acres of seed corn and 1,921 acres of sweet corn have been planted, totaling 7,786 acres.

"This year, in Tanse Township, we planned to plant over 8,000 acres of seed corn and sweet corn. So far, we have planted over 7,000 acres. We are working to meet the target acreage for corn planting this year. We are also providing education to ensure the success of the corn crops and to prevent pest and disease outbreaks," said Zaw Myint Tun, head of the YeU District Agriculture Department.


A corn plantation.

In Tanse Township, the relevant Township Agriculture Department has been providing training and field demonstrations to corn farmers. They are also working on preemptive pest control, integrated crop protection systems, and the use of pesticides.

In Tanse Township, seed corn yields over 50 baskets per acre, with a planting cost of 500,000 kyats per acre, while sweet corn yields 15,000 cobs per acre, with a planting cost of over 500,000 kyats per acre. 206

# Sagaing Township farmers plant 3,328 acres of rain-fed vegetables

**Sagaing June 26**

A total of 3,328 acres of vegetables have been planted in Sagaing Township, Sagaing District, Saging Region in this year rain crops planting season, according to statistics from Department of Agriculture for Sagaing Township.

During the 2024-2025 rain crops planting season, 24,330 acres of vegetables have been earmarked to plant in Sagaing Township, and 3,328 acres have been planted since May this year.

"The locals planted mustards, chili, tomato, eggplants, cabbages, cauliflowers and okras, etc. We are providing technology to farmers so that they can grow all the vegetables they grow using the GAP system. We are giving farmers the technology to grow all the vegetables they grow in a way and minimize chemical residue that is compatible with their health," said U Zaw Oo, head of the Department of Agriculture for Sagaing Township.

During the 2023-2024 rain crops planting season, 24,330 acres of vegetables were planned to be planted in Sagaing Township and from May to September 2023, 28,615 acres of vegetables were planted. 206


A vegetable plantation.

# More than 2,000 acres of cattle feed plants cultivated in Yamethin Township

**Yamethin June 26**

A total of 2,810 acres of cattle feed plantations have been cultivated in Yamethin Township of Mandalay Region this monsoon, said U Aung Myo Thant, Head of Township Agriculture Department.

Maize is being cultivated as cattle feeds in the township yearly. This monsoon, the township earmarked 7,599 acres of maize as cattle feeds. It was grown starting from the last week of May 2024. So far, 2,810 acres of cattle feed plants have been cultivated against the target.

"Our department raised farmer awareness for cultivation of cattle feed plants. So, they grow maize for cattle. In addition, we urge them to take care of pest at the cattle feed farm. Currently, they are ensure to have cattle feed for year," he explained.

Agricultural staff conduct agricultural course for local farmers to grow cattle feed plants, field demonstrations and prevention of FAW at the farms. 185

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အိန္ဒိယတပ်မတော်က Tapas စောင့်ကြည့်ထောက်လှမ်းရေးဒရုန်း ၁၀ စင်း ဝယ်ယူရန်စီစဉ်



အိန္ဒိယတပ်မတော်သည် စောင့်ကြည့်ထောက်လှမ်းရေးစွမ်းရည်ကို ပိုမိုမြှင့်တင်ရန်အတွက် ပြည်တွင်း၌ တီထွင်ထုတ်လုပ်ထားသော Tapas ကင်းထောက်ဒရုန်း ၁၀ စင်းဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း The Defense Post သတင်းဌာနက ဇွန် ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယလေတပ်(IAF)အတွက် Tapas ကင်းထောက်ဒရုန်းခြောက်စင်းနှင့် အိန္ဒိယရေတပ်အတွက် လေးစင်း ရည်ရွယ်သတ်မှတ်ထားပြီး ဗဟိုအစိုးရထံ အဆိုပြုချက်တစ်စောင် ပေးပို့ထားကြောင်း သိရသည်။

IAF သည် ဒရုန်းစနစ်(UAS)ကို ဝယ်ယူရေးဆောင်ရွက်ခြင်းနှင့် စတင်ဖြန့်ကြက် အသုံးပြုခြင်းများအတွက် ဦးဆောင်အေဂျင်စီအဖြစ် ကမကထပြုဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကာကွယ်ရေးအရာရှိများ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါအဆိုပြုချက်ကို အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက မကြာမီဆွေးနွေးရန်မျှော်မှန်းထားပြီး ဝယ်ယူရေးသဘောတူစာချုပ်ချုပ်ဆိုပြီး နှစ်နှစ်အတွင်းလွှဲပြောင်းပေးပို့နိုင်မည်ဟု မျှော်မှန်းထားကြသည်။

အိန္ဒိယရေတပ်သည် နိုင်ငံ၏ ပင်လယ်ရေကြောင်းပိုင်နက်ဇုန်ကို စောင့်ကြည့်ရန် အဆိုပါကင်းထောက်ဒရုန်းများ၏ စွမ်းဆောင်ရည်များကို အသုံးချနိုင်ရေး ရည်ရွယ်ထားသော်လည်း အိန္ဒိယလေတပ်(IAF)အနေဖြင့် Tapas ကင်းထောက်ဒရုန်းကို မည်သို့အသုံးပြုမည်ကို ရှင်းရှင်းလင်းလင်းမသိရသေးပေ။

Bharat နှင့် Hindustan Electronics တို့က ထုတ်လုပ်သော Tapas ကင်းထောက်ဒရုန်းသည် မိုးကုပ်စက်ဝိုင်းလွန် (Beyond the horizon) စောင့်ကြည့်ထောက်လှမ်းမှုများ လုပ်ဆောင်နိုင်ပြီး လေထဲတွင် အချိန်ကြာမြင့်စွာပျံသန်းနေနိုင်သည့် ဒရုန်းအမျိုးအစားဖြစ်သည်။ ၎င်းကို အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်ပျံသန်းနိုင်ပြီး ပျံသန်းရာလမ်းကြောင်း ကြိုတင်သတ်မှတ်ပေး၍လည်း တာဝန်ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။ စမ်းသပ်ပျံသန်းမှုတစ်ရပ်တွင် အဆိုပါဒရုန်းသည် အမြင့်ပေ ၂၈၀၀၀ သို့ရောက်ရှိခဲ့ပြီး ၁၈ နာရီကြာ ပျံသန်းခဲ့သည်။ တစ်နာရီလျှင် ၂၂၅ ကီလိုမီတာ အမြန်နှုန်းဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ စောင့်ကြည့်ထောက်လှမ်းခြင်းအပြင် ဒရုန်းသည် နေ့ရောညပါ ပစ်မှတ်ကိုရှာဖွေထောက်လှမ်းခြင်းနှင့် ခြေရာခံခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

Tapas ကင်းထောက်ဒရုန်းများတွင် စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ ချို့ယွင်းချက်တချို့ရှိနေသော်လည်း ဝယ်ယူရန်ဆုံးဖြတ်ချက်သည် ဒရုန်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်နှင့် ကြည်း၊ ရေ၊ လေ အရည်အသွေးပိုင်း စံနှုန်းထိန်းသိမ်းရေးအဖွဲ့ (JSQR)၏ အမြင့်ပေ ၃၀၀၀၀၊ လေထဲတွင်ပျံသန်းနိုင်ချိန် ၂၄ နာရီ စသည့်အရည်အချင်းလိုအပ်ချက်များပြည့်မီရန် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဆိုင်ရာသုတေသနတိုးတက်ဖွံ့ဖြိုးရေးအဖွဲ့အစည်း (DRDO)၏ ဆက်လက်ကြိုးပမ်းနေမှုများအပေါ် လက်နက်ကိုင်တပ်ဖွဲ့များ၏ ယုံကြည်မှုကို ထင်ဟပ်စေသည်။ ယခုဝယ်ယူမှုသည် အနာဂတ်အလယ်အလတ်အမြင့်ပျံ လေထဲတွင်ကြာမြင့်စွာပျံသန်းနိုင်သော(MALE)ဒရုန်းများဖွံ့ဖြိုးတိုးတက်မှုအတွက် Tapas စီမံကိန်းအတွင်းရရှိခဲ့သော နည်းပညာဆိုင်ရာ အကျိုးအမြတ်များကို အသုံးချနိုင်မည်ဖြစ်ရာ မဟာဗျူဟာမြောက်အရေးပါမှုတစ်ရပ်လည်းဖြစ်သည်။

**Indian Military to Buy 10 Tapas Surveillance Drones ကို ဘာသာပြန်ဆိုထားပါသည်။**

## MBDA ကုမ္ပဏီက ပုံဖျက်ပုံးကွယ်ထားသောပစ်မှတ်များကိုရှာဖွေရန် AI နည်းပညာသုံး Tablet ကို ထုတ်ဖော်ပြသခဲ့

ဥရောပကာကွယ်ရေးကုမ္ပဏီ MBDA သည် စစ်ဘက်တပ်ရင်း၊ တပ်ဖွဲ့များကို လျှို့ဝှက်ပစ်မှတ်များ တစ်နည်းအားဖြင့် ပုံဖျက်ဖုံးကွယ်မှုများ ပြုလုပ်ထားသောပစ်မှတ်များကို ဒီဇိုင်းထုတ်ထားသည့် ဉာဏ်ရည်တု(AI)အသုံးပြုထားသော တက်ဘလက်(Tablet)တစ်မျိုးကို ထုတ်ဖော်ပြသခဲ့သည်ဟု The Defense Post သတင်းဌာနက ဇွန် ၂၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Ground Warden ဟု အမည်ပေးထားသော လူတစ်ကိုယ်သယ်ဆောင်နိုင်သည့် တက်ဘလက်တစ်ခုဖြစ်ပြီး စိန်ခေါ်မှုရှိသော တိုက်ခိုက်ရေးပတ်ဝန်းကျင်အခြေအနေများတွင်ပင် ပစ်မှတ်ကို တိကျစွာထောက်လှမ်းနိုင်စွမ်းရှိစေရန် Beyond-line-of-sight (မြင်ကွင်းလွန်)နည်းပညာကို အသုံးပြုထားကြောင်း သိရသည်။

Ground Warden သည် မောင်းသူမဲ့ကင်းထောက်လေယာဉ်များမှ ရရှိသော အချက်အလက်များကို လျင်မြန်စွာခွဲခြမ်းစိတ်ဖြာပြီး လျှို့ဝှက်ပစ်မှတ်၏ တည်နေရာနှင့် ၎င်းကို ကြားဖြတ်တိုက်ခိုက်ရာတွင် ဒုံးကျည်(ပစ်ခတ်သူ)အော်ပရေတာများကို တိုက်ခိုက်ရန်(နည်းလမ်း၊ လက်နက်) ရွေးချယ်စရာများကို အကြံပြုပေးနိုင်စွမ်းရှိကြောင်း သိရသည်။

အဆိုပါတက်ဘလက်မှ စုဆောင်းထားသော သတင်းအချက်အလက်များသည် ပစ်မှတ်ကို တိကျစွာတိုက်ခိုက်ဖျက်ဆီးနိုင်ရန်အတွက် ဒုံးကျည်အော်ပရေတာကို ကူညီပေးနိုင်သည်။ ကုမ္ပဏီ၏အဆိုအရ Ground Warden တက်ဘလက်သည် Plug and Play ဖြေရှင်းချက်မျိုးဖြစ်ကာ အင်မတန်ရိုးစင်းလွယ်ကူပြီး အသုံးမပြုမီ နောက်ထပ်ထူးထူးခြားခြားလုပ်ဆောင်ရန် မလိုကြောင်း သိရသည်။

MBDA ကုမ္ပဏီသည် ပဲရစ်တွင်ကျင်းပသည့် Eurosatory 2024 ကာကွယ်ရေးပြပွဲအတွင်း အဆိုပါစနစ်၏စွမ်းရည်ကို စမ်းသပ်သရုပ်ပြသခဲ့သည်။ သရုပ်ပြသမှုတစ်ခုတွင် ထောက်လှမ်းရေးဒရုန်းသည် ရွာတစ်ရွာရှိ ရန်သူ့တင့်ကားတစ်စီးကို တွေ့ရှိပြီး ဒုံးကျည်ဖြင့်တိုက်ခိုက်ရန်အတွက် ဒုံးကျည်နှင့် အမြောက်တပ်ဖွဲ့သို့ သတင်းအချက်အလက်များကို အဆိုပါတက်ဘလက်မှတစ်ဆင့် ပေးပို့နေသည်ကို တွေ့ရှိရသည်။ ထို့နောက် ပစ်မှတ်ဆီသို့ ပျံသန်းနေသောဒုံးကျည်လမ်းကြောင်းကိုပါ တွေ့မြင်နေရပြီး Ground Warden တက်ဘလက်မှ မျက်မြင် မြင်ကွင်းလွန်အကွာအဝေး၌ ပုံဖျက်ဖုံးကွယ်ထားသော နောက်ထပ်တင့်ကားနှစ်စီးကိုပါ ထပ်မံတွေ့ရှိခဲ့ကာ နောက်ဆက်တွဲ ဆက်လက်တိုက်ခိုက်ရန်အတွက် သတင်းပေးနိုင်ခဲ့သည်။

အခြားဗီဒီယိုဖိုင်တစ်ခုတွင် Ground Warden တက်ဘလက်ကို ဒရုန်းဖြင့်တွဲဖက်လုပ်ဆောင်နိုင်ခြင်း၏ အားသာချက်ကို မီးမောင်းထိုးပြထားသည်။ ကင်းထောက်ဒရုန်းသည် သစ်ပင်များထူထပ်စွာပေါက်ရောက်နေသည့်ဧရိယာကို စူးစမ်းထောက်လှမ်းနေစဉ် တွေ့ရှိချက်များကို အသိဉာဏ်တုသုံးစနစ်မှ Ground Warden တက်ဘလက်သို့ရောက်ရှိလာပြီး ပစ်မှတ်၏ တည်နေရာအတိအကျအသေးစိတ်နှင့် ပတ်သက်၍ ပစ်ခတ်သူကို သိမြင်နိုင်စွမ်းရရှိစေခြင်းဖြစ်သည်။

Ground Warden တက်ဘလက်သည် စစ်မြေပြင်ခွဲခြမ်းစိတ်ဖြာမှုများအတွက် AI(ဉာဏ်ရည်တုနည်းပညာ)ကို အသုံးပြုထားသော်လည်း MBDA အနေဖြင့် လုံခြုံဘေးကင်းသောစစ်ဆင်ရေးတာဝန်များ သေချာစွာထမ်းဆောင်နိုင်စေရန် အော်ပရေတာတစ်ဦးကို ထားရှိလုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။

"AI က လိုအပ်ချက်တွေရှိနေသေးတယ်လို့ခံစားမိတဲ့အတွက် ဒါက သိပ်ကို အရေးကြီးပါတယ်"ဟု ပရိုဂရမ်ခေါင်းဆောင် Laurent Duport က ပြောကြားခဲ့သည်။

လူသားနှင့် AI ပူးပေါင်းဆောင်ရွက်မှုကြောင့် အဆိုပါကိရိယာသည် ပြင်သစ်စစ်ဘက်ကို တိုက်ပွဲဝင်အောင်မြင်မှုနှုန်းရာနှုန်းပြည့် ပံ့ပိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

**MBDA Unveils AI-Enabled Tech to Find Hidden Targets ကို ဘာသာပြန်ဆိုထားပါသည်။**



မင်းမျိုး

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၃၂၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၃၂၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ဧက ၃၇၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလနောက်ဆုံးပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ငရုတ် ၁၃၂၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသည့် စိုက်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ စားဖိုဆောင်သီးနှံဖြစ်တဲ့ငရုတ်ကို ဧက ၃၇၅၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ငရုတ် ၁၃၂၈၄ ဧက စိုက်ပျိုးပြီးစီးပါပြီ။ မိုးမှာတော့ စားဖိုဆောင်သီးနှံအနေနဲ့ ငရုတ်တစ်မျိုးတည်းကိုပဲ စိုက်ပျိုးသွားမှာပါ။ ငရုတ်စိုက်ပျိုးရာမှာ လျာထားဧက ပြည့်မီကျော်လွန်အောင်စိုက်ပျိုးနိုင်ဖို့ မျိုးစေ့၊ နည်းပညာတွေ၊ အခြားပံ့ပိုးမှုတွေကို ဌာနကဆောင်ရွက်ပေးပါတယ်။ စိုက်ဧကတွေတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်နဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဒီနှစ်ငရုတ်စိုက်တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်တဲ့မျိုးတွေ စိုက်ပျိုးနိုင်စေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ရောဂါပိုးမွှားကျရောက်မှုမရှိစေဖို့နဲ့ အရည်အသွေးကောင်းမွန်စေဖို့အတွက်လဲ ကွင်းဆင်းပြီးတော့ လိုအပ်တဲ့နည်းပညာတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

GAP စနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ကြောင်း၊ အဆိုပါစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အရည်အသွေးကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

(၁၈၅)

# ပေါင်းတည်မြို့နယ် ကညွတ်ကွင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ပေါင်းတည် ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဖန်းပင်ဆိပ်ကျေးရွာအုပ်စု ကညွတ်ကွင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်၊ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေးလွင်စိုး၊ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်သန္တာ ဦးရွှေနှင့် ဝန်ထမ်းများက ကညွတ်ကွင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ကညွတ်ကွင်းကျေးရွာ၌ လမ်းအရှည်ပေ ၃၉၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ



ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ယခုနှစ် ဇွန်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေထံမှ သိရသည်။

**အေးမြတ်**

# မင်းဘူးမြို့နယ် တောင်မန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်မန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးစည်သူဖြိုးနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးစည်သူဖြိုးနိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၁၁ ဒသမ ၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တောင်မန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၉ ဦးကို ငွေကျပ် ၃၁၁ ဒသမ ၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးစည်သူဖြိုးနိုင်ထံမှ သိရသည်။

**ဇင်မာ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၆-၆-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင်ကျင်းပခဲ့သော မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူခြင်းအခမ်းအနားနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းစည်းဝေး




**မန္တလေး ဇွန် ၂၆**

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူခြင်း အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး လုပ်ငန်းကော်မတီများအလိုက် အားသာချက်များ၊ အားနည်းချက်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လုပ်ငန်းကော်မတီများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် ကြုံတွေ့ခဲ့ရသည့် အားသာချက်များနှင့် အားနည်းချက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးချက်များ၊ အကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



**အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

**နေပြည်တော် ဇွန် ၂၆**

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဝေလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ၂၆ မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ရွှေဖီဦးလက်ဖက်ရည်ထုပ်များ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခြံထွက်ကြက်ဥများကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ၎င်းနောက် နယ်မြေခံဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဖြ၀၁)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းအား မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။**

**နေပြည်တော် ဇွန် ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်များကို ယနေ့ညနေပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဖြ၀၁)

# ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြေညာ

**နေပြည်တော် ဇွန် ၂၆**

(၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်ထိ ခေတ္တပိတ်ထားမည်ဖြစ်သည်။ ဇူလိုင် ၁၉ ရက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၆**

တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော အုတ်တွင်းတပ်နယ် အသင်းတို့ကို ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

အဆိုပါ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၀ သင်းနှင့် အမျိုးသမီးအသင်း ၁၁ သင်းတို့ဖြင့် ဇွန် ၁၇ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ကြောင်း သတင်းရရှိသည်။

(ဖြ၀၁)

**တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် အုတ်တွင်းတပ်နယ်အသင်းကို တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။**



# မောင်တောမြို့နယ်ရှိ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) ၏ဂိုဒေါင်ကို မီးရှို့ဖျက်ဆီးခံရမှုဖြစ်စဉ်အမှန်၊ AA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၏ မူးယစ်ဆေးဝါးကုန်ကူးမှုလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




ဒီနေ့မှာတော့ မီဒီယာတွေမေးမြန်းနေကြတဲ့ မောင်တောမြို့နယ် မောင်တော-ဘူးသီးတောင်သွား ကားလမ်းရဲ့တောင်ဘက်မှာရှိတဲ့ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်(WFP)ရဲ့ ဂိုဒေါင်ကို တပ်မတော်နဲ့ ဘင်္ဂါလီတွေက ဖျက်ဆီးခဲ့တယ်၊ လုယက်တယ်ဆိုတဲ့ ဖြစ်စဉ်နဲ့ပတ်သက်ပြီးတော့ ဖြစ်စဉ်အမှန်ကို ရှင်းလင်း ပြောကြားလိုပါတယ်။ အဲ့ဒီမှာ အဲ့ဒီနယ်မြေဒေသရဲ့ အခြေအနေအကြမ်းဖျင်းအနေနဲ့ကတော့ မောင်တော-ဘူးသီးတောင်သွား ကားလမ်းရဲ့တောင်ဘက်မှာရှိပြီး တော့ အဲ့ဒီနေရာမှာ အရင်တုန်းကတော့ UNHCR, WFP စတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေရဲ့ ရုံးတွေ ဂိုဒေါင်တွေရှိပါတယ်။ ရခိုင်ပြည်နယ်မှာ တိုက်ပွဲတွေ ပြင်းထန်လာပြီးနောက်ပိုင်းမှာ မေလကတည်းက အဲ့ဒီ နေရာမှာ ရုံးထိုင်တဲ့လူတွေမရှိတော့ဘဲ နယ်မြေခံ ဘင်္ဂါလီအစောင့်တွေလောက်သာ ထားခဲ့နိုင်ပြီးတော့ ပြန်သွားတဲ့နေရာတွေဖြစ်ပါတယ်။ ဒီနေရာတွေနဲ့ ပတ်သက်ပြီးလည်း ဒီလုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ တပ်မတော်အနေနဲ့ကလည်း ဒီနေရာတွေထိ ဝင်ရောက်ခြင်းမရှိသေးဘဲ ဘေးကနေလုံခြုံရေးဆောင် ရွက်ပေးနေတဲ့အနေအထားဖြစ်ပါတယ်။ ဇွန် ၂၁ ရက် မှာတော့ မောင်တောမှာရှိတဲ့ တပ်မတော်၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းလုံခြုံရေးအဖွဲ့က ဒီနေရာတွေ ကို ကင်းလှည့်ရပါတယ်။ ကင်းလှည့်ဆောင်ရွက်တဲ့ နေရာမှာ WFP ရုံးတွေ၊ ဂိုဒေါင်တွေရဲ့ အရှေ့ဘက် ဝေသာလီကျေးရွာအရောက်မှာ စိမ့်ဝင်နေတဲ့ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေနဲ့ တိုက်ပွဲဖြစ် ပွားခဲ့တာရှိပါတယ်။ အဲ့ဒီတိုက်ပွဲဖြစ်ပွားချိန်မှာ AA အကြမ်းဖက်အဖွဲ့အနေနဲ့ Droneများကို အဓိကသုံး ပြီးတော့ တိုက်ခိုက်ခဲ့တာကို တွေ့ရပါတယ်။ အဲ့ဒီမှာ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားနေပါတယ်။ ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားနေတဲ့အချိန်မှာ AA အကြမ်းဖက်အဖွဲ့အနေနဲ့ အဲ့ဒီ WFP ဂိုဒေါင်တွေကို ဝင်ရောက်ဖို့အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။ အဓိကကတော့ အဲ့ဒီမှာရှိနေတဲ့ ပစ္စည်းတွေကို လုယက်ဖို့ပဲဖြစ်ပါတယ်။ သူတို့နဲ့အတူ ဒေသခံ AA ထောက်ခံအားပေးနေတဲ့ ရခိုင် တိုင်းရင်းသားအချို့လည်းပါဝင်တယ်ဆိုတာကို ဒေသခံ ဘင်္ဂါလီတွေရဲ့ပြောကြားချက်အရ ကျွန်တော်တို့သိရှိ ခဲ့ရပါတယ်။ ဒါ့ကြောင့် ဒေသခံဘင်္ဂါလီရွာသားတွေ အနေနဲ့ အဲ့ဒီမှာရှိတဲ့ပစ္စည်းတွေ AAလက်ထဲမရောက် ရှိစေရေးအတွက် အနီးအနားမှာရှိတဲ့ လုံခြုံတဲ့နေရာ တွေကို ဇွန် ၂၁ ရက်ကတည်းက စတင်ရွှေ့ပြောင်းခဲ့ တယ်ဆိုတာသိရပါတယ်။ ဇွန် ၂၂ ရက်မှာတော့ ဘယ်လိုရွှေ့ပြောင်းတယ်ဆိုတာကိုသိတဲ့အတွက် AA အနေနဲ့ Droneနဲ့ကင်းထောက်ထောက်လှမ်းပြီး အဲ့ဒီ WFPဂိုဒေါင်တွေကို Droneနဲ့ Drop Bombများချ တိုက်ခိုက်ခဲ့တယ်ဆိုတာကို သိရှိရပါတယ်။ ဒါကြောင့် ဒီဂိုဒေါင်တွေ တချို့မီးလောင်ပျက်စီးခဲ့တယ်ဆိုတာ လည်းတွေ့ရှိရပါတယ်။ သူတို့ထုတ်ပြန်ထားတဲ့ပုံတွေ မှာကြည့်ရင်ကို ဒီအချက်အလက်ကိုသိသာနိုင်တယ် လို့ ကျွန်တော်ပြောချင်ပါတယ်။ ဂိုဒေါင်တွေနဲ့ အဲ့ဒီ အနီးအနားမှာရှိနေတဲ့ရုံးတွေမှာ UN ဆိုတဲ့ ကုလ သမဂ္ဂအမှတ်အသားကို ဂိုဒေါင်အမိုးတွေမှာထင်ထင် ရှားရှားရေးထားတာ၊ ရုံးတွေမှာထင်ထင်ရှားရှားရေး ထားတာတွေ့ရပါတယ်။ သိလျက်နဲ့လုပ်ဆောင်ခြင်း ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ခဲ့လို့လည်း ဂိုဒေါင်အမိုး တွေ Drop Bombဒဏ်ကြောင့် ပေါက်ပြဲပေါက်ကွဲ ပြီးတော့ မီးလောင်တာဖြစ်ပါတယ်။ ဒီဒေသခံတွေ သယ်ထုတ်ထားတဲ့ဆန်အိတ်တွေကို ဒေသခံဘင်္ဂါလီ တွေအနေနဲ့လုံခြုံရေးတပ်ဖွဲ့တွေကို လာရောက်သတင်း ပို့ခဲ့တာရှိပါတယ်။ ဒါကြောင့် လုံခြုံရေးတပ်ဖွဲ့တွေ အနေနဲ့ ဇွန် ၂၂ ရက်မှာ မောင်တောမှာရှိတဲ့ ဒုက္ခ သည်တွေကိုထောက်ပံ့ဖို့ရည်ရွယ်ထားတဲ့ ဆန်အိတ် တွေဖြစ်တဲ့အတွက် ရပ်ကွက် ၁၊ ၂၊ ၃၊ ၄၊ ကညင်တန်း ရပ်ကွက်၊ မောင်နီရပ်ကွက် အဲဒီရပ်ကွက်တွေမှာရှိတဲ့ အိမ်ထောင်စု ၂၀၀၀ ကျော်ကို အိမ်ထောင်စုတစ်စုကို တစ်အိတ်စီနဲ့ ဆန်အိတ်များကို ဖြန့်ဝေပေးခဲ့ကြောင်း တွေ့ရှိရပါတယ်။ AA အနေနဲ့ ဘူးသီးတောင်မြို့နယ် အတွင်းမှာရှိတဲ့ဘင်္ဂါလီတွေကိုလည်း နေအိမ်မှာမနေ နိုင်အောင်နှင်ထုတ်ပြီးဖြစ်ပါတယ်။ အလားတူ မောင်တောကိုတိုက်ခိုက်ဖို့လုပ်ဆောင်နေတဲ့အချိန်မှာ ဒေသခံ ဘင်္ဂါလတွေ၊ ဒုက္ခသည်တွေကို ထောက်ပံ့ဖို့ ရည်ရွယ်ထားတဲ့ပစ္စည်းတွေကို လုယူရန်ကြံစည်ခြင်းဖြစ် ပြီး မအောင်မြင်တဲ့အခါမှာ ယခုလိုဂိုထောင်ကို Drop Bomb ချပြီး မီးရှို့ခြင်းဖြစ်တယ်လို့ပြောချင်ပါတယ်။

နောက်တစ်ခုကတော့ AA ရဲ့မူးယစ်ဆေးဝါးကုန် ကူးမှုလုပ်ငန်းတွေဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်ကနေ ၂၀၂၄ ခုနှစ် မေလထိ ရခိုင်ပြည်နယ်မှာ ပင်လယ် ရေကြောင်းလမ်းကိုအသုံးပြုပြီး မူးယစ်ဆေးဝါးဖမ်းဆီး ရရှိမှု ၄၆ မှုရှိပါတယ်။ တရားခံ ၂၆၆ ဦး ဖမ်းမိခဲ့ပါ တယ်။ အများစုကတော့ AAနဲ့ပတ်သက်ဆက်နွှယ် နေတဲ့အသိုင်းအဝိုင်းတွေပဲဖြစ်ပါတယ်။ စိတ်ကြွဆေး ၂၈ ဒသမ ၅ သန်း၊ အိုက်စ် ၄၁ တန်၊ ကက်တမင်း ၁ ဒသမ ၄ တန် ဖမ်းဆီးရမိခဲ့တာဖြစ်ပါတယ်။ AA အနေနဲ့ စတင်ထူထောင်လာကတည်းက မူးယစ် ဆေးဝါးလုပ်ငန်းကို အစဉ်တစိုက်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ဘာကြောင့်လုပ်ဆောင်ရသလဲဆိုတော့ ဒီမူးယစ်ဆေးဝါးနဲ့ ဒေသတွင်းမှာရှိတဲ့ ပြည်သူတွေ အကျင့်စာရိတ္တပျက်ပြားနေမှသာ AA သောင်းကျန်း သူအဖွဲ့တွင်းကို ဝင်ရောက်နိုင်ရေးပိုမိုစည်းရုံးဖို့လွယ် ကူမယ်၊ လွယ်လွယ်ကူကူရတဲ့ငွေနဲ့ လက်နက်၊ ခဲယမ်း တွေဝယ်နိုင်မယ်၊ တရားမဝင်ထောက်ပံ့မှုတွေလုပ်နိုင် မယ်ဆိုတာကိုရည်ရွယ်ပြီးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ ဖမ်းဆီးရမိတဲ့ AA သောင်းကျန်းသူ အဖွဲ့က ဒုတိယဗိုလ်မှူးကြီးအဆင့်ရှိတဲ့ အောင်မြတ် ကျော်ဆိုရင် ထွန်းမြတ်နိုင်ရဲ့ တာဝန်ပေးချက်အရ ၂၀၁၅ ခုနှစ်အတွင်းမှာ ပြင်ဦးလွင်ကနေ ရန်ကုန်၊ ဘားအံ ကနေ ရန်ကုန်ကို ၁၀ ကြိမ်လောက် လက်နက်ခဲယမ်း တွေ၊ မူးယစ်ဆေးဝါးတွေကို ဆီသယ်ဆောင်တဲ့ကား တွေမှာ အံဝှက်တွေပြုလုပ်ပြီး သယ်ဆောင်ခဲ့တယ်ဆို တာကို သူ့ကိုဖမ်းဆီးရမိပြီး အစစ်ခံတဲ့အထဲမှာ အစစ် ခံခဲ့ပါတယ်။ နိုင်ငံပိုင်သတင်းဌာနတွေရှေ့မှာလည်း သူ့ရဲ့ဝန်ခံချက်ကိုထုတ်လွှင့်ခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ ဖမ်းဆီးရမိတဲ့ဖြစ်စဉ်တစ်ခုမှာ ဆိုရင် အိုက်စ်တို့၊ ကဖင်းတို့ ဖမ်းဆီးရမိတာတွေရှိတယ်။ အသုံးပြုတဲ့ ယာဉ်တွေ၊ စက်လှေတွေ၊ ဂိုဒေါင်တွေကို ငှားရမ်းအသုံးပြုခဲ့တာတွေ့ရပါတယ်။AA သောင်းကျန်း သူအဖွဲ့ဝင်အများအပြား ကွန်ရက်ချိတ်ဆက်ဆောင် ရွက်နေတာကိုလည်းတွေ့ခဲ့ရပါတယ်။ ရခိုင်ပြည်နယ် ကိုပို့မယ့် ကဖင်းဖမ်းဆီးရမိမှုဖြစ်စဉ်အရ AA သောင်းကျန်းသူတွေအနေနဲ့ အိုက်စ်တို့၊ ကဖင်းတို့ကို အသုံးပြုပြီးတော့ ရခိုင်ပြည်နယ်မှာပဲ စိတ်ကြွရူးသွပ် ဆေးပြားတွေ ပြောင်းလဲထုတ်လုပ်ဖို့ကြိုးစားနေတာကို တွေ့ရပါတယ်။ ဖမ်းဆီးရမိတဲ့ ဆေးပြားအရေအတွက် တွေ၊ မူးယစ်ဆေးအရေအတွက်တွေကို ကြည့်ရင် ရခိုင်ပြည်နယ်မှာရှိနေတဲ့ လူဦးရေအားလုံးသုံးစွဲနိုင်တဲ့ ပမာဏထက်သာလွန်နေတာကိုတွေ့ရပါတယ်။ ဒါတွေ ဟာဘာလဲဆိုတော့ အဓိကကတော့ တစ်ဖက်နိုင်ငံကို အမြောက်အမြားပို့ဆောင်ခဲ့တာတွေ၊ တစ်ဖက်နိုင်ငံမှာ လည်း အမြောက်အမြားဖမ်းမိတာတွေ၊ ရခိုင်ဒေသကို အခြေခံပြီး ပင်လယ်ပြင်ကနေ အခြားနိုင်ငံတွေကို ထွက်တာတွေတို့ ဆောင်ရွက်တာတို့ကို တွေ့ရပါတယ်။ ဒါကြောင့် AA ရဲ့ အကြမ်းဖက်လုပ်ရပ်တွေ၊ AA ရဲ့ မူးယစ်ဆေးဝါးကုန်ကူးမှုလုပ်ရပ်တွေ၊ သယ်ဆောင်မှု လုပ်ရပ်တွေ၊ မူးယစ်ဆေးဝါးကို ရခိုင်ပြည်နယ်မှာ ထုတ်လုပ်ဖို့လုပ်နေတဲ့ လုပ်ရပ်တွေအားလုံးသည် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပြည်သူလူထုကို ဖျက်ဆီး ရုံသာမက ဒေသတွင်းမှာ မူးယစ်ဆေးဝါးဖြန့်ဖြူးရေး၊ အကြမ်းဖက်လုပ်ငန်းစဉ်များ ပေါ်ပေါက်လာရေးကို ဦးတည်ဆောင်ရွက်နေတယ်ဆိုတာ တွေ့ရပါတယ်။ အားလုံးသတိရှိကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ အကြမ်းဖက်၊ မူးယစ်ဆေးဝါးကို ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းကို အားလုံးက ဝိုင်းဝန်းဆန့်ကျင်ကြဖို့ တိုက်တွန်းလိုပါတယ်။

ကျေးဇူးတင်ပါတယ်။

(၅၀၁)

မောင်တော၊ ဝေသာလီ WFP ရိက္ခာဂိုဒေါင်အား AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ Drop Bomb ချ တိုက်ခိုက်သဖြင့် ဒေသခံများမှ ဆန်အိတ်များကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည့်ဖြစ်စဉ်ပြပုံ





မောင်တောမြို့ရှိ ဒေသခံပြည်သူအိမ်ထောင်စုဝင်များအား ဆန်အိတ်များပေးဝေနေမှုကို တွေ့ရစဉ်။

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇- ၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ဆီဆိုင်မြို့နယ်အတွင်း လွယ်ထွဲကျေးရွာတွင် ပုံမှန်ဈေးလာရောင်းနေသည့် ညောင်ရွှေမြို့နယ် ကျားတွန်ကျေးရွာမှ လူငယ်နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်းနှင့် လွယ်မောတောင်ဒေသရှိ ကျေးရွာများကို တစ်အိမ်လျှင် ငွေကျပ် သုံးသောင်း ကောက်ခံခဲ့ကြောင်း သတင်းတု၊သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၂၆**

ဆီဆိုင်မြို့နယ်အတွင်း လွယ်ထွဲကျေးရွာတွင် ပုံမှန်ဈေးလာရောင်းနေသည့် ညောင်ရွှေမြို့နယ် ကျားတွန်ကျေးရွာမှ လူငယ် နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသတ်ဖြတ်ခဲ့ကြောင်းနှင့် လွယ်မောတောင်ဒေသရှိ ကျေးရွာများကို တစ်အိမ်လျှင်ငွေကျပ်သုံးသောင်းကောက်ခံခဲ့ကြောင်း သတင်းတု၊သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ဆီဆိုင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးခြင်းမရှိကြောင်းနှင့် ကျေးရွာအချို့တွင်ငွေတောင်းခံခဲ့သည်ဆိုသည့်သတင်းမှာလည်း လုပ်ကြံရေးသားသည့် သတင်းမှားသာဖြစ်ကြောင်း သက်ဆိုင်ရာနယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိမှုအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် မြေပြင်ဖြစ်စဉ်နှင့် ကွဲလွဲနေသည့် သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိလုပ်ကြံရေးသား၍ ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုအကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင်နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "အမေ့ရွာပြန်ချင်တယ်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ဇေယျာသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်နေ ကျော်ဇေယျာထွန်းအား ည ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ဇွန် ၂၅ ရက်တွင် "Lae War Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ပျဉ်းမနားမြို့နယ် ဘောဂသီရိကားကြီးကွင်းနေ လှဲ့ဝါစိုးအား ည ၈ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ @Chitsulay 019(Happy Family)Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရပ်ကွက်နေ စုလှိုင်ဌေးအား ည ၁၁ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# ကမ္ဘာ့အပူချိန်မြင့်တက်မှုကြောင့် ပစိဖိတ်သမုဒ္ဒရာအတွင်း အပူချိန် ၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်လာနိုင်



**အမ်စတာဒမ် ဇွန် ၂၆**

ကမ္ဘာ့အပူချိန် မြင့်တက်မှုကြောင့် ပစိဖိတ်သမုဒ္ဒရာအတွင်း အပူချိန် ၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာသုတေသီများက ဆိုထားသည်ဟု ယနေ့သတင်းများအရ သိရသည်။

နယ်သာလန်တက္ကသိုလ်များဖြစ်သော NIOZ၊ **Utrecht** နှင့် **Bristol** တက္ကသိုလ်တို့မှ သုတေသီများသည် ပစိဖိတ်သမုဒ္ဒရာ၊ ကယ်လီဖိုးနီးယားကမ်းရိုးတန်းရှိ အနည်အနှစ်များကိုထုတ်ယူပြီး ခွဲခြမ်းစိတ်ဖြာသည့်အခါ ပစိဖိတ်သမုဒ္ဒရာအတွင်း အပူချိန် ၇ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်သည့် အလားအလာများကို အထောက်အထားများနှင့် ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း၊ ယခင်ကလည်း ပင်လယ်ရေအပူချိန်နှင့် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုများကို လေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း၊ ပင်လယ်သမုဒ္ဒရာအတွင်း ကာဗွန်အဆင့်ကို လေ့လာသတ်မှတ်ရာတွင် သမုဒ္ဒရာအတွင်းမှ ရေညှိများတွင်ပါသော ကလိုရိုဖီးလ်နှင့် ကိုလက်စထရောခတ်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

"ကျွန်တော်တို့ လက်ရှိတွေ့ရတဲ့တွေ့ရှိချက်တွေနဲ့ လက်ရှိခန့်မှန်းချက်တွေအရ သမုဒ္ဒရာရဲ့ အပူချိန်မြင့်တက်မှုဟာ ကုလသမဂ္ဂရာသီဥတုကောင်စီ (IPCC) က ခန့်မှန်းထားတာထက် ၂ ဒသမ ၃ ဒီဂရီစင်တီဂရိတ် ပိုမိုမြင့်နေပါတယ်"ဟု သုတေသီများက ဆိုထားသည်။

ထို့ပြင် သုတေသနပြုချက်များအရ ကာဗွန်ဒိုင်အောက်ဆိုက်သည် ရာသီဥတုပုံစံများအပေါ်တွင် များစွာသက်ရောက်မှုရှိသည့်အပြင် ကမ္ဘာ့အပူချိန်ကိုလည်း သိသိသာသာ မြင့်တက်စေကြောင်း၊ ရာသီဥတုဆိုင်ရာဆောင်ရွက်မှုများနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ပါးသက်သာစေရေးများကို ထိရောက်စွာ အရေးတကြီး ဆောင်ရွက်ရန်လိုကြောင်း သုတေသနပြုချက်တွင် ဖော်ပြထားသည်။

**Ref : Russia Today**

**Trs : KZ**

# ဆော်ဒီအာရေဗျနိုင်ငံတွင် အပူချိန်ကြောင့် ဟဂ်ျဘုရားဖူးပြည်သူဦးရေ ၁၀၀၀ ကျော်သေဆုံး

**ရီယာဒ် ဇွန် ၂၆**

ဆော်ဒီအာရေဗျနိုင်ငံတွင် ပြင်းထန်သောအပူချိန်ကြောင့် ဟဂ်ျဘုရားဖူးပြည်သူဦးရေ ၁၀၀၀ ကျော် သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အပူချိန်သည် တဖြည်းဖြည်း မြင့်တက်လာသည့်အတွက် ပြင်းထန်သောရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေပြီး ယခုကဲ့သို့ အသက်ဆုံးရှုံးမှုကို ဖြစ်စေခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့အကြီးဆုံးဘာသာရေး စုဝေးပွဲများထဲမှတစ်ခုဖြစ်သည့် ဟဂ်ျဘာသာရေးပွဲတော်ကို လာရောက်ကြသည့်ခရီးစဉ်တွင် ပြင်းထန်သည့် အပူချိန်ကြောင့် သေဆုံးသူဦးရေ ၁၀၀၀ ကျော်သွားခဲ့ကြောင်း သိရသည်။

"ရာသီဥတု ဖောက်ပြန်မှုတွေကြောင့် ၂၀၄၀ ပြည့်နှစ်မှာ ဆော်ဒီအာရေးဗီးယားနိုင်ငံဟာ အခုထက် ငါးဆလောက် ပိုပူတဲ့ နွေရာသီကို ကြုံတွေ့ရနိုင်ပါတယ်။ ဒါဟာ လူသေဆုံးမှုကို ပိုတိုးလာစေပါလိမ့်မယ်။ ဟဂ်ျဘာသာရေးပွဲမှာ အပူနဲ့ဆက်စပ်သေဆုံးမှုတွေဟာ အသစ်အဆန်းမဟုတ်ပေမဲ့ ကမ္ဘာကြီးပူနွေးလာတာနဲ့အမျှ အခြေအနေတွေက ပိုဆိုးလာလိမ့်မယ်"ဟု **Climate Analytics** မှ ရာသီဥတုဆိုင်ရာသိပ္ပံပညာရှင် **Fahad Saeed** က သတိပေးပြောကြားထားသည်။

ဘုရားဖူးခရီးသည်များ အထူးသဖြင့် သက်ကြီးရွယ်အိုများသည် ရာသီဥတု အလွန်ပူပြင်းမှုဒဏ်ကို ခံနိုင်ရည်မရှိသည့်အတွက် သေဆုံးမှုများခြင်းဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် ဟဂ်ျဘာသာရေးပွဲတော်ကာလအတွင်းကလည်း လူဦးရေ ၂၀၀၀ ကျော် အပူဒဏ်နှင့်ဆက်စပ်သော ရောဂါများကို ခံစားခဲ့ရကြောင်း ဆော်ဒီအာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။

ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်များနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူများသည် ဟဂ်ျဘာသာရေးပွဲတော်၏သန့်ရှင်းမှုကို အလေးထားဆောင်ရွက်ရန်သာမက အပူလွန်ကဲမှုဒဏ်ကို လျှော့ပါးသက်သာစေရေးအစီအမံများပြုလုပ်ထားရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မပြုပါက ချက်ချင်းပြတ်ပြတ်သားသား အရေးယူရန် ဆော်ဒီအာဏာပိုင်များကို တိုက်တွန်းထားသည်။

**Ref : Sputnik News**

**Trs : KZ**

# ဟူနန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းကာ အန္တရာယ်ရှိသည့် ရေကြီးရေလျှံမှုဖြစ်ပွား

**ပေကျင်း ဇွန် ၂၆**

တရုတ်နိုင်ငံ ဟူနန်ပြည်နယ် တောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းနေပြီး မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားလျက်ရှိနေပြီး ချန်ဆာမြို့သည် ရေကြီးရေလျှံမှု အခြေအနေမှာ အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိနေသည့်အတွက် ဒေသခံတချို့ အရေးပေါ်အခြေအနေဖြင့် ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုသည် ဇွန် ၂၄ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး မိုးရေချိန်မှာ ၆၅ ဒသမ ၁ မီလီမီတာထိ မြင့်တက်ခဲ့ခြင်းကြောင့် အချိန်တိုအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ချန်ဆာမြို့ ရေကြီးရေလျှံမှုအခြေအနေမှာ အဆိုးရွားဆုံးဖြစ်နေကြောင်း၊ လူနေအိမ်နှင့် အခြေခံအဆောက်အအုံအများစု ရေလွှမ်းနေပြီး ဒေသခံတချို့မှာ နေအိမ်များတွင်ပိတ်မိနေပြီး ကယ်ဆယ်ရေးဝန်ထမ်းများက အသက်ကယ်လှေများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေရကြောင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများကိုလည်း ယာယီရပ်ဆိုင်းထားရပြီး မီးရထားလမ်းအများစုကို ယာယီပိတ်ထားရကြောင်း သိရသည်။



ကွမ်တုံးပြည်နယ်တွင် မကြာသေးမီက ရေကြီးရေလျှံမှုနှင့်မြေပြိုကျမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် သေဆုံးသူ အမြောက်အမြားရှိခဲ့ပြီး အခြေခံအဆောက်အအုံနှင့် လူနေအိမ်အမြောက်အမြားလည်း ပျက်စီးခဲ့ကြောင်း၊ အလားတူဖြစ်စဉ်မျိုး မဖြစ်ပွားစေရေးအတွက် ဟူနန်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ရေကြီးရေလျှံမှု စတင်ခဲ့စဉ်ကတည်းက ကယ်ဆယ်ရေးဝန်ထမ်းအမြောက်အမြားကို စေလွှတ်ကာ ဒေသခံများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် စီစဉ်ညွှန်ကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ဟူနန်ပြည်နယ်အပါအဝင် တရုတ်နိုင်ငံ တောင်ဘက်ပိုင်း ပြည်နယ်အများစုတွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး ရေဘေးသင့် ပြည်သူများကို အပြည့်အဝကူညီစောင့်ရှောက်ရန်၊ အထိအခိုက်အဆုံးအရှုံး အနည်းဆုံးဖြစ်စေရန်နှင့် ပြည်သူများဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးဆောင်ရွက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# European Court က အီတလီအာဏာပိုင်အဖွဲ့အစည်းကို အီလ်ဗာသံမဏိစက်ရုံမှ ကျန်းမာရေးထိခိုက်စေနိုင်မှုကို လျစ်လျူရှုမထားရန် တိုက်တွန်း

**ရောမ ဇွန် ၂၆**

အီတလီနိုင်ငံ တာရန်နိုမြို့တွင် တည်ရှိသော အီလ်ဗာသံမဏိစက်ရုံသည် အနီးပတ်ဝန်းကျင်မှ ပြည်သူများကို ကျန်းမာရေးထိခိုက်စေမှုများ ဖြစ်ပေါ်စေသည့်အတွက် အီလ်ဗာသံမဏိစက်ရုံနှင့်ပတ်သက်ပြီး လျစ်လျူရှုမထားသင့်ကြောင်း အီတလီအာဏာပိုင်အဖွဲ့အစည်းကို လူဇင်ဘတ်မြို့တွင်အခြေစိုက်သည့် **European Court** က တိုက်တွန်းသွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အီလ်ဗာသံမဏိစက်ရုံသည် အီတလီနိုင်ငံတောင်ဘက်ပိုင်းတွင် အဓိကကျသည့် စက်မှုထုတ်ကုန်ဖြစ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအတွက်လည်း သံမဏိထုတ်လုပ်မှုအတွက် အားထားနေရသည့်စက်ရုံဖြစ်ကြောင်း၊ အီလ်ဗာသံမဏိစက်ရုံသည် ပြည်သူများ၏ ကျန်းမာရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း အီတလီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာသုတေသီများက သတိပေးခဲ့သည်။

"အီတလီနိုင်ငံ အီလ်ဗာသံမဏိစက်ရုံကနေ ထုတ်လွှတ်နေတဲ့ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏဟာ သဘာဝပတ်ဝန်းကျင်နဲ့ ကျန်းမာရေးလုံခြုံမှုကို ဆိုးရွားစွာ ထိခိုက်စေနိုင်ပါတယ်။ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ထိန်းချုပ်နိုင်ဖို့အတွက် စက်ရုံရဲ့ စက်မှုကုန်ထုတ်လုပ်မှုပမာဏကို ထိန်းချုပ်နိုင်ဖို့ လိုအပ်ပါတယ်။ စီးပွားရေးကဏ္ဍအတွက် အရေးပါတယ်ဆိုပေမဲ့လဲ ပြည်သူတွေရဲ့ ကျန်းမာရေးလုံခြုံမှုက ပိုအရေးကြီးပါတယ်။ ကျန်းမာရေးလုံခြုံမှုကို ထိခိုက်စေနိုင်တဲ့အရာတွေကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်သင့်ပါတယ်"ဟု **European Court** မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

စက်ရုံအရွယ်အစား ကြီးမားပြီး သံမဏိထုတ်လုပ်မှုနှုန်းလည်း မြင့်မားသည့်အတွက် သံမဏိစက်ရုံမှ ထုတ်လွှတ်သည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေပြီး အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများ၏ ကျန်းမာရေးကိုလည်း ထိခိုက်စေလျက်ရှိကြောင်း **European Court** က ပြောကြားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# တောင်ဆူဒန်တွင် တရားမဝင်အမဲလိုက်မှုနှင့် အစာရေစာရှားပါးမှုကြောင့် တောဆိတ်အကောင်ရေ ခြောက်သန်းခန့် ရွှေ့ပြောင်း

**ဂျူဘာ ဇွန် ၂၆**

တောင်ဆူဒန်တွင် တရားမဝင်အမဲလိုက်မှုနှင့် အစာရေစာရှားပါးမှုကြောင့် တောဆိတ်အကောင်ရေ ခြောက်သန်းခန့် ရွှေ့ပြောင်းမှု ဖြစ်ပေါ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

**African Parks** အမျိုးသားဥယျာဉ်များဆိုင်ရာအဖွဲ့၏လေ့လာမှုများအရ တောင်ဆူဒန်နိုင်ငံ၏ ယခုကဲ့သို့ အုပ်စုလိုက် ရွှေ့ပြောင်းမှုသည် အကောင်ရေအများဆုံးဖြစ်ကြောင်း၊ တိရစ္ဆာန်များသည် ဥပဒေစိုးမိုးမှုမရှိဘဲ စီးပွားဖြစ်မှောင်ခိုရောင်းဝယ် ဖောက်ကားခြင်းဖြင့် ရင်ဆိုင်နေရကြောင်း၊ တောင်ဆူဒန်တွင် အမျိုးသားဥယျာဉ်ခြောက်ခုရှိပြီး မြေပြင်အနေအထားအရ နိုင်ငံဧရိယာစုစုပေါင်း၏ ၁၃ ရာခိုင်နှုန်းကျော်ကို အမျိုးသားဥယျာဉ်များက လွှမ်းခြုံထားသည့်အတွက် ယခုကဲ့သို့ တောရိုင်းတိရစ္ဆာန်များ အမျိုးသားဥယျာဉ်များအတွင်းသို့ ပြောင်းရွှေ့မှု ဖြစ်ပေါ်ခြင်းဖြစ်ကြောင်း၊ ရွှေ့ပြောင်းလာသော တောရိုင်းတိရစ္ဆာန်များထဲတွင် တောဆိတ်များသည် အကောင်ရေအများဆုံးဖြစ်ပြီး အခြားသော တောရိုင်းတိရစ္ဆာန်များလည်း ရွှေ့ပြောင်းလာကြောင်း သိရသည်။

ဂျူဘာနှင့် ဘော်မြို့ကြားတွင် မကြာသေးမီနှစ်များအတွင်း ဖောက်လုပ်ထားသော လမ်းသစ်သည် တောရိုင်းတိရစ္ဆာန်များ တရားမဝင်မှောင်ခိုကူးသန်းရောင်းဝယ်ရေး၏ ဗဟိုချက်ဖြစ်ကာ မှောင်ခိုဖမ်းဆီးထားသော တိရစ္ဆာန်အမြောက်အမြားကို ကုန်ကားများဖြင့်တင်ပြီး သယ်ဆောင်ရာတွင် ပိုမိုလွယ်ကူစေကြောင်း၊ သဘာဝဘေးများကြောင့် အစာရေစာ ရှားပါးခြင်းကလည်း ယခုကဲ့သို့ အုပ်စုလိုက်ရွှေ့ပြောင်းမှုကို ဖြစ်စေကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KZ**

ကျွန်းသားငမန်း

# လဲနေသူ ထူပေးပါ

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင် စာရင်းများကို ဇွန် ၁၀ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ တစ်နိုင်ငံလုံးဝင်ရောက်ဖြေဆိုသူ ၁၂၈၈၂၀ ဦး ရှိခဲ့ပြီး အောင်မြင်သူဦးရေ ၇၄၅၉၂ ဦး ရှိခဲ့သဖြင့် တစ်နိုင်ငံလုံးအောင်ချက်ရာခိုင်နှုန်းမှာ ၅၇ ဒသမ ၉၀ ရာခိုင်နှုန်းရှိခဲ့ကြောင်း မြန်မာနိုင်ငံစာစစ်ဌာန ထုတ်ပြန်ချက်များအရ သိရသည်။ ကျောင်းသား၊ ကျောင်းသူများ၏မျှော်လင့်ချက်မှာဘွဲ့၊ ဒီဂရီ ရသည်ထိ ကျောင်းပြီးအောင် သင်ယူနိုင်ရေးဖြစ်သည်။ အခြေခံပညာအဆင့်မှ အဆင့်မြင့်ပညာရပ်များကို ဆက်လက်ဆည်းပူးနိုင်ရေးဖြစ်သည်။ အဆင့်မြင့်ပညာရပ်များကို ဆက်လက်သင်ယူနိုင်ရန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ရေးပင် ဖြစ်သည်။

**တက္ကသိုလ်ဝင်စာမေးပွဲနှင့် မျှော်လင့်ချက်**

လက်ရှိ ပညာရေးစနစ်အရ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ခြင်း၊ မအောင်ခြင်းမှာ ကျောင်းသား၊ ကျောင်းသူများ၏ဘဝနောင်ရေးအတွက် စိန်ခေါ်မှုကြီး တစ်ခုလည်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ပညာရေးတွင် စိုက်ပျိုးရေးအထက်တန်းကျောင်းများ၊ စက်မှုလက်မှု အထက်တန်းကျောင်းများ စသည့်လက်မှုပညာရပ်များကို သင်ကြားပေးသည့် ကျောင်းများမှလွဲ၍ အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ပညာတို့သည် အသက်မွေးမှုပညာများကို သင်ကြားပေးခြင်း မရှိသေးချေ။ သာမန်စာဖတ်တတ်ရုံ၊ အသိပညာဖြည့်ဆည်းပေးနိုင်အောင် အခြေခံပညာဗဟုသုတများကို သင်ကြားပေးကြရုံသာ ရှိသည်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ စသည်တို့ကသာ သက်ဆိုင်ရာ ဘာသာရပ်၊ ပညာရပ်အသီးသီးကို တတ်မြောက်ကျွမ်းကျင်အောင် ဒီပလိုမာဘွဲ့၊ ဘွဲ့လွန် စသည့် ဒီဂရီများ ချီးမြှင့်ပေးကာ လူငယ်များ၏ ဘဝရှေ့ခရီး ဖြောင့်ဖြူးရေးအတွက် အထောက်အကူကို ပြုစေခြင်းဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးမှ ပညာရေးလမ်းကြောင်းတွင် အဆင့်မြင့်တက္ကသိုလ်ပညာရပ်များကို ဆည်းပူးခွင့်ရရှိနိုင်ပြီး ဘဝ၏တိုးတက်ရာတိုးတက်ကြောင်း ဆက်လက်ကြိုးစားအားထုတ်ရန် အခွင့်အလမ်းများရရှိနိုင်ခြင်းကြောင့်လည်း ဖြစ်သည်။ တစ်ခေတ်တစ်ချိန်က အစိုးရရုံး၊ ဌာနဆိုင်ရာများတွင် အနိမ့်ဆုံးဝန်ထမ်းအဖြစ် လုပ်ကိုင်ခွင့်ကို တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများကို ရွေးချယ်ခန့်ထားလေ့ရှိခဲ့သော်လည်း ယခုနောက်ပိုင်းတွင် အနိမ့်ဆုံးအငယ်တန်းစာရေးအဆင့်လောက်ကိုပင် တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီးမှသာ ရွေးချယ်ခန့်ထားသည်ကို တွေ့လာရသည်။ အဆင့်မြင့်ရာထူးနေရာများအတွက် ရာထူးဝန်အဖွဲ့မှ အလုပ်ခေါ်သည့်အခါများတွင်မူ သာမန်ဘွဲ့တစ်ခုဖြင့် မလုံလောက်တော့။ မဟာဘွဲ့ရရှိသူများကို ဦးစားပေးခေါ်ယူလာသည်ကိုလည်း တွေ့ရသည်။ တကယ်တော့ တက္ကသိုလ်တစ်ခုခုကို တက်ရောက်နိုင်ခွင့်၊ ဘွဲ့၊ ဒီဂရီ၊ ဂုဏ်ထူးတစ်ခုခုရယူနိုင်ရန် ဆိုသည်မှာလည်း အခြေခံပညာအဆင့်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှသာ ဆက်လက်သင်ယူနိုင်ခွင့်ရှိသည်။ ထို့ကြောင့်ပင် လူငယ်များအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ရေးကို အလေးထားကြိုးစားလာကြသည်။ ကျောင်းသားမိဘများအနေဖြင့်လည်း မိမိတို့ သားသမီးများကို ကောင်းသော ပညာရေးအမွေပေးနိုင်ရန်အတွက် အနည်းဆုံးတက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ရေးကို အလေးထားလာကြသည်။ မိမိတို့၏ သား၊ သမီးများကို ငွေကြေးအကုန်အကျခံပြီး ပညာသင်ကြားစေခြင်းဖြင့် သား၊ သမီးများ၏ နောင်ရေးအတွက် စီမံဆောင်ရွက်ပေးတတ်ကြသည်။ တက္ကသိုလ်ဝင်စာမေးပွဲများအောင်မြင်ရာတွင်ပင် သာမန်အောင်ရုံဖြင့် မရောင့်ရဲ၊ မကျေနပ်နိုင်ဘဲ အမှတ်ကောင်းကောင်းဖြင့် အောင်မြင်စေဖို့၊ ဂုဏ်ထူးတွေ တစ်သီတစ်တန်းကြီးပါစေဖို့ မျှော်လင့်ကြသည်။ ဤသို့ အောင်မြင်မှလည်း အဆင့်မြင့်ပညာသင်ယူရာတွင် ဘာသာရပ်ကောင်းကောင်း(ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်)များကို သင်ယူခွင့်ရနိုင်၍ ဖြစ်သည်။

စာသင်နှစ်တစ်နှစ်လုံး ကျားကုတ်ကျားခဲကြိုးစားသင်ယူခဲ့ကြသော ကျောင်းသူ၊ ကျောင်းသားများသည် တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်းထွက်မည့်နေ့ကို ရင်ခုန်စွာဖြင့် စောင့်မျှော်နေခဲ့ကြသည်။ အောင်စာရင်းထွက်လာတော့လည်း အောင်မြင်ခဲ့လျှင် ဝမ်းသာပီတိ ဖြစ်ကြရသလို၊ မအောင်မြင်ခဲ့ပါကလည်း မချိတင်ကဲ ဖြစ်ကြရသည်။ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် နောင်တစ်နှစ်အတွက် ပြန်လည်ကြိုးစားသင်ယူကြရမည်ဖြစ်ပြီး မိဘတို့တွင်လည်း သား၊ သမီးများ၏နောင်ရေး စိတ်အေးစေရန်၊ ပညာအမွေပေးနိုင်စေရန် နောက်တစ်နှစ်ပညာရေးအတွက် ရင်းနှီးမြှုပ်နှံရမည့်အရေးကို တွေးပူနေကြရှာမည် ဖြစ်သည်။ ပညာသင်နှစ် တစ်နှစ်ကုန်ဆုံးတိုင်း စိုးရိမ်သောကများဖြင့် စာမေးပွဲအောင်စာရင်းများကို ရင်တမမဖြင့် စောင့်မျှော်ကြသည်။

**စိတ်မပျက်ရန်လို**

တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသား၊ ကျောင်းသူများအတွက် အရေးပါသည့်ဘဝအချိုးအကွေ့တစ်ခုဖြစ်သည်။ သို့ဖြစ်သည့်အလျောက် ဖြေဆိုသူကျောင်းသူ၊ ကျောင်းသားများကရော၊ ကျောင်းသားမိဘများကပါ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်စေလိုကြသည်။ အောင်မြင်ရာတွင်လည်း အမှတ်ကောင်းကောင်း၊ ဂုဏ်ထူးများများဖြင့် အောင်မြင်လိုကြသည်။ ဤသို့ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်လိုခြင်းမှာ အဆင့်မြင့်ပညာရေးကို ဆက်လက်သင်ကြားခွင့်ရယူလိုခြင်းကြောင့် ဖြစ်သည်။တစ်နည်းအားဖြင့် တက္ကသိုလ်တက်ရောက်ပြီး အဆင့်မြင့်ပညာကို ဆက်လက်ဆည်းပူးပြီး ဆရာဝန်ကြီးများ၊ အင်ဂျင်နီယာကြီးများ၊ ရှေ့နေကြီးများ၊ အစိုးရ၊ ပုဂ္ဂလိက လုပ်ငန်းဌာနကြီးများတွင် တာဝန်ကြီးကြီးယူရသည့် အရာရှိ၊ အရာခံများဖြစ်လာမည်ဟု မျှော်မှန်းချက်များထားရှိခြင်းကြောင့် ဖြစ်သည်။ သို့ရာတွင် တက္ကသိုလ်ဝင်စာမေးပွဲ မအောင်မြင်သူများအနေဖြင့် ဘဝတစ်ခုလုံးပျက်သုဉ်းသွားတော့မည့်ပမာ၊ သာမန်ဉာဏ်ရည်အဆင့်ကိုပင်မမီသည့်အလား လူ့အဖွဲ့အစည်းတွင် ဆက်လက်နေထိုင်ရန် မဖြစ်နိုင်တော့သည့်ထိ စိတ်ဓာတ်ကျအားငယ်နေကြသူများကို တွေ့ရသည်။

အချို့ကျောင်းသား၊ ကျောင်းသူများမှာ ကြိုးစားကြသည်။ ကျောင်းတွင်းစာမေးပွဲများတွင်လည်း အမှတ်ကောင်းကောင်းရသည်။ စာမေးပွဲတွင် ဖြေလည်းဖြေနိုင်ခဲ့ကြသည်။ ဂုဏ်ထူးတွေ ရမည်ဟု မှန်းထားသော်လည်း အောင်စာရင်းတွင် မပါလာသည်များကို တွေ့ရသည်။ စာရေးသူ၏မြေးမငယ်တစ်ဦးမှာလည်း ယခင်နှစ်က တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်ခဲ့သည်။ ဘာသာရပ်တစ်ခုတွင် ဂုဏ်ထူးထွက်မည်ဟု သူကိုယ်သူ အထင်ကြီးတစ်ခွဲသားဖြင့် ရှိခဲ့သည်။ အောင်တော့ သူဂုဏ်ထူးရမည် မှန်းသော ဘာသာရပ်တွင် အမှတ် ၄၀ ဖြင့် သီသီကလေး အောင်မြင်ခဲ့ကြောင်း တွေ့ရသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် သူတို့မှာ မကြိုးစား၍ မဟုတ်။ ကြိုးစားဖြေဆိုခဲ့သည့်တိုင် ခြေချော်၊ လက်ချော်ဖြင့် ဘာသာရပ်တစ်ခုခုတွင် အောင်မှတ်မရဘဲ ဖြစ်ကောင်းဖြစ်နိုင်သည်။ သူတို့ကို အပြစ်ဆို၍ မရ။ အပြစ်ဆိုရန် မသင့်ပေ။ စာမေးပွဲကျ၍ မိဘများကလည်း အပြစ်တင်ခြင်း၊ ဆူပူခြင်း မပြုသင့်ပေ။ စာမေးပွဲဖြေဆိုသူကျောင်းသား၊ ကျောင်းသူများလည်း စာမေးပွဲကို အောင်ချင်ကြသူများဖြစ်ကြသည်။ ခြေချော်လက်ချော်ဖြင့် အကြောင်းတစ်ခုခုကြောင့် မအောင်သည်များ ရှိနိုင်လေရာ ဆူပူမည့်အစား ဖျောင်းဖျအားပေးရမည်။ ဆက်ပြီး ကြိုးစားရန် တိုက်တွန်းပေးရမည်။

စာမေးပွဲကျရှုံးသူများအနေဖြင့်လည်း တစ်ကြိမ်တစ်ခါ စာမေးပွဲကျရှုံးရုံဖြင့် အားငယ်စိတ်ပျက်စရာ မဟုတ်ပေ။ စာမေးပွဲတွင် ခြေချော်လက်ချော်အဖြစ်များလည်း ရှိတတ်သည်ဆိုခြင်းကို သတိထားဆင်ခြင်တတ်ရန်လိုသည်။ တချို့စာမေးပွဲကျရှုံးသူများသည် မိမိတို့ကိုယ်၌က အားသွန်ခွန်စိုက်စာကြိုးစားပါလျက် စာမေးပွဲစစ်မေးခါနီးအချိန်တွင် မိမိ၏ ကျန်းမာရေးကြောင့်ဖြစ်စေ၊ မမျှော်လင့်သောလူမှုရေးအခက်အခဲ အခြေအနေကြောင့်ဖြစ်စေ စာမေးပွဲခြေချော်လက်ချော်ဖြစ်သွားနိုင်ကြသည်။ သို့ဖြစ်ရာ စာမေးပွဲကျရှုံးသူများသည် ဘဝတစ်ခုလုံးဆုံးရှုံးမှုကား မဟုတ်။ လာမည့်ပညာသင်နှစ်တွင် ဖိဖိစီးစီးဖြင့် ဆက်လက်ကြိုးစားအားထုတ်လျှင် အောင်မြင်မှုကိုရနိုင်ပေသည်။ လဲကျလျှင် ပြန်ထနိုင်အောင် ကြိုးစားနိုင်ကြရပေမည်။ လဲကျခြင်းသည် ရှက်စရာမဟုတ်။ လဲရာမှ ပြန်မထနိုင်ခြင်းသည်သာ ရှက်စရာဖြစ်သည်။စာမေးပွဲအကြိမ်ကြိမ်ရှုံးနိမ့်သူများသည်ပင် မဆုတ်မနစ်ကြိုးစားဖြေဆိုခြင်းဖြင့် အောင်မြင်မှုပန်းကို ဆွတ်ခူးနိုင်သည်ကိုလည်း အတုယူနိုင်အောင်ကြိုးစားကြရမည်။

၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများကို ဇွန်လဆန်းမှ စတင်ဖွင့်လှစ်သင်ကြားနေပြီဖြစ်သည်။ ထို့အတူ တက္ကသိုလ်၊ ကောလိပ်ကျောင်းများတွင်လည်း ကျောင်းသားများကို လက်ခံနေပြီဖြစ်သည်။ ပညာရေးသည် ကျောင်းသားလူငယ်များအတွက် အနာဂတ်မျှော်လင့်ချက်ဖြစ်သည်။ ကျောင်းသားလူငယ်များသာမက ကျောင်းသားမိဘများ၏ သား၊ သမီးများ အပေါ်ထားရှိသည့် မေတ္တာနှင့် မျှော်လင့်ချက်၊ နိုင်ငံတော်၏အနာဂတ် မျှော်လင့်ချက်လည်း ဖြစ်ကြသည်။ ထို့ကြောင့် နိုင်ငံတော်၏ ပညာရေး တိုးတက်ကောင်းမွန်စေရန် နိုင်ငံတော်အစိုးရက အားပေးလုပ်ဆောင်ပေးနေသည်။ ပညာသင်နှစ်အတွက် ကျောင်းများအားလုံး ဖွင့်လှစ်နိုင်ရေး၊ ကျောင်းနေအရွယ်ကလေးငယ်များ ကျောင်းနေနိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ ဤအချိန်တွင် ကျောင်းနေရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်ပညာသင်ကြားနိုင်ရန် အရေးကြီးသည်။

**အသိပညာရှင်၊အတတ်ပညာရှင်များဖြစ်စေလို**

လူတစ်ယောက်၏ဘဝကို တက္ကသိုလ်ဝင်စာမေးပွဲတစ်ခုတည်းက ပြဋ္ဌာန်းနေသည် မဟုတ်ပေ။ လူ့ဘဝရှင်သန်ရပ်တည်နိုင်ရေး၊ လူ့ဘဝမှာ အောင်မြင်စွာနေထိုင်ရေးနှင့် လူ့ဘဝကို အကျိုးရှိစွာဖြတ်သန်းနိုင်ရေးဆိုသည်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးမှသာ ဖြစ်နိုင်သည် မဟုတ်ပေ။ သို့ရာတွင် အဆင့်မြင့်ပညာများကို မြင့်မြင့်မားမားသင်ယူလေ့လာနိုင်ရန်မှာ လွန်စွာ အရေးကြီးလှပေသည်။ မြန်မာနိုင်ငံလို တိုးတက်ဖွံ့ဖြိုးရေးအတွက် အထူးပင်အားသွန်ခွန်စိုက်ကြိုးပမ်းနေရသည့် နိုင်ငံအတွက် ပညာတတ်များ၊ ပညာရှိများ အမှန်တကယ်လိုအပ်လှပေသည်။ ထို့အတူ ဖွံ့ဖြိုးတိုးတက်မှုတွင် နောက်ကျနေသော ပြည်နယ်ဒေသများအနေဖြင့်လည်း မိမိတို့ဒေသ၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မည့် လူငယ်လူရွယ်ပညာတတ်များ၊ ပညာရှင်များ လိုအပ်လျက်ရှိနေပေသည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်ကြိမ်တစ်ခါကျရှုံးရုံနှင့် စိတ်ပျက်အားငယ်ခြင်း၊ မိဘများနေအိမ်မှ ထွက်ပြေးခြင်း စသည့် စိတ်ကူးတည့်ရာ၊ စိတ်ထင်ရာ လျှောက်လုပ်ခြင်းများ မပြုလုပ်သင့်ကြပေ။ လွဲမှားသောစိတ်ကူးအကြံနောက် လိုက်ပါမသွားမိအောင် သတိထားဆင်ခြင်ရန် လိုအပ်သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာရှင်များ၊ အတတ်ပညာရှင်များ လိုအပ်လျက်ရှိနေပေသည်။ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးခဲ့သည်ရှိသော်လည်း အဆိုပါလူငယ်များအနေဖြင့် စိတ်ပျက်အားငယ်ခြင်းမရှိဘဲ နောက်တစ်ကြိမ်တွင် အောင်မြင်အောင် ကြိုးစားသင့်ကြပေသည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး အဆင့်မြင့်ပညာများ ဆက်လက်ဆည်းပူးကာ တိုင်းပြည်အတွက် အားကိုးရသည့် အတတ်ပညာရှင်၊ အသိပညာရှင်လူငယ်များ ဖြစ်လာအောင် ကြိုးစားကြရန် လိုပေသည်။ မိဘများအနေဖြင့်လည်း မိမိတို့၏ သား၊ သမီးများ စိတ်ဓာတ်မကျအောင် ဖေးမအားပေးစကားများပြောကာ လမ်းကြောင်းတည့်မတ်ပေးရန် လိုအပ်ပေသည်။ အခွင့်အရေးများ ထပ်မံပေးကြရပေမည်။ သား၊ သမီးများအနေဖြင့်လည်း စိတ်ဓာတ်ကျအားငယ်ခြင်းမဖြစ်ဘဲ လဲကျလျှင် ပြန်ထနိုင်ရမည် ဟူသောအသိဖြင့် တိုင်းပြည်နှင့် လူမျိုးကို ချစ်သော၊ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆောင်ရွက်နိုင်သောသူများ ဖြစ်လာစေရန် ကြိုးစားအားထုတ်သွားကြရပေမည်။ ကျောင်းသားမိဘများအနေဖြင့်လည်း မိမိတို့သားသမီးများ၏ ပညာရေးအတွက် ဖေးကူအားပေးခြင်းဖြင့် လဲနေသူကို ဝိုင်းကူထူမပေးကြပါရန် ရေးသားလိုက်ရပေသည်။

❖ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာရှင်များ၊ အတတ်ပညာရှင်များ လိုအပ်လျက်ရှိနေပေသည်။ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးခဲ့သည်ရှိသော်လည်း အဆိုပါလူငယ်များအနေဖြင့် စိတ်ပျက်အားငယ်ခြင်းမရှိဘဲ နောက်တစ်ကြိမ်တွင် အောင်မြင်အောင် ကြိုးစားသင့်ကြပေသည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး အဆင့်မြင့်ပညာများ ဆက်လက်ဆည်းပူးကာ တိုင်းပြည်အတွက် အားကိုးရသည့် အတတ်ပညာရှင်၊ အသိပညာရှင်လူငယ်များ ဖြစ်လာအောင် ကြိုးစားကြရန် လိုပေသည်။ ❖



# အရောင်ဆိုးသောလျှာ

မယ်လေးခင်(မနောမြေ)

(၁)

"ကြက်သား တစ်ထောင်ဖိုးလောက်အစ်မ"

"တစ်ဆယ်သားယူပါညီမလေး။ တစ်ထောင်ဖိုးမရောင်းဘူး"

လက်ကျန်ငွေနှင့် ဝယ်ရမည့် ဟင်းအမည်တို့ကို စိတ်တွက်အပြေးအလွှားတွက်နေမိသည်။ တစ်ဆယ်သားတစ်ထောင့်ရှစ်ရာဈေး။ သမီးမှာလိုက်သည့် ခေါင်းစည်းကွင်း ဝယ်နိုင်ပါ့မလားမသိ။ အတွေးတို့နှင့် သက်ပြင်းချလိုက်မိသည်။

"မေမေဈေးကပြန်လာပြီ"

အပြေးထွက်လာကြိုနေသည့် သမီးကိုမြင်တော့ အေးမာ သမီးကိုနှစ်သိမ့်ရန် စကားလုံး အစ ရှာနေမိသည်။ ရသည့်ဝင်ငွေနှင့် သုံးနေရသည့် ဈေးဖိုးက မကာမိ။

"မေမေ သမီးမှာတဲ့ ခေါင်းစည်းကြိုးပါလား"

"ဒီနေ့အန်တီဝေ ဈေးမထွက်ဘူးသမီးရဲ့"

ငိုမဲ့မဲ့ဖြစ်သွားသည့် သမီးလေးမျက်နှာကိုကြည့်ရင်း အေးမာ ရင်ထဲမကောင်းပေ။ ဆံပင်လေးရှည်လာသည့်သမီးလေးသည် မိန်းကလေးသဘာဝပုံစံမျိုးစုံလုပ်ချင်ရှာလိမ့်မည်။ တစ်နေ့တော့ မေမေ ဝယ်ပေး မှာပါသမီးရယ်။

ချက်ပြုတ်စရာရှိသည်တို့ကို ပြင်ဆင်နေခိုက်သမီးလေးကတော့ ခုတော့ဘာမှမဟုတ်သလို သူငယ်ချင်းများနှင့် ဆော့ကစားနေလေသည်။

"အေးမာရေ အေးမာ"

အိမ်ရှေ့ဆီမှ အော်ခေါ်နေသည့်အသံကြောင့်-

"လာပြီ"

အော်ထူးရင်း အပြေးတစ်ပိုင်းထွက်လာခဲ့လိုက်သည်။

အိမ်ရှေ့တွင်တော့ အစ်မရီရီသည် ရပ်လျက်။

"အလုပ်ရှိတယ်အေးမာ။ လိုက်မလားလို့ အဖော်လာစပ်တာ"

အလုပ်ဆိုသည့်စကားကြောင့် အေးမာ စိတ်ဝင်စားမိသည်။ အခုလုပ်နေရသည့် မုန့်ထုပ်လုပ်ငန်းသည် တစ်နေ့ကုန်မှ ငါးထောင်လောက်သာရသည်။ ခါးချိအောင်ထိုင်နေရပြီး မုန့်ထုပ်နေရသည်ကို အေးမာ ငြီးငွေ့လှသည်။

"ဘာအလုပ်လဲ အစ်မရီ"

"အလုပ်ရောက်ရင် သိမှာပေါ့အေးမာရယ်။ လိုက်မှာလား မလိုက်ဘူးသာပြော"

"အစ်မရီပါတယ်ဆို အေးမာလိုက်မယ်"

မနက်လာခေါ်မယ်အေးမာ အဆင်သင့်ပြင်ထား။

(၂)

ဇွန်လအစပင်ရှိသေးသည် မိုးရွာသည်မှာ နေ့စဉ်ရက်ဆက်ဆိုသလိုပင် ရွာနေ၏။ မြစ်ကြီးနားမိုးသည် ရွာလိုက်လျှင်မတိတ်နိုင်တော့။ သမီးကို သူ့အဘွားလေးအိမ်ပို့ပြီး အလုပ်သွားဖို့အတွက်ပြင်ဆင်လိုက်သည်။

မိုးရွာသည်ကလည်း တော်တော်နှင့် မတိတ်နိုင်။ တစ်နေ့က မြို့ဈေးရောက်တုန်း ထီးဈေးမေးကြည့်မိသည်။ ရပ်ကွက်ဈေးကပင် နှစ်ရာလောက် သက်သာနေသည်။ ဘာမေးမေး ဘုရားတနေရသည့်အဖြစ်။

နောက်ဆုံးတော့လည်း သူငယ်ချင်း ဈေးဝယ်တာကိုသာ ငေးမောပြီးပြန်လာရသည်။ ယခုလိုမိုးရွာတော့ ဆောင်းစရာထီးကမရှိ။ သွားရမည့်ခရီးက တစ်မြို့တည်းဆိုပေမဲ့ ငါးမိုင်လောက်ဝေးသည်။ အေးမာတို့နေသည့်နေရာက ပမ္မတီးရပ်ကွက်။ အေးမာလုပ်ရမည့်အလုပ်က မြစ်ကြီးနားမြို့တွင်းပင်။

"ဟော"

ခြုံစရာတွေ့ပြီ။

ခြုံစရာကား ဆန်ဝယ်တုန်းကပါလာသည့် ပလတ်စတစ်အကြည်စလေးပင်။ အဝတ်အပိုကို ပလတ်စတစ်အိတ်အမည်းမှာ သေချာထုပ်ပိုးလိုက်သည်။

"အေးမာရေ သွားရအောင်"

အစ်မရီ နောက်ထပ်အော်မခေါ်ခင် အမြန်ပင်ထွက်လာခဲ့လိုက်သည်။

"အစ်မရီ ဘာအလုပ်လဲဟင်"

ရှေ့ကသွားနေသည့် အစ်မရီခြေလှမ်းတို့ကို အမီလိုက်ရင်း အမောတကောမေးမိသည်။ အလုပ်ဟုသာလိုက်လာရသည် ဘာအလုပ်မှန်းမသိရသေး။ အချိန်တန်ရင် သိရမည်ဆိုပေမယ့် အခုချက်ချင်းသိချင်စိတ်က ထိန်းမရ။ သွားနေကျခရီးက မိုးရွာနေတော့ ခရီးသွားရတာ မသွက်သလိုပင်။

"အစ်မရီ သုံးဘီးအကြုံငှားစီးရအောင်လေ"

အစ်မရီသည်အေးမာစကားကို လက်ခံသည်နှယ် ရပ်လိုက်လေသည်။

တားမည်ကြံခါမှ လာသမျှသုံးဘီးတို့သည် ခရီးသည်အပြည့်၊ ကုန်တင်ဝန်အပြည့်ပင်။

"ဟော အစ်မရီ တားလိုက်။ တားလိုက်မြန်မြန်လေး"

ဘာမှ မသယ်ဆောင်လာသည့် သုံးဘီးအလွတ်မို့ ဝမ်းသာအားရ။

ကားသမားကောင်လေးသည် ငယ်ငယ်ရွယ်ရွယ်လေးပင် အေးမာတို့နှစ်ယောက်ကို ပို့ပေးရမည့်နေရာမေးကာ လိုက်ပို့ပေးသည်။ အစ်မရီက ပိုက်ဆံထုတ်ပေးတော့မယူ။

ကျန်းမာပါစေ ချမ်းသာပါစေ ဆုပေးတော့ ရယ်ရင်း ကားမောင်းထွက်သွားသည်။

"ရောက်ပြီအေးမာ။ ကားလမ်းဟိုဘက်ခြမ်းက ခြံမှာ"

အစ်မရီပြသည့်ခြံကို လှမ်းကြည့်ရင်း ကားလမ်းကူးခဲ့ကြသည်။

ဩော်. . . အစ်မရီရယ် စားသောက်ဆိုင်လို့ပြောရင်ရတာပဲကိုး စိတ်ထဲကသာ ပြောနေမိသည်။

အေးမာတို့ရောက်လာတော့ ဆိုင်ရှင်ဖြစ်ဟန်တူသည့် အစ်မကြီးတစ်ယောက်ထွက်လာသည်။

"ဘာဝယ်မှာလဲ"

အသံသည် ကြားလိုက်ရုံနဲ့တင် ခက်ထန်မာကျောနေသည်။ အစ်မရီသည်ရှေ့တိုးလာလျက်-

"မနေ့က ဦးတင်ထွန်းပြောပေးခဲ့တဲ့ အလုပ်လာလုပ်တဲ့သူတွေပါ"

ဆိုင်ရှင်အစ်မကြီးအကြည့်တို့သည် အေးမာတို့ပုံစံကို အထင်သေးနေသည့်နှယ်။ ဘာမှတော့မပြောတော့ဘဲ ခြေဆုံးခေါင်းဆုံးကြည့်ကာ ဆိုင်နောက်ဘက်ခေါ်သွားသည်မို့ ဆိုင်ရှင်အစ်မကြီးနောက် လိုက်လာခဲ့ကြသည်။ ဆိုင်နောက်ကျောမှာတော့ ဆေးကြောရမည့်အိုးခွက်များက အပုံလိုက်ပင်။ အပေါက်ပေါက်တွေပါသည့်အိုးတွေက အများသားဖြစ်သည်။ ဆိုင်ရှင်အစ်မကြီးထွက်သွားသည်နှင့် သိချင်စိတ်ကို မထိန်းနိုင်ဘဲ အစ်မရီကို တိုးတိုးလေးကပ်ပြီးမေးလိုက်မိသည်။

"ဘာလုပ်တဲ့အိုးတွေလဲ အစ်မရီ"

ဆိုင်ရှင်အစ်မကြီးထပ်ရောက်လာသည်မို့ အေးမာတို့ အသံတိတ်သွားပြီး လုပ်စရာရှိသည်တို့ကိုလုပ်လိုက်သည်။

အေးမာတို့အိုးခွက်တွေဆေးပြီးသွားတော့ ဝန်ထမ်းမိန်းကလေးများဖြစ်ပုံရသည်။ အဝတ်စားဆင်တူလေးများနှင့် ဆိုင်ထဲတွင် အလုပ်ရှုပ်နေကြသည်ကို လှမ်းမြင်နေရသည်။ ဆိုင်ထဲတွင်တော့ အငွေ့တထောင်းထောင်းနှင့် စားနေကြသည့်လူတွေကို လှမ်းကြည့်ရင်း တစ်ရက်ကိုငါးထောင်ရအောင် ပြည့်မီအောင်အလုပ်လုပ်နေရသည့် သူတို့ဘဝများနှင့် တခြားစီပင်ဟု တွေးလိုက်မိသည်။

အေးမာတို့ခဏနားတော့ အသားဖြူဖြူအရပ်မြင့်မြင့်နှင့် အစ်ကိုကြီးတစ်ယောက်ရောက်လာသည်။

"ဘယ်ရပ်ကွက်ကလဲ ဘာနဲ့လာခဲ့ကြတာလဲ"

အေးမာတို့ပုံစံကိုကြည့်ရင်း သနားသည်လားမပြောတတ်။ ထိုအစ်ကိုကြီးအသံတို့သည် ကြင်နာမှုအပြည့်။

စားပြီးသည့်အိုးများ ဆေးရန်ထပ်ရောက်လာသည်မို့ အေးမာတို့ အလုပ်တွေပြန်စလိုက်ကြသည်။

"အစ်မတို့ကို သူဌေးခေါ်နေတယ်"

မိန်းကလေးတစ်ယောက်လာခေါ်သည်မို့ အေးမာတို့ ထလိုက်လာခဲ့ကြသည်။

"နေစားငြိမ်းများနေကြမလားလို့ မေးချင်လို့ပါ။ အစ်မတို့ သွားရဝေးတာနဲ့ ဆိုင်ကလဲ ညကိုးနာရီလောက်ထိ ဖွင့်တာမို့ပါ"

"ကျွန်မတော့ မိဘအိုရှိနေတော့ နေဖို့အဆင်မပြေပါဘူး သူဌေး"

"အေးမာရော"

သူဌေးအမေးကို အေးမာ အဖြေပေးဖို့ တွန့်ဆုတ်နေမိသည်။

"စဉ်းစားလိုက်အုံးမယ်ရှင့်။ သမီးလဲ ရှိနေလို့ပါ"

အေးမာတို့အတွက် စက်ဘီးဟောင်းလေးပေးလိုက်သည်မို့ သူဌေးကို ကျေးဇူးတင်မိပြန်သည်။ ဒီလိုဆိုတော့လည်း သူဌေးလင်မယားက သဘောကောင်းရှာသားဟု တွေးမိသည်။

(၃)

အေးမာတို့ ဝန်ထမ်းများအပေါ် ရက်မှန်ကြေးပါထပ်ပေးသည်မို့ အလုပ်လုပ်ရတာ ပျော်လာမိသည်။ ယခုဆိုရင်တော့ အေးမာတစ်ယောက်တည်းသာ အလုပ်သွား အလုပ်ပြန်ဖြစ်သွားသည်။ အစ်မရီကတော့ အစ်မရီအဖေဆေးရုံတက်လိုက်ရသည့်အတွက် ခွင့်တောင်းကာ အလုပ်ကထွက်သွားသည်။

စက်ဘီးကို အားစိုက်နင်းနေရင်း ထောက်ခနဲအသံသာကြားလိုက်ရပြီး ဆက်နင်းမရတော့။ မှောင်ကြီးမည်းကြီးမှာ အေးမာ ဘာမှမလုပ်တတ်။ ဘေးပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်လျက်ရှိနေသည်။ စီးလို့မရတော့သည်မို့ အေးမာတွန်းလာလိုက်သည်။ စက်ဘီးပျက်သည်ကလည်း တကယ့်နေရာကောင်းပင်။ အောင်ဇေရန်အောင်ဘုရားကုန်းတက် သပြေတစ်ထောင်ဘုရားနားရောက်ခါမှ ပျက်သွားသည်မို့ တွန်းလိုက်ရသည်မှာ အမောပင်ဆို့သည်။ အေးမာအိမ်ထိဆို တော်တော်နောက်ကျတော့မည်ပင်။

"တီ တီ" ကားဟွန်းသံကြောင့် တွန်းလက်စစက်ဘီးကို ဘေးကပ်လိုက်သည်။

"အေးမာ စက်ဘီးဘာဖြစ်လို့လဲ"

ခေါ်သံနှင့်အတူ မေးမြန်းသံပါထွက်လာသည်မို့ အေးမာ ကားပေါ်လှမ်းကြည့်လိုက်မိသည်။ အေးမာတို့ အလုပ်ရှင်သူဌေးပင်။

"စက်ဘီးချိန်းကြိုးပျက်သွားလို့ပါ သူဌေး"

"နီးရာအပ်ခဲ့လိုက် အေးမာ။ နောက်ကျနေပြီ ကားပေါ်တက် အိမ်လိုက်ပို့ပေးမယ်"

အေးမာ အတန်တန်ငြင်းပေမဲ့ လိုက်ပို့ပေးမည်ဆိုသည်ကြောင့် ကားပေါ်တက်ခဲ့လိုက်သည်။ အေးမာ အိမ်ရှေ့ရောက်တော့ သမီးလေးပင် မအိပ်သေး အန်တီစိန်ပါ မအိပ်သေးကြ။

သူဌေးကို ကျေးဇူးတင်ကြောင်းပြောရင်း သမီးလေး လက်ကိုတွဲကာ အေးမာအိမ်ထဲဝင်ခဲ့လိုက်သည်။ အန်တီစိန်ကတော့ မေးတော့မှာဆိုတာ အေးမာ သိနေမိသည်။ ထင်သည့်အတိုင်း အန်တီစိန်သည်သိချင်စိတ်ကို မနေနိုင်သည့်နှယ်-

"လိုက်ပို့ပေးတာ ဘယ်သူလဲ အေးမာ စက်ဘီးကရော"

အကျိုးအကြောင်းရှင်းပြတော့ အန်တီစိန်ပုံစံက မယုံချင်သလို ဖြစ်နေသည်။

မနက်စောစောထရမည်။ သမီးလေးကို ကျောင်း

စာမျက်နှာ ၂၅ သို့ ➤

# လိမ်လည်မှုနှင့် ပဋိညာဉ်ချိုးဖောက်မှု မတူပါ

## စိန်လှိုင်ဗိုလ်

လိမ်လည်မှုနှင့် ပဋိညာဉ်ချိုးဖောက်မှုတို့သည် မတူကွဲပြားပါသည်။ သို့ရာတွင် ပြည်သူအများကြား နှင့် အချို့သော တရားရုံးများသည်ပင်လျှင် အမြင် ဝေဝါးလျက်ရှိကြသည်။ ခြားနားချက်မှာ သွေးဆောင် သည်ဟု စွပ်စွဲသည့်အချိန်တွင် စွပ်စွဲခံရသူ၏ ကြံရွယ် ချက်သည် မည်သို့ရှိသည်ဆိုသည့် အချက်ပေါ်တွင် မူတည်လျက်ရှိသည်။ သို့ရာတွင် ထိုကြံရွယ်ချက်မှာ လူတစ်ဦးစီ၏ စိတ်သန္တာန်တွင် ဖြစ်ပေါ်နေသည့် အခြေအနေဖြစ်၍ သာမန်အားဖြင့် မြင်တွေ့လွယ် သော အရာမဟုတ်ပေ။

သက်သေခံအက်ဥပဒေပုဒ်မ-၁၄ အရ စိတ် အခြေအနေကို ဖော်ပြသော ကြံရွယ်ချက် ရိုးဖြောင့် သော သဘောနှင့် မရိုးဖြောင့်သော သဘောတို့ကို ဖော်ပြသော အကြောင်းအရာများသည် စပ်ဆိုင်သော အကြောင်းအရာများဖြစ်သည်။ စိတ်အခြေအနေကို လေ့လာသုံးသပ်ရာတွင် သက်သေခံအက်ဥပဒေ ပုဒ်မ-၈ အရ **ပြစ်မှုမတိုင်မီက ဖြစ်စေ၊ နောက်တွင် ဖြစ်စေ၊ ပြုမူသည့် အပြုအမူတို့ကို အခြေခံရမည် ဖြစ်ကြောင်း** အမှုတစ်ခုကို စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သည် မှာ ဥပဒေဗဟုသုတရရှိစေပါသဖြင့် ရည်ညွှန်းကိုးကား ရေးသားဖော်ပြပါဦးမည်။

နတ်မောက်မြို့နယ်တရားရုံး၂၀၂၀ ပြည့်နှစ် ရာဇ ဝတ်ကြီးအမှုအမှတ်-၄၉၈တွင် မဖြိုးစုလှိုင်က တရား စွဲဆိုခဲ့သော မဝါဝါမြင့်အပေါ် ရာဇသတ်ကြီးပုဒ်မ-၄၂၀ အရ စွဲချက်တင်သည့် အမိန့်ကို မဝါဝါမြင့်က မကွေး ခရိုင်တရားရုံး ၂၀၂၁ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ်-၂၇ ဖြင့် လျှောက်ထားရာ ပလပ်ခဲ့သည်။ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၂၂ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ်-၄ (ခ) ဖြင့် ဆက် လက်လျှောက်ထားခဲ့ရာ မဝါဝါမြင့်အပေါ် စွဲချက်တင် သည့်အမိန့်ကို ပယ်ဖျက်ပြီး အမှုမှ စွဲချက်မတင်မီ လွှတ်ခဲ့သည်။ ထိုအမိန့်ကို ဥပဒေရေးရာဝန်ကြီး ဌာနနှင့် မူလရုံးတရားလို မဖြိုးစုလှိုင်တို့က ပြည် ထောင်စုတရားလွှတ်တော်ချုပ်သို့ ရာဇဝတ်ပြင်ဆင် မှုများ အသီးသီး တင်သွင်းခဲ့ပါသည်။

**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ မဝါဝါမြင့်သည် စုကြေးတာဝန်ခံအဖြစ် လုပ်ကိုင်သည်။ မူလရုံးတရားလို မဖြိုးစုလှိုင်ထံရောက် လာပြီး စုကြေးများကို ပြီးဆုံးအောင်ထည့်ဝင်မည်ဖြစ် ကြောင်း ယုံကြည်အောင်ပြောဆိုကာ ၂၀၁၉ခုနှစ် ဩဂုတ် ၁၄ရက်မှ စတင်ပြီး၂၀၂၀ပြည့်နှစ် စက်တင် ဘာ ၁၆ရက်တွင်ပြီးဆုံးမည့် အစုဝင် ဦးရေ ၄၀ပါဝင် သည့် တစ်နေ့လျှင် ငွေကျပ်(၃၀၀၀ဝိ/-) စုဆောင်း၍ ၁၀ ရက် တစ်ကြိမ် ငွေကျပ်သိန်း ၁၂၀ အစုငွေထုတ် ယူခွင့်ရှိသော စုကြေးအဖွဲ့တွင် အစုငါးစု ပါဝင်ခဲ့သည်။

မဝါဝါမြင့်အနေဖြင့် စုကြေး ၅ ကြိမ်ကို လေလံ ဆွဲထုတ်ယူခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၀ရက် မှစ၍ ဆက်လက်ပေးသွင်းခဲ့ခြင်းမရှိကြောင်း၊ စုကြေး ပြီးဆုံးသည်ထိ ထည့်ဝင်ရန် ဆန္ဒမရှိဘဲ စုကြေးငွေ များ လိမ်လည်ရယူခဲ့သဖြင့် ငွေကျပ် သိန်း ၂၄၀ နစ်နာခဲ့သည့်အတွက် မဝါဝါမြင့်ကို အရေးယူပေး ပါရန် မဖြိုးစုလှိုင်က တရားလိုပြုလုပ် တိုင်တန်းသော အမှုဖြစ်သည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ် ဆုံးဖြတ်ချက်**

မဖြိုးစုလှိုင်မှ တာဝန်ခံအဖြစ် လုပ်ကိုင်သည့် အစု ဝင် ဦးရေ ၄၀ ပါဝင်ပြီး တစ်နေ့လျှင် ငွေ(၃၀၀၀ဝိ/-) ကျပ် စုဝင်၍ ၁၀ ရက်လျှင်တစ်ကြိမ် စုကြေးငွေကျပ် သိန်း ၁၂၀ ထုတ်ပေးသည့် စုကြေးအဖွဲ့တွင်မဝါဝါမြင့်က အစုငါးစုပါဝင်ခဲ့သည်။ အဆိုပါစုကြေးအဖွဲ့မှာ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၄ရက်တွင် စတင်ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၆ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ မဝါ ဝါမြင့် အနေဖြင့် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂ ရက်၊ ၂၀၁၉ခုနှစ် စက်တင်ဘာ ၁၂ ရက်၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၁ ရက်၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်နှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၀ ရက်တို့တွင် စုကြေးငွေကျပ် သိန်း ၁၂၀ စီ စုစုပေါင်းငွေကျပ် သိန်း ၆၀၀ကို ထုတ်ယူခဲ့သော်လည်း အစုဝင်၂၄ ဦးထိ ထည့်ဝင်ပြီးနောက်၂၀၂၀ ပြည့်နှစ် ဧပြီ ၁၀ရက်မှစ၍ ပေးသွင်းခြင်းမပြုတော့သဖြင့် အစုဝင် ၁၆ ဦးအတွက် ထည့်ဝင်ရန် ကျန်ရှိကြောင်းမှာ အမှုတွင် အငြင်းပွား မှုမရှိကြောင်း ပြင်ဆင်မှုရုံးတော်က ဦးစွာစိစစ်ဖော်



ထုတ်ခဲ့ပါသည်။

လျှောက်ထားသူများဘက်မှ မဝါဝါမြင့်သည် အိမ် ခြံ၊ ကား၊ အရောင်းအဝယ် လုပ်ကိုင်သဖြင့် တိုက်၊ ကားနှင့် ရွှေ ငွေများ ပိုင်ဆိုင်ကြောင်း၊ စုကြေးငွေများ ကို ပြီးဆုံးသည်ထိ မပျက်မကွက်ထည့်မည်ဖြစ်ကြောင်း မရိုးမဖြောင့်သော သဘောဖြင့် သွေးဆောင်ပြောဆို ကာ စုကြေးငွေများ ထုတ်ယူပြီးနောက်ပိုင်း ဆက်လက် ပေးသွင်းခဲ့ခြင်းမရှိကြောင်း စွပ်စွဲခဲ့သည်။ မဝါဝါမြင့် ကလည်း ၎င်းနှင့် မဖြိုးစုလှိုင်တို့ကြား သဘောတူ ညီသည့်အတိုင်း စုကြေးငွေများ မပေးသွင်းခြင်းမှာ ကတိပဋိညာဉ်ဖောက်ဖျက်မှုသာဖြစ်၍ ရာဇဝတ် ကြောင်းအရ စွဲဆိုခြင်း မပြုနိုင်ကြောင်း ရုံးတော်သို့ တင်ပြခဲ့သည်။

**ပဋိညာဉ်ချိုးဖောက်မှုသက်သက်ဆိုလျှင် ရာဇ ဝတ်ကြောင်းအရ တရားစွဲဆိုရန် အကြောင်းပေါ် ပေါက်နိုင်မည်မဟုတ်သော်လည်း စုကြေးငွေများကို ဆက်လက်ထည့်ဝင်ရန် ပျက်ကွက်ခဲ့ခြင်းသည် မရိုး မဖြောင့်သော သဘောဖြင့်လည်းကောင်း၊ လိမ်လည် လှည့်ဖြားလိုသည့် သဘောဖြင့်လည်းကောင်း၊ သွေး ဆောင်ပြုမူခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်လျှင် ရာဇသတ်ကြီးပုဒ်မ-၄၁၅ အရ လိမ်လည်မှုကို ကျူး လွန်ခြင်းမည်ပေလိမ့်မည်ဟု ပြည်ထောင်စုတရား လွှတ်တော်ချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။**

**လိမ်လည်မှုနှင့် ပဋိညာဉ်ချိုးဖောက်မှုတို့၏ ခြား နားချက်မှာ သွေးဆောင်သည်ဟု စွပ်စွဲသည့်အချိန် တွင် စွပ်စွဲခံရသူ၏ ကြံရွယ်ချက်သည် မည်သို့ရှိသည် ဆိုသည့်အချက်ပေါ်တွင်မူတည်လျက်ရှိသည်။ သို့ရာ တွင် ထိုကြံရွယ်ချက်မှာ လူတစ်ဦး၏စိတ် သန္တာန်တွင် ဖြစ်ပေါ်နေသော အခြေအနေဖြစ်၍ သာမန်အားဖြင့် မြင်လွယ်၊ တွေ့လွယ်သောအရာ မဟုတ်ကြောင်း အချင်းမဖြစ်ပွားမီနှင့် အချင်းဖြစ်ပွား ပြီးနောက် ပြုမူသည့်လူ၏အခြေအနေကို ပေါင်းစပ် သုံးသပ်ကြည့်လျှင် မရိုးမဖြောင့်သော သဘောပေါ် လွင်ပါက ထိုသူသည် လိမ်လည်မှုကို ပြုသည် ဟု ယူဆရပေမည်ဟု ရုံးတော်က ဆင်ခြင်သုံးသပ် ခဲ့ပါသည်။**

မဝါဝါမြင့်က ၎င်းသည် အိမ်၊ ခြံ၊ ကား၊ အရောင်း အဝယ်လုပ်ကိုင်သဖြင့် တိုက်ခန်းနှင့် ရွှေများပိုင်ဆိုင် သူဖြစ်ကြောင်း၊ စုကြေးငွေများကို ပြီးဆုံးသည်ထိ မပျက်မကွက် ထည့်ပါမည်ဖြစ်ကြောင်း ပြောဆို၍ မဖြိုးစုလှိုင် တာဝန်ခံအဖြစ် လုပ်ကိုင်သော စုကြေး အဖွဲ့တွင် ပါဝင်ခွင့်တောင်းခံခဲ့သည်ကို ဦးအောင်သူ မြတ် ခေါ် ဦးအောင် (လိုပြ-၂)၏ ထွက်ဆိုချက်တွင် တွေ့ရသည်။

မဝါဝါမြင့် အနေဖြင့် စုကြေးငွေငါးကြိမ်ကို ဆက် တိုက်နီးပါးဆိုသလို ထုတ်ယူခဲ့ပြီး စုကြေးအဖွဲ့ဝင် ၁၆ ဦးအတွက် ကျန်ရှိသည့်အခြေအနေတွင် ဆက်လက် ပေးသွင်းခြင်း မပြုခဲ့သည့်အပြင် **အခြားစုကြေးအဖွဲ့ နှစ်ဖွဲ့တွင်လည်း စုကြေးငွေများထုတ်ယူပြီး ပေးသွင်း ခြင်းမပြုခဲ့သဖြင့် အလားတူတရားစွဲဆိုခံခဲ့ရသည်**ဟု ပေါ်ပေါက်သည်။

မဝါဝါမြင့်က တစ်နေ့လျှင် ကျပ်(၃၀၀၀ဝိ/-) ထည့်ဝင်ရမည်ကို သဘောတူခဲ့သော်လည်း ၎င်း ရရန်ရှိသည့် ငွေမှာ ငွေကျပ် သိန်း ၆၀၀ မဟုတ်ဘဲ (၄၉၂၁၂၀၀ဝိ/-)ကျပ်ဖြစ်၍ ပေးသွင်းရန်ကျန်ငွေမှာ (၁၃၂၁၂၀၀ဝိ/-)ကျပ် ဖြစ်ကြောင်း ပြန်လှန်မေးမြန်း ချက်တွင် တွေ့ရသည်။ လေလံစုကြေး၏ သဘော သဘာဝကို သိလျက်နှင့် စုကြေးအဖွဲ့တွင်ပါဝင်ခဲ့ပြီး စုကြေးငွေများလက်ခံရယူပြီးနောက်တွင် သဘောတူ ညီ၍ အမြတ်ပေးသည့်ငွေများကို ငြင်းဆိုခဲ့သည်။ ပေး သွင်းရန်ကျန်ငွေနှင့်စပ်လျဉ်း၍ သင့်တော်သည့်နေရာ တွင် လူချင်းတွေ့ဆုံညှိနှိုင်းခြင်းပြုရန် အားထုတ်မှု မရှိဘဲ အရစ်ကျပေးသွင်းရန် စာဖြင့် ဖုန်းဖြင့် ညှိနှိုင်း ခဲ့သော်လည်း အမှန်တကယ်ပေးသွင်းခြင်းမရှိကြောင်း၊ တရားလိုဘက်သက်သေခံချက်များတွင် တွေ့ရှိရသည် ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဖော် ထုတ်ခဲ့ပါသည်။

ယခုအမှုတွင် မဝါဝါမြင့်အနေဖြင့် စုကြေးအဖွဲ့ ဝင်အဖြစ် လက်ခံရန်ပြောဆိုခဲ့သောအခြေအနေနှင့် စုကြေးထုတ်ယူပြီးနောက် ၎င်း၏ပြုမူဆောင်ရွက် ချက်များကို ပေါင်းစပ်သုံးသပ်ပါက မဖြိုးစုလှိုင် တာဝန်ခံအဖြစ်လုပ်ကိုင်သော စုကြေးအဖွဲ့တွင် ပြီးဆုံးအောင် ထည့်ဝင်ရန် ရည်ရွယ်ချက်မရှိဘဲ စုကြေးငွေငါးစုအတွက် ငွေကျပ် သိန်း ၆၀၀ ထုတ်ယူခဲ့သော်လည်း ပေးသွင်းရန် ကျန်ငွေကျပ် သိန်း၂၄၀ ကို မပေးသွင်းခြင်းသည် **မရိုးမဖြောင့်သော သဘောဖြင့် မဖြိုးစုလှိုင်ထံမှ ငွေကြေးကို ရယူခဲ့ သည်ဟု ရှေးဦးအမြင်အရ ပေါ်ပေါက်နေကြောင်း** ရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

သဘောတူညီချက်ဖြင့် ငွေကြေးကိစ္စများကို ဆောင်ရွက်ကြရာတွင် သဘောတူညီချက်အတိုင်း ဆောင်ရွက်ရန် ပျက်ကွက်မှုသည် ကတိပဋိညာဉ် ဖောက်ဖျက်ခြင်းဖြစ်၍ တရားမကြောင်းအရ စွဲဆို နိုင်သည့် အခွင့်အရေးရှိသည်မှန်သော်လည်း တိုင် တန်းချက်တွင် ပြစ်မှုမြောက်သော အခြေအနေ ငြိစွန်း ပေါ်ပေါက်နေပါက ရာဇဝတ်ကြောင်းအရ အရေးယူ ဆောင်ရွက်ခွင့်ရှိရမည်ဖြစ်သည်။ အထက်ဖော်ပြပါ အတိုင်း သုံးသပ်တွေ့ရှိရသည့် အခြေအနေတွင် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်သည် မှုတမှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆင်ခြင်သုံးသပ် ခဲ့ပါသည်။

တင်သွင်းလာသည့် ပြင်ဆင်မှု နှစ်မှုသည် အခွင့် အရေးတစ်ရပ်တည်းအတွက် ဥပဒေရေးရာဝန်ကြီး ဌာနနှင့် မူလရုံးတရားလို မဖြိုးစုလှိုင်တို့က တင်သွင်း လာခြင်းဖြစ်သည်။ ပြင်ဆင်မှုများတင်သွင်းရန် ကာလ စည်းကမ်းသတ် ရက်ပေါင်း ၆၀ ဟု သတ်မှတ်ခြင်းမှာ ဥပဒေအရသတ်မှတ်ခြင်းမဟုတ်ဘဲ တရားရုံးများ လက်စွဲအပိုဒ်-၇၆၆ အရ ညွှန်ကြားထားခြင်းဖြစ်သည်။ ပြင်ဆင်မှုများတွင် ပြင်ဆင်မှုတရားရုံးများအနေဖြင့် ဝင်ရောက်စွက်ဖက်ပြင်ဆင်ရန် လိုအပ်ပါက ကာလ စည်းကမ်းသတ်ကျော်လွန်မှုကို ခွင့်ပြုနိုင်သည်ဖြစ်၍ မဖြိုးစုလှိုင်တင်သွင်းသည့် ပြင်ဆင်မှုတွင် ကာလ စည်းကမ်းသတ် ၁၄ ရက် ကျော်လွန်ကာမျှဖြင့် အမှုကို ပလပ်ခြင်းမပြုနိုင်ကြောင်း ရုံးတော်က သုံးသပ်ခဲ့သည်။

ထို့ကြောင့် ဤရာဇဝတ်ပြင်ဆင်မှုကို ခွင့်ပြုပြီး မကွေးတိုင်းဒေသကြီးတရားလွှတ်တော်က မဝါဝါမြင့် ကို အမှုမှစွဲချက်မတင်မီလွှတ်ခဲ့သည့်အမိန့်ကို ပယ် ဖျက်သည်။ မဝါဝါမြင့် အပေါ် ရာဇသတ်ကြီးပုဒ်မ-၄၂၀ အရ စွဲချက်တင်ခဲ့သည့် နတ်မောက်မြို့နယ် တရားရုံး အမိန့်ကို အတည်ပြုခဲ့သော မကွေးခရိုင်တရားရုံး၏ အမိန့်ကို ဆက်လက်အတည်ပြုပြီး အမှုကို ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားလိုက် ပါသည်။ **နိုင်ငံတော်နှင့် မဝါဝါမြင့်နှင့် မဖြိုးစုလှိုင် နိုင်ငံတော်ပါ ၂ ၊ ၂၀၂၂ ခုနှစ်၊ရာဇဝတ်ပြင်ဆင်မှု အမှတ်-၂၂၆ (ခ) ၂၆၆ (ခ)** ကို ရည်ညွှန်းကိုးကား ရေးသားဖော်ပြလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စိုက်ပျိုးရာသီတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရိုဘက်စတာကော်ဖီ ဧက ၁၀၀၀ ထိ စိုက်ပျိုးသွားမည်



**ပဲခူး ဇွန် ၂၆**

၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် စိုက်ပျိုးရာသီတွင် ပဲခူးတိုင်းဒေသကြီး အတွင်း ရိုဘက်စတာကော်ဖီ ဧက ၁၀၀၀ ထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့၏သတင်းများအရ သိရသည်။

ရိုဘက်စတာမြေနိမ့်ကော်ဖီမျိုးများသည် ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၂၅၀၀ အောက်နှင့် မိုးရေချိန် လက်မ ၆၀ မှ လက်မ ၁၀၀ ကြားတွင် စိုက်ပျိုးရန် သင့်တော်သည့် ကော်ဖီအမျိုးအစားများ ဖြစ်ကြောင်း၊ အဆိုပါ ရိုဘတ်စတာ ကော်ဖီသည် ကမ္ဘာ့ဈေးကွက်ဝင် ကော်ဖီအမျိုးအစားဖြစ်ပြီး ပဲခူးတိုင်း ဒေသကြီး၏ ရာသီဥတုနှင့်လည်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အခြေအနေတွင်ရှိကြောင်း သိရသည်။

ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးခြင်းဖြင့် မျိုး၏ ကောင်းမွန်သော မူလဗီဇအရည်အသွေးများကို ထိန်းသိမ်းထားနိုင်ခြင်း၊ အပင်ပေါက်နှုန်း ကောင်းမွန်ညီညာ၍ ကြီးထွားမှုမြန်ဆန်စေခြင်း၊ မြေဩဇာ၊ အစိုဓာတ်၊ အလင်းရောင်တို့ကို ပိုမိုအသုံးပြုနိုင်စေခြင်း၊ ရာသီဥတုနှင့် ပိုးမွှားရောဂါဒဏ် ခံနိုင်ရည်ရှိခြင်း၊ ရင့်မှည့်မှုညီညာပြီး ခူးဆွတ်ရာတွင် အလေအလွင့်နည်းပါးခြင်း၊ သီးနှံအထွက်နှုန်း တစ်ဧကလျှင် ၂ ဒသမ ၈၂ တန် ထွက်ရှိနိုင်သဖြင့် နိုင်ငံခြားဝင်ငွေတိုးပွားရရှိလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာစေမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် သစ်တောအစုအဖွဲ့ လုပ်ငန်းရှင်များ၊ နှစ်ရှည်သီးနှံစိုက်ပျိုးသောလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ စိုက်ပျိုးထားသော သစ်ပင်များမှ ဝင်ငွေရရှိနေကြောင်း၊ ရိုဘက်စတာ ကော်ဖီကို သီးညှပ်စိုက်ပျိုးခြင်းအားဖြင့် နှစ်သီးပေါ်မှ ဝင်ငွေပိုမိုတိုးတက်ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့တွင် Linght House Co., Ltd မှ ပြည်တွင်းမှထွက်ရှိသည့် ကော်ဖီကို ဝယ်ယူကာ တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် အမှုန့်ကြိတ်၍ ပြည်ပဈေးကွက်များသို့ နှစ်စဉ် တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် စိုက်ပျိုးရာသီတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရိုဘက်စတာ ကော်ဖီ ဧက ၁၀၀၀ ထိ စိုက်ပျိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၃၃၆)

# မိုင်းရှူးမြို့နယ် လွိုင်ခမ်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းရှူး ဇွန် ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းရှူးမြို့နယ် လွိုင်ခမ်းကျေးရွာရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစေပြီး ရာသီမရွေး သွားလာနိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ အတိုးရရှိငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် လွိုင်ခမ်းကျေးရွာတွင် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

လွိုင်ခမ်းကျေးရွာတွင် တစ်ဖက်လျှင် အရှည် ပေ ၅၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၈၃ သိန်း အသုံးပြု၍ ခရိုင်၊ မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဧပြီလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ရိုသန်းညွန့်**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၃၅၇ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဇွန် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းသီးနှံ ၉၃၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ဧက ၆၆၅၀နှင့် မိုးပဲတီစိမ်း ၈၃၉၄၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း ၆၂၁၁ ဧကနှင့် မိုးပဲတီစိမ်း ၃၁၄၄ ဧက စုစုပေါင်း ၉၃၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကန့်ဘလူမြို့နယ်အတွင်း မိုးကြိုပဲတီစိမ်းနဲ့ မိုးပဲတီစိမ်း ၉၀၅၉၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၉၃၅၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့၊ ပဲတီစိမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အသိပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်နေပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။



ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးကြိုပဲတီစိမ်း၊ မိုးပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းစေရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲတတ်စေရေး၊ အထွက်နှုန်း ကောင်းမွန်စေရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

(၂၀၆)

# တောင်တွင်းကြီးမြို့နယ် ကြီးအောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဇွန် ၂၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးအောင်းကျေးရွာ၌ တတိယအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ကြီးအောင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ကြီးအောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၃၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြီးအောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၈၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၇၉ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၅၈ ဒသမ ၅ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် ၃ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၃၀ ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်ထံမှ သိရသည်။

**နှဲ့ယဉ်**

# တောင်သာမြို့နယ် အုန်းပင်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းပင်တောကျေးရွာ၌ ဆဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇွန် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ချေးငွေများ ထုတ်ချေးပေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ အမှန်တကယ်လိုက်နာဆောင်ရွက်ရန်၊ ရန်ပုံငွေ လေလွင့်မှု မရှိစေရေး၊ ကျေးလက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပပဝင်းခိုင်က အုန်းပင်တောကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၄၉၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက အုန်းပင်တောကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ်သိန်း ၂၄၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၂၅၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**ချစ်ဦးကို**

**ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# အမျိုးသားစာပေတစ်သက်တာဆုရ စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်း



စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်း

စာရေးသူမိသားစုသည် စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းနှင့် ရင်းနှီးသည်။ အထူးသဖြင့် စာရေးသူ၏ဇနီးနှင့် ပိုရင်းနှီးသည်။ ဆရာမကြီးက မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့သူ(ရေနံ့သာသူ)၊ စာရေးသူ၏ဇနီးကလည်း ရေနံ့သာသူဖြစ်သည်။ ပို၍ ရင်းနှီးစေသည့်အကြောင်းမှာ စာရေးသူသည် ပညာရေးသုတေသနဌာနမှ ဝန်ထမ်း၊ ပညာရေးသုတေသနဌာနနှင့် ဆရာမကြီး တာဝန်ထမ်းဆောင်နေသော ပညာရေးတက္ကသိုလ်မှာ ဌာနချင်းကပ်လျက်ရှိရာ အမြဲဝင်ထွက်သွားလာမှုရှိခြင်းကြောင့်ဖြစ်သည်။

ဆရာမကြီး ဒေါက်တာမတင်ဝင်းသည် ပညာရေးတက္ကသိုလ်၊ သင်ပြနည်းဌာန၏ဌာနမှူး၊ ပါမောက္ခဖြစ်သည်။ ပညာရေးတက္ကသိုလ်နှင့် ပညာရေးသုတေသနအဖွဲ့တို့မှာ နှစ်အိမ့်တစ်အိမ်သဖွယ် ဆက်စပ်နေသည်။ ပညာရေးသုတေသနအဖွဲ့ တည်ထောင်ခါစက ဌာန၏ အကြီးအကဲမှာ ဗိုလ်မှူးကြီး စံမြင့်ဖြစ်သည်။ ဗိုလ်မှူးကြီးမှာ ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ပညာရေးသုတေသနအဖွဲ့ အကြီးအကဲအဖြစ် တွဲဖက်တာဝန်ယူရသည်။

ဗိုလ်မှူးကြီးစံမြင့် ပင်စင်ယူသောအခါ ဆရာကြီး ဦးသန်းဦးက ပညာရေးသုတေသနအဖွဲ့ဥက္ကဋ္ဌဖြစ်လာသည်။ အဖွဲ့ဥက္ကဋ္ဌမှာ ဌာနအကြီးအကဲဖြစ်သည်။ ပညာရေးသုတေသနအဖွဲ့သည် မြန်မာစာသုတေသန၊ သင်္ချာသုတေသန၊ သမိုင်းသုတေသန စသည်ဖြင့် သုတေသနပေါင်းများစွာကို လုပ်ကိုင်ဆောင်ရွက်ရသည်။ သုတေသနလုပ်ငန်းများစွာကို ပညာရေးတက္ကသိုလ်နှင့် တွဲဖက်လုပ်ရသည်။

ဆရာမကြီး ဒေါက်တာမတင်ဝင်းသည် နာမည်ကျော် စာရေးဆရာမကြီးလည်းဖြစ်သည်။ အမျိုးသားစာပေဆုရ၊ အမျိုးသားစာပေ တစ်သက်တာဆုရ စာရေးဆရာမကြီးဖြစ်သည်။

မှတ်မှတ်ရရ စာရေးသူ ဆရာမကြီးရုံးခန်းသို့ ရောက်လေတိုင်း လက်နှိပ်စက်တစ်လုံးနှင့် စာရေးသားနေသည်ကို တွေ့ရသည်။ လက်နှိပ်စက်ဖြင့် စာရေးသူ ဆရာကြီးများကို ကျွန်တော်တွေ့ဖူးသည်။ အမျိုးသားစာပေဆုရ ဆရာကြီး ဦးမြလှိုင်(မြလှိုင်)၊ ဆရာကြီးမောင်ပေါ်ထွန်း (အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုရ)၊ စာရေးဆရာကြီး အဏ္ဏဝါစိုးမိုး၊ ဆရာ မြသန်းတင့်၊ ဆရာကြီး ရှုမဝဦးကျော်တို့ဖြစ်ကြသည်။ စာရေးသူမသိသော အခြားသူများလည်း ရှိကောင်းရှိနိုင်သည်။

နောက်ပိုင်း ကွန်ပျူတာပေါ်လာသောအခါ ဆရာမကြီးသည် လက်နှိပ်စက်ကို မသုံးတော့ဘဲ ကွန်ပျူတာအသုံးပြုပြီး စာအုပ်များ ရိုက်နှိပ်ထုတ်ဝေဖြန့်ချိနိုင်ခဲ့သည်။ ဆရာမကြီးရေးခဲ့သည့် လုံးချင်းစာအုပ်မှာ အုပ်ရေ ၃၀ ကျော်ရှိနေပါပြီ။

ယခင်က သိလိုသမျှ အကြောင်းအရာများကို စာကြည့်တိုက်တွင် ရှာဖွေရသည်။ ယခုတော့ သူ့ရှေ့ဖန်သားပြင်ပေါ်မှ ခလုတ်နှိပ်ရုံဖြင့် သိလိုသည့်အကြောင်းအရာကို ချက်ချင်းသိနိုင်သည်။ နည်းပညာထွန်းကားသော ခေတ်မီပစ္စည်းများက အချိန်ကုန်သက်သာပြီး ခရီးရောက်အောင် ပံ့ပိုးကူညီနိုင်သည်။ အင်တာနက်ခေတ်ကြီးမှာ ဘာမှမခက်တော့ပါ။

ဆရာမကြီး၏ပြောပြချက်အရ သူ့ဘဝကို လွှမ်းမိုးခဲ့သူမှာ အဘွားဒေါ်ငွေမှုံဖြစ်သည်ဟုဆိုသည်။ ဒေသဓလေ့အရ အဘွားကို အမေဟု သုံးနှုန်းခေါ်ဝေါ်သည်။ အမေငွေက ဆရာမကြီး ငယ်စဉ်အခါကပင် နေ့စဉ်ပုံပြောလေ့ရှိသည်။ ပုံပြင်နားထောင်ပြီးမှ အိပ်သည်။ အမေငွေ စိပ်ပုတီးစိပ်နေလျှင် ပြီးအောင်စောင့်သည်။ ပုံပြင်နားထောင်ပြီးမှ စိတ်ကျေနပ်ကာ အိပ်စက်သည်။ စာရေးသူတို့မှာ သိပ္ပံဘာသာတွဲကျောင်းသားများဖြစ်သော်လည်း စာရေးစာဖတ်ဝါသနာ၊ စာရေးဆရာဖြစ်ချင်သော လိုအင်ဆန္ဒများအရ ဆရာမကြီးဒေါက်တာမတင်ဝင်းအခန်းသို့ အရောက်အပေါက်များသည်။

တစ်နေ့ ဆရာမကြီးအခန်းသို့ရောက်ခိုက် ကွန်ပျူတာ စာစီထားသော စာမူတစ်ခုထုတ်ပေးပြီး စာရေးသူတို့ကို ဖတ်ခိုင်းသည်။ စာမူအမည်မှာ "ကျွန်မကို မွေးမြူပျိုးထောင်ပေးလိုက်တဲ့ အမေငွေ"ဖြစ်သည်။ အမေငွေက ဇာတ်နိပါတ်ပုံပြင်များကို ပြောသည်။ သစ်ပင်စိုက်ခိုင်းသည်။ တိုင်းရင်းဆေးအကြောင်း ပြောလည်းပြော၊ လက်တွေ့လည်း ကုသပေးသည်။ အမေငွေသည် စာတတ်ပေတတ်၊ ဗုဒ္ဓစာပေလည်း တတ်သည်။ မတင်ဝင်းဘဝတွင် အမေငွေသည် အရေးပါခဲ့သည်။ အမေငွေက မတင်ဝင်းကို ဘဝအသိအမြင် **Way of Life** ပေးခဲ့သည်။ လောကနှင့် ဆက်စပ်ပေးခဲ့သည်ဟု စာရေးဆရာမကြီး ဒေါက်တာမတင်ဝင်းက ကောက်ချက်ချခဲ့သည်။ ထို့ကြောင့် အမေငွေအကြောင်း ဆောင်းပါးတစ်နေရာတွင်-

"ကျွန်မရေးခဲ့တဲ့ စာတွေထဲမှာ အမေငွေအကြောင်းတွေ အများကြီးပါပါတယ်။ အမေငွေရဲ့ နံ့သာဖြူ ကရမက်သင်းတဲ့ရင်ခွင်မှာ အိပ်စက်ရင်း၊ ကွမ်းနံ့သင်းတဲ့ အမေငွေနှုတ်ကလာတဲ့ ဇာတ်တော်၊ နိပါတ်တော်စကားများကို နားထောင်ခဲ့ရတာဟာ ကျွန်မကို လူလားမြောက်အောင် ပြုစုပျိုးထောင်ပေးခဲ့တာပါကလားဆိုတာ ကြီးပြင်းလာမှ ကောင်းစွာသိတာပါ"ဟူ၍ မိမိငယ်စဉ်က ပညာရခဲ့ပုံကို ပြောပြထားသည်ကို သတိပြုမိသည်။ ထို့ကြောင့်ပင် ဆရာမကြီး ဒေါက်တာမတင်ဝင်းသည် ယနေ့လူငယ်မောင်မယ်များကို အမေငွေကိုယ်စား၊ အမေငွေထံမှ ရရှိခဲ့သော နိပါတ်တော်လာ စာပေဇဟုသုတတို့ကို အမေငွေပုံပြောဟန် (**Story Telling Method**) ကို အတုယူကာ ကျယ်ကျယ်ပြန့်ပြန့်ပင် ပြောပြနေခြင်းလားဟုတွေးတောမိသည်။ သာဓကအားဖြင့် ပြောရမည်ဆိုပါလျှင်-

- သမီးကို ပြောပြချင်သောပုံပြင်များ (၁၉၉၅)
- မေမေပြောတဲ့ ရှေးရှေးစကား (၁၉၉၇)
- ပလုတ်တုတ်ပုံပြင်များ (၁၉၉၈)
- ငယ်ငယ်က ကြားဖူးခဲ့တဲ့ မိန်းမများအကြောင်း (၁၉၉၈)
- ဝဋ်ဆိုတာ လည်တတ်တဲ့သဘောရှိတယ် (၁၉၉၅)

စသည့်စာအုပ်များကို ဆရာမကြီး ရေးသားခဲ့သည်။

ဆရာမကြီး၏မွေးဖွားရာဇာတိမှာ ဆင်ဖြူကျွန်းမြို့ဖြစ်သည်။ မွေးသက္ကရာဇ်မှာ ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီ ၁၅ ရက်ဖြစ်သည်။ မိခင် ဒေါ်ဒေါ်ရင်မှာ ဆင်ဖြူကျွန်းမြို့သူဖြစ်၏။ ဆရာမကြီး၏ ဖခင်ဦးဘငွေးမှာ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ဇာတိဖြစ်သည်။

ဆရာမကြီး၏ မူလတန်းပညာအစမှာ ဆင်ဖြူကျွန်း အမျိုးသားအထက်တန်းကျောင်းဖြစ်သည်။ ဆရာမကြီး မူလတန်းပညာပြီးဆုံးသောအခါ ရေနံချောင်းမြို့သို့ မိသားစုလိုက် ပြောင်းရွှေ့ခဲ့သည်။

၁၉၅၆ ခုနှစ်တွင် ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ၁၉၅၈ ခုနှစ်တွင် မကွေး ဥပစာကောလိပ်မှ ဥပစာတန်းအောင်မြင်ရာတွင် ပါဠိဘာသာဂုဏ်ထူးရသည်။

၁၉၆၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရသည်။ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပညာရေးမဟာဌာနမှ ပညာရေးဝိဇ္ဇာဘွဲ့ရသည်။ ပညာရေးဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသောကျမ်းမှာ "Leadership Qualatie of the Myanmar Adolescents"ဖြစ်၏။ ၁၉၆၃-၁၉၆၅ ခုနှစ် ရေနံချောင်း အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အထက်တန်းပြ၊ ၁၉၇၀-၁၉၇၂ ခုနှစ် နည်းပြ၊ ပညာရေးတက္ကသိုလ်၊ ၁၉၇၂-၁၉၈၈ ခုနှစ် လက်ထောက်ကထိက၊ ပညာရေးတက္ကသိုလ်၊ ၁၉၈၈-၁၉၉၄ ခုနှစ် ကထိက၊ ပညာရေးတက္ကသိုလ်၊ ၁၉၉၄-၁၉၉၆ ခုနှစ် တွဲဖက်ပါမောက္ခ၊ ပညာရေးတက္ကသိုလ်၊ ၁၉၉၆-၁၉၉၉ ခုနှစ် ပါမောက္ခ၊ သင်ပြနည်းဌာန ပညာရေးတက္ကသိုလ်၊ ၁၉၉၉ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် နှစ်ပြည့်ပင်စင်ယူသည်။

ဆရာမကြီးသည် ၁၉၆၅ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်ထိ ဆိုဗီယက်နိုင်ငံတွင် ပါရဂူဘွဲ့ယူရန် ပညာသင်ဆုရရှိခဲ့သည်။ လီနင်ပညာရေးတက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိခဲ့သည်။ ဆရာမကြီးတင်သွင်းသော ကျမ်းမှာ "Organization and formation of History Text Book for Secondary Schools"ဖြစ်သည်။

**ဆရာမကြီး၏ စာပေ**

ဆရာမကြီး ဒေါက်တာမတင်ဝင်းသည် ပညာရေးတက္ကသိုလ်တွင် သမိုင်းဘာသာရပ်သင်ပြနည်း ဆရာမအဖြစ် နည်းပြဘဝမှ ပါမောက္ခအဆင့်ထိ နှစ်ပေါင်း ၃၀ ခန့် တာဝန်ထမ်းခဲ့သူဖြစ်သဖြင့် သူ၏စာများသည် သမိုင်းဖြစ်ရပ်နှင့် မကင်းသည်မှာ သဘာဝကျသည်။ ဆရာမကြီး၏ စာအုပ်များကို လေ့လာရာတွင်-

- ရာဇဝင်ထဲက မိန်းမသား (၁၉၉၂)
- သမိုင်းစဉ်တွင် နေရာယူခြင်း (၁၉၉၆)
- မင်းကျန်စစ်ကို ချစ်တဲ့သူများ
- နိုင်ငံတကာ စစ်မီးလျှံများ၏သမိုင်းအစ (၁၉၉၃)
- ထင်ရှားသော ကမ္ဘာ့သူခမိန်များ (၁၉၉၇)

စသည်ဖြင့် သမိုင်းဖြစ်စဉ်များကို လေ့လာသုံးသပ်ဝေဖန်ပြသော စာအုပ်များဖြစ်နေသည်ကို တွေ့ရှိသည်။

ဆရာမကြီးသည် ကျောင်းဆရာမ ပီသစွာ၊ လူငယ်များ၏ဘဝ တိုးတက်ကြီးပွားစေချင်သည်၊ နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်လောင်းများ ဖြစ်စေချင်သည့် စေတနာဖြင့် အောက်ဖော်ပြပါ လူငယ်စာပေများကို ရေးသားခဲ့သည်။

- လူငယ်များနှင့် စကားပြောခြင်း (၁၉၉၆)
- အလုပ်နှင့်ဘဝကို တည်ဆောက်ခြင်း (၁၉၉၆)
- အလုပ်ဆိုတာ အင်အားပါ (၁၉၉၇)
- ကြီးပွားသူ၊ ထူးချွန်သူနှင့်အလုပ် (၁၉၉၇)
- အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် မိသားစု (၁၉၉၉)

ဆရာမကြီးသည် အသက်အရွယ်ရလာသောအခါ တရားဓမ္မနှင့်ဆိုင်သော ဗုဒ္ဓစာပေဘက်သို့ ဦးလှည့်လာခဲ့ကြောင်း လေ့လာမိသည်။

၁၉၉၈ ခုနှစ်တွင် ငယ်ငယ်က ကြားဖူးခဲ့သော မိန်းမများအကြောင်း၊ ၁၉၉၉ ခုနှစ်တွင် "ဝဋ်ဆိုတာ လည်တတ်သောသဘောရှိတယ်"နှင့် "မှတ်သားမိသော စကားများ"စာအုပ်များကို ရေးသားခဲ့သည်။ ထိုစာအုပ်များမှာ ဗုဒ္ဓစာပေအကြောင်းအရာများ၊ ကျေးဇူးရှင်ဆရာတော်ကြီးများ၏ ဩဝါဒများကိုအခြေပြု၍ ရေးသားသည်ကို လေ့လာတွေ့ရှိရပါသည်။

၁၉၆၈ ခုနှစ်မှစတင်၍ စာပေနယ်သို့ ဝင်ရောက်ခဲ့ပြီး လုံးချင်းစာအုပ် ၁၁၀ ရေးသားထုတ်ဝေခဲ့သည်။

- ကုန်းဘောင်ကိုဆန်၍ (၂၀၀၁ ခုနှစ်)
- အာရှနိုင်ငံများကို ဖွဲ့ယူသိမ်းယူခဲ့ကြသည့်နယ်ချဲ့များ (၂၀၀၃ ခုနှစ်)
- မင်းယောက်ျားတို့စကားရာဇဝင် (၂၀၀၄ ခုနှစ်) စာအုပ်များဖြင့် အမျိုးသားစာပေဆုရရှိခဲ့ပြီး
- စစ်မီးမငြိမ်း၊ မြက်မစိမ်းနိုင်သည့်မြေ (၂၀၀၈ ခုနှစ်) စာအုပ်ဖြင့် သုတစွယ်စုံစာပေဆုရရှိခဲ့သည်။

ထို့ပြင် ဆရာမကြီးသည် ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အလင်္ကာကျော်စွာဘွဲ့ကိုလည်း ရရှိခဲ့သူဖြစ်သည်။

ဆရာမကြီး ဒေါက်တာမတင်ဝင်းသည် ယခုအခါတွင် ကျန်းမာရေးချို့ယွင်းဖောက်ပြန်သဖြင့် စာပေများ ရေးသားခြင်း၊ ဖတ်ရှုခြင်းမပြုနိုင်တော့ပါ။ သို့တစေ ဆရာမကြီး ဆောက်လုပ်လှူဒါန်းထားသော ပုဂံမြို့ရှိ ကျောင်းဆောင်တွင် အချိန်နှင့်အမျှ တရားဓမ္မကိုကျင့်ကြံကြိုးကုပ်အားထုတ်နေကြောင်း သိရှိရသည်။

ဆရာမကြီးသည် လူငယ်တို့အတွက် စာပေဖြင့် ပညာအမွေကိုပေးခဲ့ရုံမျှမက လောကဓမ္မကောင်းကျိုးဆိုးကျိုးတို့ကို သမိုင်းအမြင်ဖြင့် ယထာဘူတကျကျ သုံးသပ်ရေးသားပြသသွားခဲ့သည်ကို ကျေးဇူးတင်ရမည်သာဖြစ်ပါသည်။

❖ ဆရာမကြီး၏မွေးဖွားရာဇာတိမှာ ဆင်ဖြူကျွန်းမြို့ဖြစ်သည်။ မွေးသက္ကရာဇ်မှာ ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီ ၁၅ ရက်ဖြစ်သည်။ မိခင် ဒေါ်ဒေါ်ရင်မှာ ဆင်ဖြူကျွန်းမြို့သူဖြစ်၏။ ဆရာမကြီး၏ ဖခင်ဦးဘငွေးမှာ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ဇာတိဖြစ်သည်။ ဆရာမကြီး၏ မူလတန်းပညာအစမှာ ဆင်ဖြူကျွန်း အမျိုးသားအထက်တန်းကျောင်းဖြစ်သည်။ ဆရာမကြီး မူလတန်းပညာပြီးဆုံးသောအခါ ရေနံချောင်းမြို့သို့ မိသားစုလိုက် ပြောင်းရွှေ့ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ရေနံချောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ၁၉၅၈ ခုနှစ်တွင် မကွေးဥပစာကောလိပ်မှ ဥပစာတန်းအောင်မြင်ရာတွင် ပါဠိဘာသာဂုဏ်ထူးရသည်။ ❖

**ကိုးကား**

- **ကန်တော့ခံသက်ကြီးစာပေ ပညာရှင်များ၏ အတ္ထုပ္ပတ္တိ**

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

## ဒေါ်ကြည်ကြည်
### အသက်(၉၀)နှစ်

ရန်ကုန်မြို့၊ တိုက်(၈၀)တော်ဝင်အိမ်ရာ၊ မရမ်းကုန်းမြို့နယ်နေ ဦးကျော်ဝင်း(ညွှန်/မှူး-ငြိမ်း) (စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၏ဇနီး၊ (ဦးမင်းအောင်) + ဒေါ်ဖြူဖြူသင်း ၊ ဗိုလ်ချုပ်ကြီးမောင်မောင်အေး + ဒေါ်ဝါဝါသင်း၊ ဦးသင်းမောင်မောင် + ဒေါ်မိုးမြင့်မြင့် တို့၏ အမေ/အဒေါ် ၊ ဗိုလ်ကြီးဇော်လင်းထက် + မအေးမြသင်း ၊ ဗိုလ်ကြီးအေးဖြိုးကျော် + မသိမ့်သဥ္ဇာရဲ ၊ ကိုအေးမျိုးကျော် ၊ ကိုအေးနိုင်အောင်(သားထွေး)၊ မသင်းသဇင်ဖြူ တို့၏အဘွား ဒေါ်ကြည်ကြည် သည် ၂၆-၆-၂၀၂၄(ဗုဒ္ဓဟူးနေ့) ည ၇:၅၀ နာရီတွင် ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၈-၆-၂၀၂၄ (သောကြာနေ့) မွန်းလွဲ ၁:၀၀ နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နေပြည်တော်မှ နေပြည်တော်စစ်သချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု


## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

➤ နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ခံစားရစေပါသည်။

➤ ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။




## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ရန်သူ မီးဘေး တားဆီးရေး မနှေး ဆောင်ရွက်ကြ

# မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၈၈၄၆ ဧက နုတ်သိမ်းပြီးစီး



**မြောင်းမြ ဇွန် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၈၈၄၆ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက မြေပဲ ၈၈၄၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော မြေပဲစိုက်ဧကများကို ယခုနှစ် မတ်လ ဒုတိယပတ်က စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးနုတ်သိမ်းပြီးစီးပြီဖြစ်ပြီး မြေပဲတစ်ဧကလျှင် ၅၉ ဒသမ ၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆီထွက်သီးနှံတွေ စိုက်ပျိုးဖို့အတွက် သီးနှံတွေ စတင်မစိုက်ခင်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် တောင်သူတွေစိုက်ပျိုးတဲ့သီးနှံတွေ အထွက်နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ဓာတ်မြေဩဇာတွေကိုလဲ ပံ့ပိုးပေးဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ချိတ်ဆက်ပေးခဲ့တယ်။ ဓာတ်မြေဩဇာတွေကိုလဲ စိုက်ပျိုးရေးနည်းလမ်းတွေအတိုင်း အသုံးပြုနိုင်ဖို့ နည်းပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းလုပ်ဆောင်ပေးနေပါတယ်။ အထွက်နှုန်းနဲ့ သီးနှံတွေအရည်အသွေးပြည့်မီရေးအတွက်ကိုလဲ ဆောင်ရွက်ပေးခဲ့တယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနက ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင်တွင် ဆီထွက်သီးနှံများအပါအဝင် သီးနှံများအားလုံး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန စသည့်ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံမှ သိရသည်။

**ကျော်ကျော်လင်း**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ဒိုက်ဦး ဇွန် ၂၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သပြေတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးထက်မြတ်မောင်နှင့် ဝန်ထမ်းများက ကျေးရွာတွင်း လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ သပြေတန်းကျေးရွာ၌ တစ်ဖက်လျှင် အရှည် ၁၂၉၄ ပေ၊ အကျယ် နှစ်ပေခြောက်လက်မ၊ အမြင့် ခြောက်လက်မစီရှိသော ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ တစ်နာရီ ရေသန့်ဂါလန် ၂၀၀ ကျော် ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ (နည်းပညာ)က ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း၊ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှ ငွေကျပ် ၁၅ ဒသမ ၄ သန်းအသုံးပြုပြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် မေ ၉ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ သပြေတန်းကျေးရွာရှိ အိမ်ခြေ ၄၂၄ အိမ်၊ လူဦးရေ ၂၁၀၂ ဦးတို့၏ သွားလာရေး လွယ်ကူနေပြီဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးထက်မြတ်မောင်က ပြောပြ၍ သိရသည်။

**ကိုညို**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၆-၆-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၁၉၃။ | ပုသာရိပ်သာကျောင်းဆရာတော် ဦးဣန္ဒာစာရနှင့် တပည့်ဒါယကာ၊ ဒါယိကာမများကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၁၉၄။ | ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ရှိ စာသင်တိုက်ကြီးများမှ သံဃာတော်(၁၆၀)ပါး ကောင်းမှု | ၆၇၆၀၀၀ |
| ၄၁၉၅။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်တင်ညွန့်အားရည်စူး၍ ဦးငွေစိုးနှင့်ဇနီးဒေါ်ဆုယဉ်ကျေး၊ (သား)မောင်ရဲဝဏ္ဏစိုး၊ မောင်ဇွဲစစ်ပိုင်စိုးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၁၉၆။ | ဒေါ်မြင့်မြင့် (၈၃)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၃၀၀၀၀၀ |
| ၄၁၉၇။ | မောင်သုတလင်းသစ် (၇)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၂၀၀၀၀၀ |
| ၄၁၉၈။ | ဦးမြင့်သာနှင့်ဇနီး ဒေါ်သန်းသန်းအေး၊ (သမီး)ဒေါက်တာဇော်ထက်ကျော်နှင့်ဇနီး ဒေါ်အေးစန္ဒီသာ၊ ဒေါ်အေးမြတ်သာမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၄၁၉၉။ | ဦးဝေယံမင်းနှင့်ဇနီး ဒေါ်စိုးစိုးဟန်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၄၂၀၀။ | ဆရာတော် ဦးဥတ္တမကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၀၁။ | ကွယ်လွန်သူ ရဲမှူးကြီးမိုက်ကယ်လှမြင့်ငြိမ်းအားရည်စူး၍ ဒေါ်တင်တင်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၀၂။ | ဦးသိန်းထွန်းနှင့်ဇနီး ဒေါ်တင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၀၃။ | ကွယ်လွန်သူ ဖခင်ကြီး ဦးထွန်းဆွေအားရည်စူး၍ မိခင်ကြီး ဒေါ်ညွန့်ညွန့်နှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၀၄။ | ဦးစိုင်းအိုက်ရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၀၅။ | ဦးစိုင်းအိုက်ပုံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၀၆။ | ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်ခင်ထွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၀၇။ | ဦးအောင်ကျော်ထွန်းနှင့်ဇနီး ဒေါ်သင်းသင်းခိုင် မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၄၂၀၈။ | ဦးဟွန်းဝင်းဂျုံးနှင့်ဇနီး ဒေါ်နွေးနွေးစိုးမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၄၂၀၉။ | ဦးခင်ကိုကိုနှင့်ဇနီး ဒေါ်ခိုင်ဇာလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၁၀။ | ဒေါ်ခင်တင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၁၁။ | ဦးကျော်မင်းထက်နှင့်ဇနီး ဒေါ်တီလာမိုးပိုကြိုင်၊ (သား) မောင်ကောင်းပြည့်အာကာကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၁၂။ | ဆရာတော် ဦးဉာဏနိတ္တရကောင်းမှု | ၅၀၀၀၀ |
| ၄၂၁၃။ | ဦးအောင်မင်းထွေးနှင့်ဇနီး ဒေါ်တင်တင်သိန်း၊ (သား)မောင်စည်သူအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၁၄။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဦးသိန်းမောင်နှင့်ဇနီး ဒေါ်ခင်ခင်၊ ဦးမိုးကျော်နှင့်ဇနီး မအေးမိစံ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၁၅။ | ဦးထွန်းထွန်းဝင်းနှင့်ဇနီး ဒေါ်အေးသန္တာကျော်၊ (သား)မောင်ဟိန်းသန့်၊ မောင်မင်းသန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၁၆။ | ဦးတင်မောင်အေးနှင့်ဇနီး ဒေါ်ခိုင်သန္တာမိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၁၇။ | ဦးစစ်မြိုင်နှင့်ဇနီး ဒေါ်ကြည်ကြည်မြ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၁၈။ | ဦးကျော်သက်နိုင်နှင့်ဇနီး ဒေါ်နန်းယဉ်ယဉ်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၁၉။ | ကိုဝေလွင်ဖြိုးနှင့်ဇနီး မမေသီတာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၂၀။ | ဦးဝေယံထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၂၁။ | ဦးသက်လွင်ငြိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၂၂။ | မောင်သန်းဇော်ဝင်းနှင့်ဇနီး မဇာဇာဝေ၊ (သမီး) မပန်းရောင်ချိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၂၃။ | ဦးစိန်ဝင်းနှင့်ဇနီး ဒေါ်ဆက်ရှိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၂၄။ | ဦးအောင်မြတ်သူနှင့်ဇနီး ဒေါ်အိအိဖြိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၂၅။ | ဒေါ်ခင်သိန်းအေးနှင့် မအိမ့်မွန်ရည်ကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၂၆။ | ဦးဟန်တင်နှင့်ဇနီး ဒေါ်ခင်ညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၂၇။ | ဦးထွန်းမြင့်နှင့်ဇနီး ဒေါ်ကြည်မြရင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၂၈။ | ဦးတင်သန့်ဆွေနှင့်ဇနီး ဒေါ်ပြုံးပြုံးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၂၉။ | ဒေါ်အေးစိုးငယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၀။ | ဦးအောင်လွင်မိုးနှင့်ဇနီး ဒေါ်ခင်သီတာချော၊ (သား) မောင်အောင်သူဟိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၁။ | ဦးဖြိုးကျော်စိုးနှင့်ဇနီး ဒေါ်ရီရီမွန်၊ (သား)မောင်လင်းဖုန်းမြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၂။ | ကွယ်လွန်သူ မောင်ထူးအောင်အားရည်စူး၍ ဦးအောင်ဇော်နှင့်ဇနီး ဒေါ်ကြည်ကြည်ရွှေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၃။ | ရဲမှူးကြီးကောင်းဇေယျာနှင့်ဇနီး ဒေါက်တာကေခိုင်ဆုသွယ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၄။ | နှစ်ဖက်သော ဘိုးဘွား၊ မိဘ၊ ဆွေမျိုးများအားအမှူးထား၍ ဦးအေးကျော်နှင့်ဇနီး ဒေါ်အေးသီတာအောင်ချစ်၊ မောင်ကျော်မိုးထက်၊ မောင်အေးချမ်းမိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၅။ | ဦးတင်မောင်မြင့်နှင့်ဇနီး ဒေါ်ချိုချိုမာ၊ (သား)မောင်ပြည့်ဖြိုးကျော်၊ မောင်ကျော်လင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၆။ | ဦးထွန်းလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၇။ | ကွယ်လွန်သူ ဘိုးဘွား၊ မိဘများအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၈။ | ဦးဇော်ဇော်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၉။ | ဦးရဲမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၀။ | ဦးပန်းငွေနှင့်ဇနီး ဒေါ်နန်းမြတင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၁။ | ဦးအောင်စိုးမိုးနှင့်ဇနီး ဒေါ်စံသက်သက်ဝေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၂။ | ဦးထင်အောင်နှင့်ဇနီး ဒေါ်မီမီခိုင်၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၃။ | မောင်နေဝင်းအောင်နှင့်ဇနီး မနန်းမို့မို့အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၄။ | ဦးထွန်းလင်းနှင့်ဇနီး ဒေါ်နီနီခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၅။ | ဦးထွန်းဝင်းနှင့်ဇနီး ဒေါ်အေးအေးခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၆။ | မောင်တင်အေးနှင့်ဇနီး မဖူးပွင့်ဖြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၇။ | ကွယ်လွန်သူ ဦးသက်ထက်အောင်အားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၈။ | ဦးသူရိန်ဦးနှင့် ဦးသက်ခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၉။ | ကွယ်လွန်သူ ကိုနေဇာချစ်အားရည်စူး၍ ဦးချစ်သိန်းနှင့်ဇနီး ဒေါ်ကြည်ဌေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၅၀။ | ဦးစိုင်းဝဏ္ဏမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၅၁။ | ဦးလှဌေးဦးနှင့်ဇနီး ဒေါ်မြတ်သီတာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၅၂။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၀၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၀၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး၊ အရင်း ပေးဆပ်ရန်ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာ

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သောစီးပွားရေးလုပ်ငန်းများကို ချေးငွေသက်တမ်းတစ်နှစ် (အတိုးနှုန်း၁%)ဖြင့် ၂၀၂၀ပြည့်နှစ်ဧပြီလမှစတင်၍ချေးငွေများထုတ်ချေးခဲ့ပါသည်။ချေးငွေသက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီးနောက် ပထမအကြိမ်ခြောက်လ၊ ဒုတိယအကြိမ်ခြောက်လနှင့် တတိယအကြိမ်တစ်နှစ်နှင့် စုစုပေါင်းသုံးနှစ်ထိ ချေးငွေသက်တမ်းများတိုးမြှင့်ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါတွင် ချေးငွေသက်တမ်းသုံးနှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပြန်လည်ပေးဆပ်ရန် တာဝန်ကျန်ရှိနေသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် ချေးငွေအတိုး၊ အရင်းများကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက် မတိုင်မီ အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**




**Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောပြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

ပြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက်
Customs Duty များ ပေးဆောင်ရာတွင်
MMM Service အသုံးပြု၍
လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။




**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


## ပျောက်ဆုံးကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၇၆လမ်း၊ ၉-၁၀မ်းကြားနေ မောင်စိုင်းဇေရဲနောင် (ဘ) ဦးသီဟရဲနောင် ၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-216850) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၀၀၀၄၈၁၃၅**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပလိပ်(ပညာစံအိမ်)ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-12တွင် ပညာသင်ကြားနေသော မငွေဇင်မြင့်မြတ်(၉/ငဇန(နိုင်)၁၄၂၉၁၃)၏ဖခင် အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကြည်စန်း ဖြစ်ပါကြောင်း။ **ဦးကြည်စန်း(၉/ငဇန(နိုင်)၁၆၁၄၅၅)**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ အထက(ခွဲ) သာထွန်းအေးကျောင်း၊ Grade-11 မှ မယွန်းနဒီနွယ် ၏ဖခင်အမည်မှန်မှာ ဦးနော်မင်းထက် (၁၄/လပတ(နိုင်)၁၄၁၀၀၇) ဖြစ်ပါကြောင်း။ **ဦးနော်မင်းထက်(၁၄/လပတ(နိုင်)၁၄၁၀၀၇)**

## အမည်မှန်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ELC ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်မြတ်သိန်း (၉/မရမ(နိုင်)၀၀၃၇၉၆)၏ သမီး မသုထက်စံ ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မသုတဟန်နီထက် ဖြစ်ပါကြောင်း။

**မသုတဟန်နီထက်**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆင်ဘိုးကျေးရွာတွင် နေထိုင်သူ ဦးသိန်းရွှေ (ဘ) ဦးတင်မောင် ၉/အမရ(နိုင်)၁၇၀၂၅၆ မှ အမရပူရမြို့နယ်၊ ဆင်ဘိုးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၆၇/မင်းတဲကုန်း)၊ ဦးပိုင်အမှတ်(၁၀/၁)၊ ဧရိယာ (၁. ၃၂)ဧကအား ၎င်း၏ကိုယ်စားဆောင်ရွက်နိုင်ရန် အမရပူရမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၄၉)ဖြင့် (၂၅-၈-၂၀၂၂)ရက်နေ့တွင် အမရပူရမြို့ နယ်၊ ဒေါင်းရွေးကျေးရွာတွင်နေထိုင်သူ ဦးထွန်းထွန်းနိုင်(ဘ)ဦးတင်အောင် ၉/အမရ(နိုင်)၀၉၂၇၁၁ အား လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ ၎င်းအားလွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲအပ်စာကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းရွှေမှ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမိုးအောင်(LL.B)၊ တရားလွှတ်တော်ရှေ့နေ**
**ဘုန်းတော်နိုင်ငံရပ်၊အမရပူရမြို့နယ်၊မန္တလေးမြို့။ ၀၉-၉၆၇၅၀၂၈၈၉၊ ၀၉-၇၉၇၄၃၃၀၈၄**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ မြတံခွန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မောင်အောင်ဝေဖြိုး ၏ဖခင်အမည်မှန်မှာ ဦးသိန်းဇော် (၉/မလန(နိုင်)၀၀၂၅၇၆) ဖြစ်ပါကြောင်း။

**ဦးသိန်းဇော် (၉/မလန(နိုင်)၀၀၂၅၇၆)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တံတားဦးမြို့၊ လက်ဆောင်ယူကျေးရွာနေ ကျွန်မ မဆွေဇင်မြင့် ၏ဖခင်အမည်မှာ အိမ်ထောင်စုလူဦးရေစာရင်းမှ ဦးဗိုလ်လေးမြင့် နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မှ ဦးမောင်မြင့် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဗိုလ်လေးမြင့်(ခ)ဦးမောင်မြင့်(၉/တတဉ(နိုင်)၀၇၉၂၆၄)**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ ပညာငွေလမင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မခင်ယုနွယ် ၏ဖခင်အမည်မှန်မှာ ဦးမောင်တုတ် (၉/မလန(နိုင်)၀၇၈၃၆၂) ဖြစ်ပါကြောင်း။ **ဦးမောင်တုတ်(၉/မလန(နိုင်)၀၇၈၃၆၂)**

## ဝန်ထမ်းအလိုရှိသည်

၁။ Computer အခြေခံကျွမ်းကျင် (၂)ဦး
၂။ Delivery (၂)ဦး

လျှောက်ထားလိုသူများသည် စာရွက်စာတမ်းအပြည့်အစုံနှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်၊
လိုအပ်သည်များကို ဆိုင်မှ ပြန်လည်သင်ကြားပေးပါမည်။
ဆက်သွယ်ရန်။ **King Colour Separation**
၃၆လမ်း၊ ၈၄×၈၅လမ်းကြား၊ ၀၉-၉၇၀၀၀၉၇၃၂

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသားညီအစ်ကိုအားလုံး စည်းလုံးညီညွတ်ရေးတို့သည် မိမိတို့ ဦးတည်ရမည့် အမျိုးသားရေးကိစ္စ၊ အမျိုးသားရေး အကျိုးစီးပွားပင်ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်သော (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ငြိမ်းချောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် နေ့အပူချိန်များ

(၂၆-၆-၂၀၂၄)

| | | |
|---|---|---|
| ချောက် | ၃၉ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မိုးမိတ် | ၃၇ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မိုးကောင်း | ၃၆ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၆ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၃၆ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၃ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |

## မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄) ဒုတိယနေ့ စာတမ်းဖတ်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဇွန် ၂၆**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ဒုတိယနေ့ စာတမ်းဖတ်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ဒေါက်တာညွန့်ဖေ၊ ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်များ၏ သုတေသနပြကွက်များနှင့် ဆက်စပ်ဝန်ကြီးဌာနများ၏ ပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် စာတမ်းဖတ်ပွဲများသို့ သွားရောက်ကြည့်ရှုအားပေးရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က

စာမျက်နှာ ၁၉ ကော်လံ ၁☆

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
“ မှန်ဆည် မြန်ဆည် မြဝတီ ”
Internet & Mobile Banking Services
▸Account Transfer
▸Cardless ATM Withdrawl
▸Mobile Topup (Phone Bill)
▸Credit Card Payment
▸Remittance
▸Tax Payment
(01) 2301421, 2317166
Phone No :
(01) 2301367, 2301368,
(01) 2301452, 2301378